
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် • ၅၀၀၇၇၄၀၇၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် • ၅၀၁၀၃၃၀၉၀၇

ထုတ်ဝေခြင်း • ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်
အုပ်ရေ-၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်

ထုတ်ဝေသူ • ဦးကျော်ဟန်း (မစ၁၀) (ယုံကြည်ချက်စာပေ)
အမှတ် - ၁၁၁၊ ၃၃ လမ်း ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ • ဒေါ်အိမွန်သက်လွင် (မြ - ၀၈၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်
အမှတ် - ၁၀၆၊ တာမွေလမ်း
တာမွေကြီး (က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်
ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ • အောင်လွင် (Conqueror)

ကွန်ပျူတာစာစီ • ပန်းအိစံ

ပြင်ပဆက်သွယ်ရေးမှူး • ခိုင်တိုင်းအောင်

ဖြန့်ချိရေးမှူး • မြတ်မာမာမွန်

အတွင်းဖလင် • ကိုသောင်းမြင့်၊ ကိုသော်လင်း။
သစ္စာမွန် (T.S.M)

စာအုပ်ချုပ် • သစ္စာမွန် (T.S.M)

သစ္စာမွန် (T.S.M) Publishing Centre မှ
တာဝန်ယူစီစဉ်ပါသည်။


## အခန်း (၁)

ခန်းမကျယ်ကြီး တစ်ခုလုံးမှာ ရောင်စုံအကွက်တွေပါသော လှပစွာရွေ့လျားလည်ပတ်နေသည့် မီးလုံးကြီးတစ်လုံးသာ ရှိသည်။

စားသောက် စကားပြောသံတို့က ဆူညံခြင်းမရှိဘဲ အားလုံး၏ မျက်နှာများမှာ လည်ပတ်နေသည့် ရောင်စုံမီးရောင်ကြောင့် အနီ အစိမ်း အဝါရောင်စုံ ပြောင်းလဲနေသည်ကို ရင်ခုန်စရာဖြစ်လေသည်။

နှစ်ယောက်သား တစ်ယောက်လက် တစ်ယောက်တွဲ၍ ဝင်လာခဲ့ကြပြီးမှ ခန်းမတစ်ခုလုံးကို ဝေ့ကြည့်ကာ ရှုံ့တွန့်တွန့် ဖြစ်သွားသည်။

ဖိတ်မည့်သူမရှိဘဲ ကိုယ့်သဘောနဲ့ကိုယ် ဝင်လာခဲ့သူနှင့်က ခပ်ပြောင်ပြောင် ခပ်တင်းတင်း။

www.burmeseclassic.com

www.burmeseclassic.com

အထဲရောက်တော့ ကိုယ့်ကိုယ်ကို သိမ်ငယ်သွားသလိုလို လှိုက်ခနဲ နွမ်းလျှသွားသည်။

စားပွဲတိုင်း လူပြည့်နေသည်။

ဒီအခမ်းအနားကို ကျင်းပသော နိုင်ငံခြားကပြား လင်မယားစုံတွဲက စတေ့ချ်စင်ရဲ့ ရှေ့နားမှာ ခြည့်ခံနေကြ၏။

လူစုံသွားပြီလား ရနစ်ကြီးတာလား မသိ။

အဝင်အထွက် အဝနားမှာ မယ်မင်းနဲ့ ပပနှစ်ယောက်က ထင်းထင်းကြီးဖြစ်နေကာ သူမတို့အပြင် ဝင်သူလည်းမရှိ ထွက်လာသူလည်း မရှိ။

"မယ်မင်း. . . ငါတို့ ပြန်လစ်ရအောင်"

ပပက မယ်မင်း လက်ချောင်းကလေးတွေကို ဆုပ်ကိုင်၍ ပြောသည်။

"ဘာလို့လစ်ရမှာလဲ. . . ဝင်လာပြီးမှ ရှက်စရာကြီး"

"ထိုင်စရာမှ မရှိတာ. . . ကိုယ့်ကို ဘယ်သူမှလည်း ခေါ်တာ မမြှောတ်ဘူး"

"ဘယ်သူက ငါတို့ကို သိလို့ခေါ်ရမှာလဲ. . . လာ. . . သွားမယ်"

သူတို့နှစ်ယောက် အကြိတ်အနယ် ငြင်းခုန်နေကြဆဲ မေးရိုးကား နှာတံစင်းစင်းနှင့် မျက်နှာကျပုံ လှနှစ်စွာလှပသည့် ပြင်သစ်ကပြား အမျိုးသမီးက သူမတို့ကို လှမ်းမြင်သွားသည်။



ဒေးခနဲ တစ်ချက်ကြည့်ပြီးမှ ခြုံထားသော ပိုးပဝါပါးကို ပခုံးပေါ် တစ်ချက်ဆွဲတင်၍ လျှောက်ထွက်လာသည်။

မယ်မင်းက နက်ဗွေးသော သူမရဲ့ ကျောပိုးအိတ်လေးကို သိုင်းကြိုးမှ လက်မလေး နှစ်ဘက်တင်ချိတ်ရင်း အမျိုးသမီးကို ပြုံးပြလိုက်သည်။

"ခြည့်ခံပွဲကို တက်တာဆိုရင် ဝင်လာလို့ ရပါတယ်ကွယ်"

မြန်မာသံက မပီချင်။

တစ်ယောက်က ကျောပိုးအိတ်နှင့် တစ်ယောက်က သေးငယ်သော ပိုက်ဆံအိတ်ပြားလေးကိုသာ ကိုင်ထားလျက် မနွမ်းနယ လှည့်တောက်ပစွာ ဝတ်စားပြင်ဆင်ထားတာမျိုးလည်း မဟုတ်သော ခြည့်ခံပွဲကို တက်ရောက်ဖို့လာသည် မဟုတ်မှန်း သိနေမှာဖြ အမျိုးသမီးက သိမ်မွေ့သည်။

မြန်မာသံ မပီသပေမယ့် မြန်မာကိုချစ်၍ မြန်မာလိုအာ ပီသအောင်လည်း ကြိုးစားပြောလိုက်သည်ကို မယ်မင်းက ‹ စွာကြည့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဧည့်ခံပွဲတက်ဖို့ လာတာတော့ မဟုတ်ပါဘူး. . . ဒါပေမယ့် ဧည့်ခံပွဲကို ရောက်လာမယ့် ဧည့်သည် တစ်ယောက်နဲ့ တွေ့ချင်လို့ပါ. . . ကူညီနိုင်မယ်ဆိုရင် အထဲမှာ ခဏထိုင်ခွင့်ပြုပါ"

မယ်မင်းက ပြင်သစ်ဘာသာနှင့် ကျွမ်းကျင်ပီသစွာ ပြန်ပြောလိုက်လျှင် အမျိုးသမီး မျက်ခုံးနှစ်ဘက်မြင့်တက်သွားသည်။

စောစောက မျက်လုံးတို့က ချက်ချင်း အရောင်ပြောင်းသွားကာ ခင်မင်နှစ်ရှိလိုဟန်များ ထင်ရှားပေါ်လွင်လာသည်။

"ဒီ့ ဧည့်သည်တွေ အများကြီး ဖိတ်ထားတယ်. . . မင်းဘို့တွေ့ချင်တာ ဘယ်သူ့ကိုလဲ. . . ဒီထဲမှာရှိနေရင် တစ်ခါတည်း ခေါ်သွားပေးပါ့မယ်. . . "

"ဂျပန်၊ အမေရိကန်၊ ပြင်သစ်နဲ့ ဖက်စပ်ကုမ္ပဏီကြီးမှာ အထူးသာနဲ့ ပါဝင်တဲ့ စက္ကန်းဒါရိုက်တာ "ဦးဩဇာသျှင်"ကို တွေ့ချင်ပါ

"ဩဇာသျှင်. . . စက္ကန်းဒါရိုက်တာ ဩဇာသျှင်ကို. . . "

အမျိုးသမီး အံ့ဩသလို ထပ်၍ရေရွတ်သည်။

"အဲ့ဒီသုံးနိုင်ငံ အဖိက ဒါရိုက်တာ ငါးဦးကို အပေါ်မှာ သတ်ဧည့်ခံနေတယ်. . . ဒါပေမယ့် သူရောက်မလာသေးဘူး"





"ကျွန်မတို့ သူ့ကို စောင့်ချင်ပါတယ်"

အမျိုးသမီးက သူမတို့ကို အားနာသလို တစ်ချက်ကြည့်ကာ ခေါင်းကို ခပ်လေးလေး ညိတ်သည်။

"တွေ့ရမယ်တော့ မထင်ဘူး. . . ဒါပေမယ့် လာဂိုက်ခဲ့ပါ"

သူမက မယ်မင်းတို့ နှစ်ယောက်ကို ထိပ်ဆုံးထောင့်စားပွဲတစ်လုံးဆီ ဦးဆောင်ခေါ်သွား၍ နေရာချပေးသည်။

ဘူဖေးဆိုပေမယ့် သူမကိုယ်တိုင် စားစရာတွေ ယူလာပေးသည်။

ထိုစဉ် အထဲက ထွက်လာသည့် စောစောက သူမနဲ့အတူရှိနေသော အမျိုးသားကြီးက အနားလျှောက်လာကာ. . .

"သူတို့က မင်း ဧည့်သည်တွေလား. . . "

အမျိုးသမီးကြီးကို ပြင်သစ်ဘာသာနှင့် မေးသည်။

အမျိုးသမီးက မယ်မင်းတို့ ပြောသမျှတို ပြန်ပြောပြကာ လှည့်၍မိတ်ဆက်ပေး၏။

"ဒီ့ဧည့်သည်လို့ပဲ ထားလိုက်ပါ. . . ညီမတို့ နာမည်တွေ သိပါရစေ. . . သူက ဒို့ရဲ့ခင်ပွန်း မစ္စတာကင်"

"ကျွန်မက မယ်မင်းပါ. . . သူက ပပဝေ. . . စီးပွားရေးနဲ့ မှုခင်းသတင်းရှာဖွေထောက်လှမ်းတဲ့ အလုပ်လုပ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဪ. . ."

မယ်မင်းက မတ်တတ်ထရပ်၍ ကိုယ့်ကိုယ်ကို မိတ်ဆက်သည်။

အမျိုးသားကြီး မျက်နှာက စိတ်ပျက်အလုပ်ရှုပ်သွားသည့်ဟန်များပေါ်လာကာ မယ်မင်းရဲ့ ဘာသာစကားကျွမ်းကျင်မှုနဲ့ ရှင်းသန့်နေသော မျက်နှာလေးကြောင့် အထင်သေးဖို့လည်း ခက်နေကာ လက်တစ်ဖက် ဆန့်တန်း၍ အင်တင်တင် ပုံစံနှင့် နှုတ်ဆက်သည်။

"မစ္စတာဩြက ဒီညစ်ခံပွဲရဲ့ အဓိက ဧည့်သည်တော်ပါ. . . သူ့ကိုတော့ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး"

"ကျွန်မတို့က လိုချင်တဲ့ သတင်းကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ရအောင် ကြိုးစားမှာပါ. . . ဘယ်သူမှ မပါဝင် မထိခိုက်စေပါဘူး. . . ခုလို ဒီပွဲမျိုးကို သတင်းလာမထောက်သင့်မှန်းလည်း သိပါတယ်. . . ဒါပေမယ့် ဦးဩြဇာသျှင်နဲ့ တွေ့ဆုံဖို့ ဘယ်လိုမှ ကြိုးစားမရလို့ပါ. . . ခွင့်လွှတ်ပါ"

"ဟုတ်တယ်. . . သူတွေ့ချင်မှာ မဟုတ်ဘူး"

ဆိုကာ စိတ်ပျက်သည့် မျက်နှာကြီးနှင့် အဝင်ဝကို တစ်ချက်မျှော်ကြည့်ကာ အထဲပြန်ဝင်သွား၏။

ဧည့်ခံပွဲတစ်ခုလုံး ထပြန်သူမရှိသလို ဝင်လာသူလည်း မရှိပေ။ ဧည့်ခံပွဲဟာ အစည်းအဝေးခန်းမကြီးလို ဖြစ်နေကာ ရှိနေကြသော လူအားလုံးဟာလည်း မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးလုပ်ငန်းရှင်ကြီးများသာ ဖြစ်ကြမည်ကို ဝေ့ဝဲ အကဲခတ်ရင်း မယ်မင်း တွေးနေမိသည်။



ဩြဇာသျှင်. . .

အနီပုဂ္ဂိုလ်ဟာ အင်တာဗျူး လက်မခံ။

သတင်းထောက်တွေကို ရှောင်ရှားတတ်သည်။

ယခု ဝင်လာခဲ့လျှင် ခန်းမကြီးတစ်ခုလုံးကို ဖြတ်ကျော်ကာ အတွင်းခန်း အပေါ်ထပ်ဆီသို့ တောက်လျှောက် တက်ချသွားမည်။

တွေ့ဆုံဖို့ ဘယ်လိုကြိုးစားမလဲ. . .

မယ်မင်းတို့ ခုရောက်လာခြင်းဟာ ဒီပွဲမျိုး တက်ဖူးချင်လို့ စားပွဲတစ်လုံးမှာ ဝင်ထိုင်စားပြီး ထပြန် ဒါနဲ့ပြီးဖို့လား. . .

"ဩြဇာသျှင်. . . ဘယ်လိုပုံသဏ္ဌာန် ဘယ်လိုလူမျိုးလဲဆိုတာ လူသိနည်းတယ်. . . ငါတို့လည်း မသိဘူး. . . ဒါပေမယ့် သူ့ရဲ့သတင်းကတော့ ဘယ်သူမှ နှိုက်မထုတ်နိုင်တဲ့ လူငယ်ဒါရိုက်တာ တစ်ယောက်အဖြစ် နိုင်ငံကျော်နေတာပဲ. . .

. . . အဲဒီတော့ သတင်းထောက်တွေ လိုက်မမှီတဲ့ ဒါရိုက်တာ ဩြဇာသျှင်ရဲ့ ခြေလှမ်းတွေကို သိအောင်ကြိုးစားပါ. . . သူနဲ့တွေ့ပြီး ကိုယ်လိုချင်တဲ့ သတင်းပွင့်တစ်ခု နှစ်ခုလောက်ကို ရနိုင်အောင် ကြိုးစားပါ. . .

သစ္စာမှုန်ဓာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကျွာနယ်မှာ သူ့ရဲ့သတင်းနဲ့ ပတ်သက်တဲ့ ဆောင်းပါးတစ်ပုဒ်လောက် ထည့်လိုက်နိုင်ရင် ရွှေဖြစ်ပြီ. . . "

စီးပွားရေးနဲ့ မှုခင်းဂျာနယ်။

တိုက်နှစ်ခုလုံးမှာ မယ်မင်းက အဓိကလို ဖြစ်နေသည်။

ဘာသတင်းပဲဖြစ်ဖြစ် မယ်မင်း ရှာဖွေလာသမျှဟာ ရွှေဖြစ်သဖြင့် သူဌေးက မယ်မင်းကို အားကိုးသည်။

ထွက်လာတုန်းကလည်း မာန်တက်ခဲ့သော မယ်မင်းခြေလှမ်းတွေ သွက်ခဲ့သည်သာ။

ဒီရောက်လာမှ ဩဇာသျှင်ဆိုသော ပုဂ္ဂိုလ်ရဲ့ ကြီးကျယ်ထည်ဝါမှုကို လက်တွေ့သိရကာ စိုးရိမ်စိတ်လေး ဝင်လာသည်။

"မယ်မင်း. . . ငါတို့လွယ်ပါ့မလား. . . သူ့အထဲဝင်သွားရင် "ဘယ်လိုလိုက်မလဲ. . . "

မယ်မင်း တူနှစ်ချောင်းနှင့် အသားကင်ကို လှမ်းအဖွဲ့ မျက်လုံးတွေက အဝင်ဝဆီ ရောက်သွားသည်။

စကားပြောဖို့ပပကလည်း မယ်မင်းကို မော့အကြည့်တွင် မယ်မင်းမျက်လုံးတွေ စူးနစ်သွားတာ မြင်ကာ ဖျတ်ခနဲ နောက်လှည့်ကြည့်၏။

နှစ်ယောက်သား စကားမပြောဖြစ်ကြတော့ဘဲ အတွေးချင်း





လည်း တူနေကာ နာမည်ထည့်ပြောမသွားသည့် အမျိုးသမီးဆီ ဖြိုင်တူ လှည့်ကြည့်လိုက်မိ၏။

အမျိုးသမီးကလည်း ဝင်လာသူကို မြင်သည်နှင့် သူမတို့ထံ လှမ်းကြည့်လိုက်တာ မြင်လျှင်. . .

"ဟုတ်တယ်. . . မယ်မယ် အဲ့ဒါ ဩဇာသျှင်ပဲ ဖြစ်မယ်"

ပပက မယ်မင်းကို ခပ်တိုးတိုး လှမ်းပြောသည်။

"ဩဇာသျှင်ဆိုလို့ အသက်ငါးဆယ်လောက် ခပ်တောင့်တောင့် ပုံစံမျိုးကြီး ထင်ထားတာ အံ့ဩစရာကောင်းလိုက်တာ"

ပပက မယ်မင်းကို ပြန်ကြည့်၍. . .

"ချောလိုက်တဲ့လူ. . . မယ်မင်း စိတ်ကူးထဲက မေးခွန်းတွေ ပျောက်ကုန်ဦးမယ်နော်"

မီးခိုးရောင် အနောက်တိုင်းဝတ်စုံပေမယ့် နက်ခ်တိုင်မပါ။

ကုတ်အကျီအနက် အရှည်ကြီးကို နောက်ဘက်သိမ်းပို့ကာ ဆက်နှစ်ဘက်ကို ဘောင်းဘီအိတ် နှစ်ဘက်ထဲ သွင်းထားလျှက် ခပ်ကျဲကျဲ လျှောက်လှမ်းလာပုံက ရဲရင့်နေသည်။

ရှေ့ဘက်မှ အပြောင်သိမ်းထားသည့် ဆံပင်တို့က ဂုတ်ထောက်မြင်၍ ပြာလဲ့လဲ့ မျက်မှန်နက်နှင့် ဖြူဝင်းသော အသားကထင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာညြ. . . နောက်ကျတယ်နော်"

လင်မယား နှစ်ယောက်လုံး ထွက်ကြိုကြသည်။

လွှန်စွာ ကြည့်ကောင်းသည့် သူ့ထံမှ စူးနစ်နေကြသည့် မျက်လုံးများကို တစ်ချက်မှ ငဲ့ကြည့်ဖော်မရဘဲ မယ်မင်း စိတ်ကူးထဲကအတိုင်း အတွင်းဘက်ကို တောက်လျှောက် ဝင်ချသွားသည်။

လောင်းကုတ်ရှည်ကြီးနှင့် ဝတ်ရုံကြီး ခြုံထားသလို မြင့်မားသော သူ့အရပ်ကြီးရဲ့ နောက်ကျောကို ငေးကြည့်ကာ မယ်မင်း ဦးနှောက်ကို လျှင်မြန်စွာ အလုပ်ပေးနေမိသည်။

ကြံစမ်း. . . ကြံစမ်း. . . နင်ဘာယ်လိုလုပ်မှာလဲ မယ်မင်း. . .

✻ ✻ ✻ ✻ ✻

## အခန်း (၂)

"ရော့. . . နင် ဒါယူထား"

ပပလက်ထဲကို ကင်မရာပါသည့် ကျောပိုးအိတ် ထည့်ပေးကာ အဘ်ဖမ်းကက်ဆက်ကလေးကို ကိုင်၍ မယ်မင်းက ကားနားမှာရပ်သည်။

"လက်စွဲကျာနယ်က ကိုတိုးဝေကြီး ခေါင်းငိုက်စိုက်တျ ပြန်လာတာ နင်မြင်ခဲ့လား. . ."

"မြင်သားပဲ မြင်လို့ ငါ ဗျူဟာပြောင်းလိုက်တာပေါ့. . ."

ပပက မှတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။

တကယ်ပေးထားသည့် ကားပါကင်နေရာမှာ မဟုတ်ဘဲ မှိန်ပျပျ အမှောင်ရိပ်မှာ ရပ်ထားသည့် ကားနက်ကြီးရဲ့ နောက်မြီးကိုပါ မျက်ခြေင်



www.burmeseclassic.com

www.burmeseclassic.com



လေးကုတ်ကြည့်တာ. . .

"ဒါ. . . သူ့ကားဆိုတာ ဟုတ်ရဲ့လား မယ်မင်းရယ်. . . ဒီနားမှာရှိသမျှ လူတွေက ဩဇာသျှင်ဆိုတဲ့ ပုဂ္ဂိုလ်ကို ထိပါးစေချင်ကြတာ မဟုတ်ဘူး. . .

. . . ငါတို့ကို တမင်လွဲပြောလိုက်တာဆို မှောင်ရိပ်ထဲမှာ. . . ငါတို့ကို ဘာလိုလိုလို ညာလိုလိုထင်ပြီး"

"ဒါ သူ့ကားပါ. . . ဖြစ်နိုင်လို့ ငါလာရဲတာပေါ့"

"ထားပါဦး. . . အဲ့ဒါ သူမလာမချင်း ငါတို့က ဒီမှောင်ပျပျလေးမှာ ရပ်နေတော့မှာတော်ကြာ"

"ဟိုမှာ. . . သူလာပြီ"

"အယ်. . ."

ဝင်လာတုန်းကလည်း တစ်ယောက်တည်း ပြန်ထွက်လာတော့လည်း တစ်ယောက်တည်းပဲ ဖြစ်သည်။

ကားပေါ်မှာ ဒရိုင်ဘာမပါ။

အနားမှာအဖော်မထား။

ညှော်ခံပွဲကို လျှို့ဝှက်စွာလာ၍ ကားကို ချောင်ထဲမှာထိုးကာ သူ့ကိုယ်သူတော့ လူမသိဘူး ထင်ပါလိမ့်မည်။





သို့သော်. . . .

မယ်မင်းတို့နှင့် ခပ်လှမ်းလှမ်း အကွာသို့ ရောက်လာသောအခါ သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။

အရိပ်နှစ်ခုကို စူးစိုက်ကြည့်ကာ တစ်လှမ်းချင်း လျှောက်လာ၏။

"မင်းတို့ ကားနားမှာ ဘာလုပ်နေတာလဲ. . ."

ဩဇာသျှင်ဆိုတဲ့အတိုင်း အသံကလည်း ဩဇာညောင်းပါပေသည်။

မယ်မင်းက ကက်ဆက်ခလုတ်လေးကို နှိပ်၍ ကိုယ်ကိုမတ်မတ် ရပ်လိုက်သည်။

ကားတံခါးကို ဖွင့်ပေးထားမှတော့ မခွာပါ။

"ကျွန်မက မယ်မင်းပါ. . . စီးပွားရေးဂျာနယ်က သတင်းထောက်ပေါ့. . . ကျွန်မ မစ္စတာဩကို မေးခွန်းလေး နှစ်ခုသုံးခုလောက် မေးခွင့်ပြုပါ. . ."

ပွင့်ဟလာသည့် ပါးစပ်ပြန်ပိတ်သွား၏။

ဩဇာသျှင် မယ်မင်းကို မျက်မှောင်ကုတ်၍ စူးစူးရဲရဲ စိုက်ကြည့်သည်။

"တဲ့. . . မင်း ဘာသိချင်တာလဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"မွေ့တာတင်တို့ ဇနီးမောင်နှံ မြန်မာနိုင်ငံကို ရောက်နေတာ ချင်းနဲ့အသယ်လို ဝိတ်သက်နေတယ်ဆိုတာ သိချင်ပါတယ်"

"ဒီမှာရှိနေတဲ့ အဓိက ဒါရိုက်တာ သုံးဦးနဲ့ လာဆွေးနွေးတာ"

မယ်မင်းက ငြိမ့်သက်စွာ စောင့်နေပေမယ့် ဩဇာသျှင်ထံမှ စကားသံက ဒီမှာတင် ပြတ်တောက်သွား၏။

"ဒီ့ထက်နည်းနည်း ပြည့်စုံအောင် ဖြေပေးပါလား ဦးဩဇာသျှင်"

"မင်းမေးတာကို ငါဖြေတယ်လေ. . . မင်းလည်း ရှေ့နေမဟုတ်ဘူး. . . ငါလည်း တရားခံမဟုတ်ဘူး. . . ကဲ. . . နောက်တစ်ခုမေး"

"အဲဒီဒါရိုက်တာ သုံးဦးက လုပ်ငန်းထဲမှာ ရှယ်ယာဝင်တွေ မဟုတ်လား. . .

ဟိုကနေ လာဆွေးနွေးရတယ်ဆိုတော့ ပြဿနာတစ်ခုခု ရှိလို့ ဖြစ်နိုင်ပါတယ်. . . အဲဒါလေး ပြောပြပေးပါ"

"ဒါ. . . ဒုတိယ မေးခွန်းလား. . ."

"စောစောက မေးခွန်းနဲ့ တစ်ဆက်တည်းပါ"

"ဆောရီးပဲ. . . မင်းကို ငါ အဲ့ဒီလောက် အခွင့်အရေး မပေးနိုင်ဘူး"

မယ်မင်း မျက်နှာလေးတင်းသွားသည်။



သို့သော်. . .

"ကောင်းပါပြီ. . . ဒုတိယမေးခွန်းပဲ ထားလိုက်ပါ"

"မြင်သစ်က ကုမ္ပဏီကို ဖျက်သိမ်းဖို့ ဒီကနေ အကြောင်းကြားလိုက်တယ်. . . အဲ့ဒီကိစ္စလာ ဆွေးနွေးတာ"

"သူတို့က မဖျက်စေချင်ဘူးပေါ့"

"ဒါ တတိယ မေးခွန်းလား. . ."

မယ်မင်းက နှုတ်ခမ်းလေးကိုက်၍ မော့ကြည့်သည်။

ဩဇာသျှင်ကလည်း တစ်ချက်မျှ ပျော့ပျောင်းခြင်း မရှိသော မျက်နှာနှင့် ပြန်ကြည့်နေသည်။

"အဲ့ဒီမေးခွန်း ပြန်ရုတ်သိမ်းပါတယ်. . . အခု တွေ့ဆုံဆွေးနွေးပွဲမှာ ဘယ်လိုဆုံးဖြတ်ချက်ချလိုက်သလဲဆိုတာ ပြောပြမှာ"

"လုံးဝ ခွင့်မပြုဘူး. . . မင်းတို့လုပ်စားလို့ရအောင် ငါရဲ့တန်ဖိုးရှိတဲ့အချိန်တွေကို ဖဲ့ထည့်မပေးနိုင်ဘူး ဖယ်"

"ဒီလို ရင့်ရင့်သီးသီး မပြောပါနဲ့ ဦးဩဇာသျှင်. . . ကျွန်မတို့ကလည်း လမ်းဘေးက ပလာတာသည်ကို အလုပ်ရှုပ်ခံပြီး သွားမမေးပါဘူး ဒါ ရှင်ရဲ့အောင်မြင်မှုကို တိုးမြှင့်စေခြင်း တစ်မျိုးပါ. . .

မေးခွန်းလေး တစ်ခုနှစ်ခုလောက် ဖြေပေးရမှာ ရှင် ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သလဲ. . .”

“ဘာကွ”

ဩဇာသျှင် အသံကျယ်သလို ဖြစ်သွားပြီးမှ မချင့်မရဲ ထိန်းချုပ်လိုက်ရဟန်နှင့်. . .

“တောက်. . . အဲဒီလို ဖယားတွေ ရှုပ်လာမှာစိုးလို့ ဒုက္ခများခံပြီး ရှောင်ရှားနေတာတောင်မှ. . .”

“ဖျတ်”

မီးရောင်တစ်ချက် ဝင်းခနဲ ဖြစ်သွား၏။

“ဟာ”

ဩဇာသျှင် ဓါတ်ပုံရိုက်လိုက်သည့် ပပကို ဆတ်ခနဲ လှည့်ကြည့်သည်။

“မင်း. . . မင်း. . . ဘာလုပ်တာလဲ. . . ကာယကံရှင် ခွင့်မပြုဘဲ ဒီလိုလုပ်ခွင့် မရှိဘူးဆိုတာ နားမလည်ဘူးလား. . .”

သူ ရှူးရှူးရှားရှား ဖြစ်သွားသည်။

မယ်မင်းက မျက်နှာရှေ့ ဝဲကျလာသည့် ဆံပင်တွေကို လက်တစ်ဖက်နှင့် ဖြစ်သလို ထိုးလှန်တင်လိုက်ပြီး. . .

“ရှင်ဒီလောက် မာနမကြီးပါနဲ့ ဦးဩဇာသျှင်. . . ရှင့် ဓါတ်ပုံကို





လိုချင်လွန်းလို့ ရိုက်ယူလိုက်တာ မဟုတ်ဘူးဆိုကာ နားလည် ထားစမ်းပါ”

မယ်မင်းကလည်း မာနသံလေး ပါလာသည်။

ဘယ့်နှယ် သူကချည်း ဆတ်ဆတ်ခါ. . .

“ဓါတ်ပုံနဲ့အတူ ရှင့်ရဲ့လုပ်ငန်းလေးအကြောင်း နည်းနည်းပါးပါး ထည့်ခွင့်ပြုပါ. . . ရှင်လည်း လိုတဲ့ခနီး မြန်မြန်ထွက်သွားလို့ရမယ်. . . ကျွန်မတို့လည်း ခုခယယ တောင်းပန်းနေရတဲ့ အလုပ်ပိုတစ်ခု မလုပ်ရတော့ဘူးပေါ့. . .

. . . မိန်းကလေးတွေနဲ့တူပြီး ရှင်အချိန်ကြာကြာ တိုက်ခိုက်နေမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်ပါတယ်”

“ညှိနှိုင်းလို့ မရသေးဘူး. . . မနက်ဖြန် ထပ်ဆွေးနွေးရဦးမှာပဲ. . . မင်းဖယ်တော့”

မယ်မင်း မခံချင်ဒေါသများဖြစ်ကာ ရင်တွေခုန်လာသည်။

ကားတံခါးရှေ့မှ ဆောင့်ခနဲ ရွှေ့ဖယ်ပေး၍. . .

“ဦးဩဇာသျှင်. . . ရှင့်ရဲ့အောင်မြင်မှုတွေကို ကျိုးစာခွေးစာဲတွေးဖို့ဆက်ပြီး လုံအောင်သိမ်းထားပါ”

ဩဇာသျှင်က ကားပေါ် တက်ထိုင်ရင်း သူမကို မော့ကြည့်သည်။

“မင်း ဒေါသသိပ်ထွက်နေရင် အထဲမှာ အိုက်စကရင် သွားအား



www.burmeseclassic.com

www.burmeseclassic.com

ပါလား. . .”

မယ်မင်းက ခါးလေးကုန်း၍ သေချာပြန်ကြည့်တာ. . .

“ရှင်က မေးခွန်းတစ်ခုကို သုံးခါခွဲ ပြောသွားတယ်ဆိုတဲ့အကြောင်းလည်း ကျွန်မက ဝေဝေဆာဆာ ထည့်ပေးလိုက်မှာပါ. . .

. . . ဩဇာသျှင်ဆိုတဲ့ ပုဂ္ဂိုလ်က ကတ်ကတ်သပ်သပ် တွန့်တွန့်တိုတိုနဲ့ ဆောင်းပါးရှင် မိန်းကလေးကို အနိုင်ယူကျော်ဖြတ်သွားနိုင်တဲ့အကြောင်းလေ. . . အရမ်းကို ကျေးဇူးတင်ပါတယ်ရှင်. . .”

ဘက်ဆုတ်ရင်း မီးရောင်အောက် ရောက်သွားပြီဖြစ်သော ဩဇာသျှင်မျက်နှာထက်က မဲ့ပြုံးကို မယ်မင်း လှမ်းမြင်လိုက်ရသည်။

ကိုယ့်မှာ ဖြူစွပြောဆိုခံပြီးမှ ဘာသတင်းမှ မယ်မယ်ရရ မ လိုက်တဲ့ အဖြစ်ကို တနုံ့နုံ့ ခံစားမဆုံး။

“တဲ. . . စိတ်လျှော့လိုက်စမ်းပါ မယ်မင်းရယ်. . . ဒါလောက်ဆိုရင်ပဲ မဆိုးပါဘူး. . . ဟိုတစ်လက ငါတို့ ထည့်ထားတဲ့ ဩဇာသျှင်ရဲ့ တတိယမြောက်ခြေလှမ်းနဲ့ အခုဟာက ဆက်လိုက်ရင် ဩဇာသျှင်နဲ့ ပတ်သက်တဲ့သတင်း ငါတို့ တိုက်ကလိုလိုချည်းပဲ ဖြစ်သွားမှာပါ”

“အဲ့ဒီသတင်းက ငါတို့ သက်သက်စုံစမ်းပြီး ထည့်လိုက်တာပေ အခုဟာက လူကိုယ်တိုင် တွေ့ရသားနဲ့”





“အေးလေ. . . သူဘယ်သူ့ကိုမှ လက်ခံမတွေ့တဲ့ဟာ. . . ဒီလောက်ဖြေသွားတာကို ကျေနပ်လိုက်ပါ”

ဘာပဲဖြစ်ဖြစ် မယ်မင်း မကျေနပ်ပါ။

ဦးနှောက်တွေ ပွထူနေတဲ့အထိ ခေါင်းထဲမှာ ကြံစည်နေဆဲ. . .

✕ ✕ ✕ ✕ ✕



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

၃၉

"ဖုန်းငါးကြိမ်ဝင်တယ် ဆရာ. . . နောက်ဆုံးဆက်တဲ့သူက ဆရာ့ရဲ့ဘွား"

အတွင်းရေးမှူးက ဆီးပြောတာကြောင့် ကျန်တာတွေ မမေးဖြစ်သေးဘဲ ဖုန်းကောက်ကိုင်ရင်း ကုလားထိုင်မှာ ထိုင်ချလိုက်သည်။

"ဟလို. . . ဘွားလား"

"အေး. . . ဘွားဆက်နေတာ. . . မြေးအခု ဘယ်ကပြန်လာတာလဲ. . ."

"ကိစ္စလေးရှိလို့ သံရုံးခဏသွားတာပါ. . . ဘွားဘာမှာမလို့လဲ"

"ဘာမှမမှာဘူး. . . ပြောချင်တာကို မြေးလာတဲ့အထိ မျှော်ပိမ





နေနိုင်လို့ ကောက်ဆက်လိုက်တာ. . ."

ဒေါသဖြစ်ခဲ့သည့် ဘွားရဲ့လေသံက မာနေသည်မို့ ဒေါသမကင်းတော့ဘူးဆိုတာ ဩဇာသျှင် သဘောပေါက်လိုက်၏။

"ဘွားဘာပြောချင်တာလဲ. . . ပြောလေ ဘွား"

"ဟောဒီ ကျုပ်ရှေ့မှာ ဂျာနယ်တစ်စောင်ရှိနေတယ်. . . အထဲမှာ ဘာတွေပါလဲ မြေးသိချင်လား. . ."

"ဘာတွေပါလို့လဲ ဘွားရဲ့"

"မေးမနေနဲ့ လက်တွေ့သိအောင် မြေးခုချက်ချင်း အိမ်ကိုပြန်လာခဲ့"

"ဟာ. . . ကျွန်တော်ခုမှ ရုံးခန်းထဲ ဝင်ရတာ. . . အလုပ်တွေတစ်ပုံကြီး စောင့်နေတယ် ဘွားရဲ့. . . လာလို့မရသေးဘူး. . . တွေ့မှပြောလို့ရမှာဆိုရင် ထမင်းစားပြီးချိန်လောက် ကျွန်တော် ပြန်လာခဲ့မယ်နော် ဘွား"

"ဟေ့. . . သတင်းထောက်တစ်ဦးဆိုတဲ့ မိန်းကလေး တင်ပြထားသလို အချိန်ကို ကတ်သပ်ဈေးဆစ်ပြီး အောင်မြင်မှုတွေနဲ့ လည်ပင်းအစ်နေတဲ့ ပုဂ္ဂိုလ်ဆိုတာလို့ ဘွားကို မြေးဈေးမဆစ်နဲ့. . . ခုချက်ချင်း ပြန် လာဒါ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်လျက် တအံ့တသြ ကျန်ခဲ့သူက ဩဇာသျှင်. . .

ဂျာနယ်ထဲမှာ သူ့အကြောင်း ရေးထားသည်ဆိုပဲ. . .

"အချိန်ကို ကတ်သပ်ဈေးဆစ်ပြီး အောင်မြင်မှုတွေနဲ့ လည်ပင်းအစ်နေတဲ့ ပုဂ္ဂိုလ်"

ဒီစကားလုံးတွေ ထွက်ကျခဲ့ဖူးသော မျက်နှာလေး တစ်ခုကို ဖျတ်ခနဲ သတိရလိုက်၏။

သူမကိုယ်သူမ မိတ်ဆက်ပေးခဲ့ပေမယ့် နာမည်လည်း မသိတော့ပါ။

"ကျွန်မကလည်း ဝေဝေဆာဆာ ထည့်ပေးလိုက်မှာပါ"

ဟု ကြိမ်းမောင်းသွားလိုက်သေးသည်။

အခု လက်တွေ့ထည့်ပြလိုက်ပြီပေါ့. . .

ဘာဂျာနယ် ဘယ်အတွဲထဲမှာလဲဆိုတာ ဘွားပြောမသွားပေ။

ဩဇာသျှင် နေရာမှ ချက်ချင်း ထရပ်လိုက်သည်။

✕ ✕ ✕ ✕ ✕

## အခန်း (၄)

"ဘွားကတော့ သူများနဲ့ ဆန့်ကျင့်ဘက်ပဲနော် မြေး. . . မြေးဒီလို ဂျာနယ်ကျော်ဖြစ်လောက်အောင် အောင်မြင်နေတာ. . . ဘွားလုံးဝကြိုက်ဘူး. . . နာမည်ကျော်ရင် မိန်းကလေးတွေ ဝိုင်းနေတတ်တယ်တဲ့ [illegible]ချင်းတောင်ရှိတယ်. . .

. . . ဘွား အဲဒီလို အဖြစ်မခံနိုင်ဘူး. . . မြေးရဲ့ဖေဖေနဲ့ ဘွားတို့[illegible]က နှစ်ဘက်ပေါင်းမှ မြေးလေးတစ်ယောက်ပဲ မျိုးဆက်ကျန်တာ[illegible]ကာရ မိန်းကလေးတွေနဲ့ ဘွားအဖြစ်မခံနိုင်ဘူး"

"ကျွန်တော်က ခုဘာဖြစ်နေလို့လဲ. . . အဲဒီဂျာနယ်က သ[illegible]မလိုစိတ်နဲ့ရေးတာ. . . ကျွန်တော် ဘယ်သူတွေနဲ့မှလည်း လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးခဲ့တာ မရှိဘူး. . . စိတ်လည်း မဝင်စားဘူး"

"ခု ဟုတ်တယ်လေ. . . နောက်ဝင်စားသွားရင် ဘယ့်နှယ်လုပ် မလဲ. . . မြေးမှာ ဒီလောက် အရည်အချင်းတွေ ပြည့်နှက်နေရင် သမီးရှင် တွေက မျက်စိကျတယ်. . . ကြံစည်တာတွေ လိုက်လျောတာတွေ ပါလာ ရင် မြေးဘာခံနိုင်မှာလဲ. . .

. . . ဘွား အသက်ခုနှစ်ဆယ်နားနီးနေပြီ. . . နောက်ဆ တကောက်ကောက်လိုက်ပြီးတော့လည်း မထိန်းနိုင်တော့ဘူး. . . ထိ လည်း မြေးကျေနပ်မှာ မဟုတ်ဘူး. . . ဘွား စိတ်မချဖြစ်ပြီး အိမ်မှာနေ မရတဲ့ ဒုက္ခကိုလည်း မခံစားချင်တော့ဘူး. . .

. . . အဲဒါကို ဖြေရှင်းဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်. . . ဒီအလု တွေ အားလုံးကို မြေး စွန့်လွှတ်လိုက်တော့"

"ဟာ. . . မဟုတ်တာကြီးကို"

ဩဇာသျှင် မျက်နှာကြီး ညိုမှောင်သွားသည်။

သူ့မှာ မိဘနှစ်ပါးလုံး မရှိတော့သည့်နောက် ဒီအဘွား တစ် ယောက်ကိုသာ တိုးပုံ၍ ချစ်ကြောက်ရိုသေ ဖြစ်ခဲ့ရသည်။

ဘွား မကျေနပ်လျှင် ဗွတ်ရွှေ့တိုးလုပ်ခဲ့တယ်ဆိုတာမျိုး ဘယ တုန်းကမှ မရှိခဲ့ပေ။





ဘွား ပြင်းပြင်းထန်ထန် တားမြစ်လာလျှင် သူနောက်ဆုတ်ရ တော့မှာ ဖြစ်သည်။

သို့သော်. . .

ခုကိစ္စက စတိုးဆိုင်မှာ နှစ်သက်မြတ်နိုးသည့် ပစ္စည်းတစ်ခုကို မလိုတော့၍ ပြန်ချထားခဲ့ရမှာမျိုး မဟုတ်။

"မြေး ဘာတွေ ဆုံးဖြတ်ခက်နေတာလဲ. . . ဘွားတို့မှာ မြေး ဒီလောက် လောဘကြီး ရှာဖွေနေဖို့ လိုသလား. . . မလိုပါဘူးကွဲ. . . ကိုယ့်တစ်သက် ချမ်းချမ်းသာသာ သုံးစွဲလှူဒါန်း သွားလို့ရနေရင် တော် ပြီ ဘွား လောဘမကြီးဘူး. . . မြေးလည်း လောဘမကြီးရဘူး. . . ဘွား တစ်နှစ်အချိန်ပေးမယ်. . . မြေးရဲ့လုပ်ငန်းတွေကို ဖြတ်ချစ်ဖို့ ပြင်ဆင်ပါ"

"မဟုတ်သေးဘူး ဘွား. . . ဒီဂျာနယ်ကိစ္စလေးနဲ့ ဘွား ဒီလိုတား မြစ်တာ သဘာဝမကျပါဘူး. . . ဘွားမှာ ရှိနေတဲ့ ဩဇာသျှင်ဆိုတဲ့ မြေး တစ်ယောက်ဟာ ဘိုးဘွားမိဘ ပစ္စည်းကို ထိုင်စားပြီး အသာလေး ငြိမ့်နေ တဲ့ကောင် ဖြစ်သင့်သလား. . .

. . . ကျေးမွေးမပြတ် ဆောင်ရွက်စီမံဆိုတာ သားသမီး ဝတ္တရားပါ ဘွားရယ်. . . ကျွန်တော့် ခြေတွေလက်တွေ ကြိုးတုပ်ပစ်တဲ့ ပုံစံမျိုးတော့ မလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဘယ့်နှယ်စကားတွေ တက်လှချေလား မြေး ဟင် . . . ဘွားပြောနေတာ ဒါတွေမပါဘူး . . . မြေးကို ဘွား စိတ်မချတာ တစ်ခုပဲ လူတစ်ယောက်မှာ ကျားကျားမမ အရေးကြီးဆုံးက အိမ်ထောင်ရေးပါပဲ ဒီလိုပြောလို့ မြေးကို ဘွားက မိန်းမတစ်ယောက်တော့ဖြင့် မဖြစ်မနေ ရှာပေးစားတော့မယ်လို့ မထင်နဲ့ဦး . . .

. . . စိစဉ်မှာတော့ အမှန်ပဲ . . . မြေးမကြိုက်ဘဲ ဘွား ငွတ်မလုပ်ဘူး . . . မြေးရဲ့အိမ်ထောင်ဘက်ဟာ အရည်အချင်းတွေ ပြည့်နက်ပြီး သိပ်တော်တဲ့မိန်းမ မဖြစ်ရဘူး . . . ယောက်ျားကို ပုဆစ်တုပ် ခံစားပြီး ကျေးလိုကျွန်လို ပြုစုတဲ့ ခပ်နုံနုံ အတာတ မိန်းမမျိုးလည်း မဖြစ်စေချင်ဘူး . . .

. . . ယောက်ျားအတွက် လိုအပ်လာရင် အဖိုးတန်တဲ့ အကြံဉာဏ်မျိုး ပေးနိုင်ရမယ် . . . အကြပ်အတည်း အခက်အခဲ ဖြစ်လာရင် ယောက်ျားနဲ့ တန်းတူလက်တွဲပြီး ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ မိန်းမဖြစ်ရမယ် အမြဲတမ်း ကျက်သရေရှိနေရမယ်"

ဘွား လောဘကြီးနေပုံကို ကြည့်၍ ဩဇာသျှင် စိတ်ညစ်နေမိသည်။

လောကကြီးက ကိုယ်လိုတာမှန်သမျှ ပေးနေတာတ်သလား . . .



"ခု . . . မြေးရဲ့အနေအထားကို ဘွား သိတယ် . . . မြေးကို လူတိုင်း စိတ်ဝင်စားနေကြတယ် . . . စိတ်ဝင်စားလောက်အောင် မြေးမှာ ပြည့်စုံတာလွန်နေတယ် . . . ဘွား မလိုချင်တာ အဲ့ဒီအဖြစ်ကိုပဲ . . .

. . . ပြီးတော့ အလုပ်ပြီးရင် အလုပ်ဖြစ်နေတဲ့ မြေးရဲ့အချိန်တွေကို ဘွား နှမြောတယ် . . . မြေးလေး ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်တွေ ဒီလောက် လုပ်နေရတာ ဘွား မကြည့်ရက်ဘူး . . ."

"ဒါတွေကို ကျွန်တော်က ဝါသနာပါနေတာ ဘွား . . . ဘာပဲဖြစ်ဖြစ် ငါးနှစ်လောက်တော့ ကျွန်တော့်ကို လည်ပတ်ခွင့်ပေးပါ . . . လုပ်ငန်းအားလုံးက တစ်ဦးတည်း အလုပ်တွေ မဟုတ်ဘူး ဘွားရဲ့ . . . မိတ်ဆွေတွေကို ငဲ့ရမယ် . . . အလုပ်သမားတွေကို ညှာရမယ် . . . တိခနဲ ဖြတ်ပစ်လို့ဘာမှ မရဘူး"

"အေးလေ . . . ဘွား တစ်နှစ်ခွင့်ပေးထားတာပ"

"ဘွားပြောသလောက် မလွယ်လို့ပေါ့ ဘွားရယ် . . ."

ပြင်သစ်ကုမ္ပဏီကိုသာ ပြောပြလိုက်လျှင် ဘွား ဘယ်လိုဖြစ်သွားသည် မသိ။

သူ နှုတ်ထွက်မည်ဆိုလိုက်သည်နှင့် ဒါရိုက်တာအဖွဲ့ဝင်တွေ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကာ တားဆီးကြ ဆွေးနွေးကြ သူမှာ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်လေး ရှင်းလိုက်ရသည်။

ဘွားပြောတဲ့အတိုင်း ဘယ်လိုလုပ်မလဲ. . .

တွေ့ဆုံခြင်းက အဖြေမရှိသေးပါဘဲ မျက်နှာတွေ အသီးသီး လွှဲပစ်ကြ၏။

ဘွားက အလျှော့ပေးဖို့ ရည်ရွယ်ချက် မရှိတဲ့ဟန်ကို ထင်းနေအောင်ပြ၍ ထသွားသည်။

ဩဇာသျှင်က ခေါင်းမညိတ်နိုင်သည်မို့ မျက်နှာလွှဲနေသည်၊ အဖြေက ဘာမှန်းမသိ။

✕ ✕ ✕ ✕ ✕



## အခန်း (၅)

"မယ်မင်း ပြန်တော့မလို့လား. . ."

"ပြန်တော့မယ် ဦး. . . မှခင်းဓါတ်ပုံတွေ မနက်ဖြန်ကျမှ ယူလာခဲ့မယ်"

"အေးပါ. . . ဒါကို မေးတာ မဟုတ်ပါဘူး. . . ညည်း မိုးချုပ်နေပြီ. . . ဦးကားယူသွားပါလား. . . မနက်ကျ ပြန်မောင်းလာခဲ့ပေါ့"

"ဦးကရော. . ."

"ဖိုးချိုနဲ့ လိုက်သွားမယ်. . . သူ့ဆီက စာစောင်ယူစရာလည်း ရှိလို့. . . ဒီကောင်က လက်တွေ့လိုက်မှ ရမယ့်ကောင်. . . အဲ့ဒီကနေ သူ့ကိုပဲ ပြန်ပို့ခိုင်းလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်သန်းက ပြောရင်း ကားသော့ကိုပါ လှမ်းပေးသည်။

"ပပ ဘာမှာသွားသေးလဲ ဦး"

"ဘာမှ မမှာသွားဘူး . . . လစာထုတ်ပြီး ပြန်သွားနှင့်ပြီ"

မယ်မင်း ကျောပိုးအိတ်ကလေးကို စွတ်ချလိုက်ပြီး အနည်းငယ် တွန့်တက်နေသည့် တီရှပ်ကို ဆွဲချကာ ကားသော့ယူ၍ ထွက်လာခဲ့သည်။

ဒီနေ့ လစာထုတ်လာခဲ့သည်။

ဆိုင်မှာ စားစရာ တစ်ခုခု ဝင်ဝယ်ရင်း ဘွားလေးနဲ့အတူ အိမ်မှာ စားမည်။ ကိုယ့်အစီအစဉ်နဲ့ကိုယ် ကားကို လမ်းမကြီးပေါ်မှ ဖဲ့ထွက်ကာ ပပနဲ့သူ စားနေကျ ရွှေကြီးကြာ ရက်စတောရင့်ဆီကို ဦးတည်လိုက်သည်။

ဒီဆိုင်လေးက မကြီးကျယ်ပေမယ့် တခမ်းတနားရှိကာ အေး ဆေးမှုလည်း ရှိသည်။

အစားအသောက် အစုံရသလို လက်ရာလည်း ကောင်း၏။

ဆိုင်လေးထဲကိုဝင်ဖို့ ခပ်ကျဉ်းကျဉ်း လမ်းကြားလေးထဲကို ကွေ့ ဝင်လိုက်လျှင် ကားက ခပ်တုံ့တုံ့ ဖြစ်သွားသည်။

နောက်စက်ပါရပ်သွားကာ လမ်းကြားဝမှာ ခပ်စောင်းစောင်း ကန့်လန့်ပုံစံကြီးနှင့် မယ်မင်း ဒုက္ခတွေ့လေသည်။

စက်နှိုးကြည့်သည်။ လက်တွေသာ နာဘာသည်။ ကားကတုတ်





တုတ်မျှ မလှုပ်။

ထိုစဉ် လမ်းထဲမှ ကားတစ်စီး ထွက်လာ၏။

"တီ . . . တီ"

ခပ်လှမ်းလှမ်းကတည်းက ဟွန်းသံပေးလာ၏။

မယ်မင်း ဘယ်လိုလုပ်ရမှန်း မသိဘဲ ကားပေါ်မှာ ချွေးပြန်လာ ၏။

"တီ . . . တီ"

ကားဖြူလေးက မယ်မင်းကားနဲ့ သုံးကိုက်လောက် အကွာမှာ ရပ်တန့်သွားသည်။

ထို့နောက် ကားထဲက ခေါင်းတစ်လုံး ဘေးထွက်လာကာ . . .

"ဟေ့ . . . လမ်းထိပ်မှာ ဘာဖြစ်လို့ ပိတ်ရပ်ထားတာလဲ . . ."

မယ်မင်း ဆတ်ခနဲ ဖြစ်သွားသည်။

အသံရှင်ကို ကမန်းကတန်း လှမ်းကြည့်ဖြစ်၏။

ဩဇာသျှင် . . .

တိုက်ပဲတိုက်ဆိုင်လွန်းပါပေ။

မကျေနပ်ခဲ့သောစိတ်က ထောင်းခနဲ ခေါင်းထောင်ထလာသည်။

"လမ်းလယ်ခေါင်မှာ ဘယ်သူက ပိတ်ရပ်နေပါ့မလဲ . . . မှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်လေး ဘာလေးသုံးပြီး တွေးကြည့်ပါလား. . ."

မယ်မင်း အသံစူးစူးလေးကို ကြားလျှင် ဩဇာသျှင် ပြာလဲ့လဲ့ မျက်မှန်နက်ကို ချွတ်လိုက်တာ တွေ့၏။

ပြီးတော့ ကားတံခါးဖွင့်ကာ ဆင်းချလာသည်။

မယ်မင်းထိုင်နေသည့် ဘေးမှာ လာရပ်ကာ ကိုယ်ကိုနွံ၍ အထဲကို သေချာကြည့်သည်။

"မင်းကိုး. . ."

ဂျာနယ်တစ်စောင်နှင့် သူ့ကို အပြတ်ဖွဲ့ထားသည့် ကောင်မလေး။

ဂုတ်ပေါ်မရောက်တရောက် ဆံပင်တိုလေးတွေက နက်မှောင် ရွှန်းတောက်ကာ ခပ်အုပ်အုပ် ပျော့နွဲ့နွဲ့။

အရင်းထူ၍ အဖျားချွန်သွားသည့် မျက်ခုံးနက်နက်ကလေးတွေက အဖျားမှာ အနည်းငယ် ကော့တက်နေကြကာ မျက်ဝန်းပြာပြာလေးများနှင့် အတော်လေး ကြည့်ကောင်းနေသည်။

မျက်နှာဝင်းဖန့်ဖန့်လေးမှာ ထူပြည့်နေသော နှုတ်ခမ်းလေးက အလှဆုံးဖြစ်သည်။

ထောင့်ချိုးလေးတွေပေါ်ကာ နီမြန်းမြန်းလေး ရှိနေတာဖြစ်လျက် မိန်းကလေးတန်မဲ့ မေးရိုးကားတာလေးလည်း ပေါ်လွင်နေပြန်ကာ ဆ





တောင်းကောင်းခဲ့သည့် မျက်နှာလေး ဖြစ်သည်။

သို့သော် လည်ပင်းနဲ့ လက်တွေမှာ ရောင်စုံပုတီးတွေ လက်ကောက်တွေ ရှုပ်ယှက်ခတ်လျက် တီရှပ်လက်ပြတ်လည်ဟိုက် အဖြူတိုနံ့နံ့လေး ဝတ်ထားပုံကြောင့် ဗရုတ်သုတ်ခ ပုံစံပေါက်နေသည်က စိတ်ပျက်စရာဖြစ်၏။

ဩဇာသျှင်က စူးခနဲ တစ်ချက်စိုက်ကြည့်နေပြီးမှ ကားဆီကို မျက်လုံးရောက်သွားသည်။

"ကားက ဘာဖြစ်လို့လဲ. . ."

"မသိဘူး"

"မသိဘူး ထိုင်နေလို့ ပြီးမှာလား. . ."

"မပြီးတာ သိတယ်လေ. . . ဘာလုပ်ရမှန်းမှ မသိတာ. . . ရှင် ကားပြင်တတ်သလား. . . ပြင်တတ်ရင် ပြင်ပေး. . ."

"ဘာ. . ."

ဩဇာသျှင် မျက်ခုံးတွေ တွန့်ချိုးသွားသည်။

တစ်သက်နဲ့တစ်ကိုယ် တစိမ်းတစ်ယောက်ရဲ့ စေခိုင်းခြင်းကို ကြားဖူးတာ ဒါပထမဆုံး။

မယ်မင်းက ဖြစ်သွားတဲ့ မျက်နှာကြီးကို ခပ်တည်တည်လေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍. . .

"ဟုတ်တယ်လေ. . . အမင်းမှ ကားမပြင်တတ်တာ ရှင်ဒီနေရာက မြန်မြန်ထွက်သွားချင်ရင် ဒီကားကို ပြင်ပေးမှ ဖြစ်မှာပေါ့"

"မင်း. . . ငါလာမယ်မှန်းသိလို့ တမင် လာစောင့်တာတော့ မဟုတ်ပါဘူးနော်"

"နို့"

မယ်မင်း မျက်နှာကို တမင်ရှုံ့မဲ့ကာ ပခုံးနှစ်ဘက်ကိုပါ တွန့်ပစ်လိုက်သည်။

"ရှင့် ကိုယ့်ကိုကိုယ် တော်တော်အထင်ကြီးတာပဲ. . . ရှင့်ကို အလုပ်သဘောနဲ့တောင် ထပ်မပတ်သက်ဖို့ ဆုံးဖြတ်ပြီးသား. . . ကဲ ရှင် မပြင်တတ်ရင်လည်း နေပါ. . . အမင်းလိုပဲ ကားပေါ်မှာ အေးအေးဆေးဆေး သွားထိုင်နေ. . .

. . . နောက်ကားတစ်စီး ရောက်လာရင်. . . အဲ. . . ရှင့်လို မျက်နှာလွှဲခဲပစ် တာဝန်မဲ့စွာ လက်ပိုက်ကြည့်မနေနိုင်တဲ့ လူတစ်ယောက်ပေါ့. . . ရောက်လာရင် ပြီးသွားမှာပါ. . ."

"မင်း တော်တော်လျှာ စောင်းထက်တာပဲ. . ."

ဒေါသစာ ခေါင်းပြူလာပြီမို့ သြဇာသျှင် မျက်နှာတင်းမာလာသည်။



လုပ်ပေးလိုက်ပြန်လည်း တစ်မျိုး။

မလုပ်ပေးပြန်လည်း သူ့ပဲ အလကားကောင် ဖြစ်ရဦးမည်။

"စက်နိုးကြည့်စမ်း"

"နိုးပြီးပြီ. . . မရဘူး"

"ခု ထပ်နိုး"

သြဇာသျှင်က ကားစက်ဖုံးဆီကို လျှောက်သွား၏။

မယ်မင်း နှုတ်ခမ်းကိုမဲ့ကာ သော့ကို ဆောင့်အောင့် လှည့်ပစ်လိုက်လျှင်. . .

"ဒရင်း"

"အယ်"

ကားစက်က တကယ့်အကောင်းကြီး။

မယ်မင်း သော့ကို မလွှတ်မိသေးဘဲ မျက်လုံးလေးပြူးနေသည့် သြဇာသျှင် မျက်နှာ ဖျတ်ခနဲ လှည့်လာ၏။

"ဟိတ်. . . မင်း ဒါနောက်စရာလား ဟင်"

"ဘယ်သူက ရှင့်ကိုနောက်လို့လဲ. . ."

"မင်း. . ."

www.burmeseclassic.com

www.burmeseclassic.com



ဩဇာသျှင် မျက်နှာနီရဲကာ မယ်မင်းနံဘေးကို ချက်ချင်းရောက်လာ၏။

"မင်း ငါ့ကို မကျေနပ်လို့ သက်သက် ဖျတ်လိုက်တာ မဟုတ်လား. . ."

"အို. . . မဟုတ်ပါဘူးလို့ ပြောနေမှပဲ. . . ကားကို လမ်းထဲကွေ့ဝင်လိုက်တုန်း စက်ရပ်ပြီး ခုလို ကန့်လန့်ကြီး ဖြစ်သွားတာ"

မယ်မင်းက ဩဇာသျှင် မျက်နှာတင်းတင်းကြီးကို ဂရုမစိုက်စွာ မျက်စောင်းထိုးပစ်လိုက်သည်။

"ယုံချင်ယုံ မယုံချင်နေ. . . ထပ်ရှင်းမနေနိုင်ဘူး. . . ရှင့်ကားကို ဘေးသွားချ"

"တောက်"

ဩဇာသျှင် မျက်မှန်ပြန်တပ်၍ ချာခနဲ လှည့်ထွက်သွားသည်။ မယ်မင်းက စတီယာရင်ကို တစ်ချက်ထုကာ. . .

"ကားစုတ်. . ."

✱ ✱ ✱ ✱ ✱

အခန်း (၆)

ဂျာနယ်ကို စားပွဲပေါ် ဘုတ်ခနဲ ပစ်ချ၍ ဒေါက်တာအေးချမ်းအောင်က တဟားဟား ရယ်နေသည်။

"မင်းက မယ်မင်းဆိုတဲ့ ဂျာနယ်ကျော်မလေးနဲ့ တွေ့လိုက်တာကိုး ဟား. . . ဟား"

"မင်း သူ့ကို သိလို့လား. . ."

"သိတယ်"

အေးချမ်းအောင်က ရယ်လက်စကို ရပ်၍. . .

"လွန်ခဲ့တဲ့ သုံးလလောက်က တိုးချောင်းကလေးနားမှာ လူသတ်မှုဖြစ်တယ်လေ. . . လူ့သေလောင်းကို ငါတို့ ခွဲစိတ်ခဲ့ရတာ. . . ဒီတုန်း

www.burmeseclassic.com

www.burmeseclassic.com

ဏများ ငါ့ဆီက ဆေးစစ်ချက်ကို မေးလိုက်တာ ခရေစေ့တွင်းကျကွာ...

...ငါဖြင့် အစက သူ့ကို မှုခင်းထောက်လှမ်းရေး အရာရှိ တစ်ယောက်လို့တောင် ထင်လိုက်သေးတာ...ဝတ်ပုံစားပုံကလည်း ပျော့လ်ဖြစ်တယ်...သွက်လည်း သွက်တယ်...ပြီးတော့ ဟဲ ဟဲ...ရုပ်ကလေးကလည်း ချစ်စရာလေး..."

ဩဇာသျှင်က နှုတ်ခမ်း ခပ်ဖိဖိနှင့် တစ်ဖက်လှည့်သွားသည်။

"မင်းက သူလာဈေးတုန်းက အေးဆေး အချိန်မပေးခဲ့ဘူး မဟုတ်လား..."

"ပေးစရာလား...ငါက ရုပ်ရှင်မင်းသားလည်း မဟုတ်ဘူး အဆိုတော်လည်း မဟုတ်ဘူး...ငါ့စီးပွားငါလုပ်တာ ရှုပ်ရှုပ်ယှက်ယှက်"

"အဲ့ဒါကြောင့် မင်းလူပျိုကြီးဖြစ်နေတာ...ဘွားဒေါ်ကြည်စင်က ကိုယ်ပိုင်လွတ်လပ်ခွင့် ရွေးချယ်ခွင့် ပေးထားတာတောင် တစ်ယောက်မှ မစွံဘူး...ဒီလောက် နာမည်ကျော်ပြီးတော့"

"မင်းကရော စွံလို့လား...ဆရာဝန်ကြီး ဖြစ်ပြီးတော့"

"ငါက စွံတယ်...ကြိုက်တာမတွေ့သေးလို့ ရွေးနေတာပါ ရည်းစားနဲ့ အိမ်ထောင်ဆိုတာ တစ်ထပ်တည်း ကျတာနည်းတယ်ကွ...ငါကတော့ အမဝင် ဂွင်မကျမယ့် အိမ်ထောင်ရေးမျိုး မဖန်တီးဘူး"



"အဝင်ဂွင်ကျတာလည်း စိတ်မဝင်စားဘူး...မိန်းမဆိုတာ အနားမှာရှိရင် အမှိုက်တစ်စလို့ပဲ"

အေးချမ်းအောင် မျက်နှာ မအီမလည်ကြီး ဖြစ်သွားသည်။

ဩဇာသျှင်က အေးချမ်းအောင် စကားဆက်လာမည်စိုး၍...

"လာကွာ...အပြင်မှာ တစ်ခုခု သွားစားရအောင်"

"နေပါဦး...အဲ့ဒီမယ်မင်းဆိုတာလေးနဲ့ ငါထပ်ဆုံဖြစ်သေးတဲ့ အကြောင်းပြောဖို့ ကျန်သေးတယ်"

"ပြောမနေနဲ့တော့...ဒီလောက်နေရာတကာပါနေတဲ့ မိန်းကလေး...ဟိုနေရာတွေ့ ဒီနေရာတွေ့ တွေ့တာ ဘာမှမဆန်းဘူး"

"မဟုတ်ပါဘူး...ငါက အဲ့ဒီမယ်မင်းဆိုတဲ့ နာမည်လေးကို သိချင်းကတည်းက စိတ်ဝင်စားနေတာ"

ဩဇာသျှင်က အိတ်ထဲက ဟန်းဖုန်းကိုထုတ်၍ နံပါတ်တွေ နှိပ်ကာ နားမှာကပ်ထားလိုက်သည်။

အေးချမ်းအောင် မျက်နှာကြီးတင်းကာ သူ့ကို မျက်စောင်းထိုးလိုက်တာမြင်လျှင် တစ်ဖက်လှည့် ပြုံးလိုက်မိရင်း...

"ဟလို...ဦးဖြိုးဇော်လား...ဟုတ်ပါတယ်...ကျွန်တော်

သစ္စာမွန်စာပေ

www.burmeseclassic.com



နောက်ကျောဘက်မှာ ဒေါသတွေ ပွားနေမည့် အေးချမ်းအောင် မျက်နှာကို လှည့်မကြည့်ရဘဲ သိနေသဖြင့် သူ့မျက်နှာက အပြုံးက ဆက်လက်တည်ရှိရင်း. . .

✘ ✘ ✘ ✘ ✘

သစ္စာမွန်စာပေ

အခန်း (၆)

လွှန်းတစ်ရာချိတ် ပေဒါရောင် ခပ်ရင့်ရင့် ပေဒါရောင် ပိုးသား အင်္ကျီလက်ရှည် ရင်ဖုံးပွပွကြီး ဝတ်ထားသည့် ဘွားလေးကို လှည့်ပတ်ကြည့်ရင်း မယ်မင်း သဘောကျနေသည်။

"အရောင်က နုပါတယ် အမင်းရယ်. . . ဘွားလေး မဝတ်ရဲပါဘူး"

"ဘာဖြစ်လဲ ဘွားလေးရဲ့. . . ကျန်းမာရေးကောင်းနေတဲ့သူ အသက်ခုနစ်ဆယ်ဆိုတာ သန်တုန်းလှတုန်းရှိသေးတဲ့ဟာ. . . ပြီးတော့ ဘွားလေးက အပျိုကြီးဆိုတော့ ပိုပြီးတော့တောင် နုသေးတယ်. . . ဘွားလေး ပြန်မလဲနဲ့နော် ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်ထောင်အိမ်လုံးချင်း ခပ်သေးသေးလေး။

ခြံကျယ်ကာ ပန်းမန်အစုံ စိုက်ပျိုးထား၍ လှပနေပေမယ့် ပန်းတွေကို ပြုစုသူဟာ အသက်ခုနစ်ဆယ်အရွယ် ဒေါ်ဆွေဇင်ပါဆိုလျှင် လူတိုင်း အံ့ဩသွားကြမည်သာ။

ဒီအိမ်လေးမှာ တစ္ဆေရှိ နှစ်ယောက်တည်း နေသည်။

ဒေါ်ဆွေဇင်ဟာ တက္ကသိုလ်ကထိကဟောင်း တစ်ယောက်ဖြစ်ကား . . .

မယ်မင်းက စီးပွားရေးဂျာနယ်နှင့် မှုခင်းဂျာနယ် နှစ်ခုလုံးမှာ ပါဝင်လှုပ်ရှားနေသည့် သတင်းထောက်လေး . . .

"အမင်း"

"ရှင်"

"ညည်းလေးက ကျုပ်ကို ဘုရားမှာထားပြီး ဘယ်ကိုသွားမှာလဲ"

"ပပဆီကိုပါ ဘွားလေးရဲ့ . . . အလွန်ဆုံးကြာရင် တစ်နာရီလောက်ပဲ"

ဒေါ်ဆွေဇင်က မယုံရဲသလို စူးစိုက်ကြည့်၍ . . .

"ကြည့်လုပ်ပါ မယ်မင်းလေးရယ် . . . ဒီဆိုဟိုရောက်နဲ့ ကျုပ်ဖာသာ တားငှားပြန်ရပေါင်းလည်း များလှပါပြီ"



မယ်မင်းက ဒေါ်ဆွေဇင် ဘုရားသွားမည့်နေ့ဆို အလုပ်ထဲက အားယူလာတတ်သည်။

ဘုရားမှာ ဒေါ်ဆွေဇင်ကိုဝင်မှ ဘုရားကို ဦးသုံးကြိမ်ချပြီးသည်နှင့် ပြီးတော့ ဝင်ခေါ်မယ်နော် ဘွားလေး ဟုဆိုကာ ထွက်သွားတော့သည်။

ပြီးတော့ သတင်းတစ်ခု အကြောင်းထူးလောက်မည် ထင်လျှင် အဲဒီနောက်ကို ချက်ချင်းလိုက် သတင်းရအောင်ယူ။

ကျန်တာ အားလုံးကို မေ့ပါတော့သည်။

သူမ ကျောပေါ်မှာ အသံဖမ်း ကက်ဆက်ရယ် ကင်မရာလေးရယ် ကျောပိုးအိတ်ထဲမှာ သွားလေရာပါနေသည်ကိုက ဘယ်နေရာရောက်ရောက် ခြေရှည်ဖို့ချည်း ဖြစ်နေတတ်၏။

"အမင်းလေး"

ကားပေါ်မှာ ထိုင်မိကြတော့ မယ်မင်းကို ဒေါ်ဆွေဇင်ကို ငုံကြည့်၏ . . .

"စီးပွားရေးဂျာနယ်တစ်ခုကိုပဲ ဝါသနာပါစမ်းပါကွယ် . . . မှုခင်းဂျာနယ်ကြီးက မိန်းကလေးနဲ့ မတန်ရာပါဘူး . . . လူသေကောင်သွားကြည့် . . . ရဲတွေနဲ့ လိုက်တွေ့ရ . . . မှုခင်းသတင်းတွေ ညည်းလိုက်နေတာ ဘွားလေး လုံးဝ သဘောမတူဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ ဘွားလေးကလည်း. . . မေမေတို့ဆူတာ နားမခံနိုင်လွန်းလို့ နားအေးပါးအေး သူနဲ့လာနေမှပဲ စလာပြီ"

"စရမှာပေါ့အေ့. . . ညည်းအဖေနဲ့ ကျုပ်က တည့်တာမဟုတ်ဘူး. . . ကျုပ်နဲ့လာနေတုန်း ခုနေ ညည်းလေး တစ်ခုခုဖြစ်ရင် ဘယ်လိုဖြေရှင်းရမလဲ. . ."

"ဘာမှ ဖြစ်စရာ မရှိပါဘူး ဘွားလေးရဲ့. . . ဘွားလေးဟာလေ အဖိုးကြီးပီပီ သိပ်ပူတတ်တာပဲ. . . ဘိုးဘိုးကြီးဆို မေမေတို့နဲ့ အတူတူနေတာ ဘာမှဆူတယ်လို့ ပြောတယ် မရှိဘူး. . . ဖေဖေကလည်း ဘိုးဘိုးကိုဆို ချစ်ပါ့"

"တော်ပါအေ. . . သူယောက်ျားမကိုတော့ သူချစ်မှာပေါ့. . . ဖ ကလည်း ရေခဲတုံးက အဘခေါ် ရမယ့် လူမျိုး. . . ကျုပ်ကတော့ အမြ မတော်ရင် ပြောမှာပဲ. . . အမင်းရယ် ညည်းကိုလည်း ကျုပ် တကယ် သြပါတယ်. . .

. . . ဖအေရော မအေရော ဆရာဝန်ကြီးတွေ. . . အစ်ကိုကြ ကဆို ဗိုလ်မှူးကြီး တစ်ယောက်. . . ညည်းကျမှ ဘာမှဂုဏ်သိက္ခာမရှိ ပေါက်ကျော်မအလုပ်ကို လုပ်နေရတယ်လို့"

"ဘွားလေးနော်. . . အမင်း ဝါသနာပါတာကို မပုတ်ခတ်နဲ့"



ကားကို ဘုရားလမ်းဘက် ချိုးကွေ့ရင်း မယ်မင်းက နှုတ်ခမ်းစူသည်။

မဟာသိပ္ပံဘွဲ့ယူထားပြီး မဆီမဆိုင် ဝါသနာကြီးနေတာကြောင့် ကိုကြီးကလွဲ၍ ဖေဖေရော မေမေပါ မယ်မင်းကို မကြည်ဖြူပေ။

အငယ်ဆုံး သမီးလေးမို့ ဖူးဖူးမှုတ်မှုတ် ထားချင်ပေမယ့် မယ်မင်းက နုနုရွရွမနေတတ်။

ကျောင်းနေတုန်းကတည်းက မှုခင်းဝတ္ထုတိုတွေ စိတ္တဇဆောင်းပါးတွေ ရေးသည်။

ဘွဲ့ယူပြီးလျှင် စာအုပ်ထုတ်ဝေရေး လုပ်ကာ ကိုယ်တိုင်ရေးဖို့ ထုတ်ဖို့ အားခဲထားတဲ့သူ။

ဒါကြောင့် ဘွဲ့ယူပြီးလျှင် ရန်ကုန်ကို ပြောင်းဖို့ မိဘတွေကို ပူဆာလိုက်ရတာလည်း တတွတ်တွတ်။

"ဘယ်ဖြစ်မလဲ သမီးရယ်. . . နံပါတ်တစ် ရန်ကုန်ကျရင် သမီး အဲ့ဒီ စာအုပ်ထုတ်ဝေရေးတွေ လုပ်မယ်. . . ဒါကို ဖေဖေတို့ သဘောမကျဘူး. . . နံပါတ်နှစ် မိန္တလေးက ဖေဖေ့ရဲ့ မိဘဘိုးဘွားတွေ ခေါင်းချခဲ့တဲ့ ဇာတိချက်မြှုပ်ဒေသ. . . သမီးမေမေ့ကိုတောင် ဖေဖေ့နောက်ပါအောင် ဖေဖေ အတော်ကြီး စစ်ခင်းခဲ့ရတာ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ဇာတိချက်မြှုပ်ဖြစ်တဲ့ ရန်ကုန်မှာပဲ နေချင်မှာပေါ့. . . အဲ့ဒါ ဖေဖေ မတရားတာ"

မယ်မင်းက မကြောက်မရွံ့ ဝေဖန်ခဲ့သည်။

ဘိုးဘိုးကြီးနဲ့ ဘွားလေး မောင်နှမနှစ်ယောက်မှာ ဘွားလေးက အပျိုကြီးဖြစ်သည့်အလျှောက် ငယ်ငယ်ရွယ်ရွယ်နှင့် မိခင်မဲ့ခဲ့ရသည့် မေမေ့ကို ဘွားလေးက တုန်နေအောင် ချစ်သည်။

တက္ကသိုလ်တက်ရင်း ဖေဖေနဲ့မေမေ ဆုံဆည်းခဲ့ပြီး လက်ထပ်ခဲ့ကြတာဖြစ်၏။

မေမေက သာမန်အဆင့်လောက်ပဲ သင့်တင့်ရုံရှိပေမယ့် ဖေဖေက ချမ်းသာသည်။

ဖေဖေ့ကိုလည်း ချစ်သည့်အလျှောက် မေမေ ဖေဖေ့နောက်ပါသွားတော့ ဘွားလေး မကျေနပ်နိုင်ပေ။

ဖေဖေ့အသိုင်းအဝိုင်းနှင့် အတော်လေး အချီအချဖြစ်ခဲ့ကြသေးသည်ဟုဆိုသည်။

မေမေ ကိုကြီးကိုမွေးပြီး ဘွားလေး မန္တလေးကိုရောက်လာသည်။

ချမ်းသာ်လို့ ငါ့တူမလေးကို အနိုင်ပိုင်းယူသွားတာ ဟူသောအမြင်မျိုးရှိထားသည့် ဘွားလေးနှင့် ဖေဖေတို့ စကားပြော အဆင်မပြေဖြစ်



ကြကာ ခဏလေးမျှပင် မျက်နှာချင်းဆိုင်လို့ မရဟု မေမေ ရယ်ရင်း ခဏခဏ ပြောတတ်ပါသည်။

မယ်မင်းကို မွေးပြီးတော့ ကလေးဆေးတိုက်တာချင်း အနိုင်လုပြောကြရင်း. . .

"သမီးရဲ့ ဘွားလေးက မြန်မာဆေးကိုပဲ အားကိုးတာ. . . အင်္ဂလိပ်ဆေးကို လိုအပ်ရင် သုံးဖို့ဆိုတာမျိုးတောင် ခေါင်းထဲမထည့်ဘူးလေ့ ဒီကလည်း ဆရာဝန်ဆိုတော့ ဘယ်အလျှော့ပေးမလဲ. . . သမီးလည်း ဖျားရော ကလေးကို အလယ်မှာထားပြီး စကားများကြပါလေရော"

ဘွားလေး အကြောင်းပြောလျှင် ဖေဖေ့ မျက်နှာ မှုန်ကုတ်ကုတ်ဖြစ်သွားတတ်သလောက် မေမေကတော့ ရယ်နေတတ်သည်သာ။

"ဟဲ့. . . ဘုရားဖူးတော့ဘူးလား. . ."

"အပြန်ကျမှ ဘွားလေးကိုခေါ်ရင်း ဖူးမယ်လေ"

"ညည်းနှယ်နော်. . . ပြောရင်းဆိုရင်းပဲ"

ဒေါ်ဆွေဇင် ငေးညှိထွက်သွားတဲ့အထိ ကြည့်နေပြီးမှ နောက်ပြန်လှည့်ကာ အုန်းသီးအစ်လုံးဝယ်၍ အုန်းရေသောက်သည်။

ပြီးတော့ ပိုက်ဆံပေး ကားသော့ထုတ်၍ လူအုပ်ထဲက ဖြတ်လျှောက်ခဲ့၏။

သစ္စာမှုန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုလပြည့်နေ့ကြီးမို့ လူတွေက ရှုပ်ထွေးနေ၏။

ကားပါကင်ဆီကို ရောက်အောင် မနည်းလျှောက်လာရသည်။

ထိုစဉ်. . .

ဘယ်ဘက်လက်မောင်းကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲထားလိုက်သလို ဖြစ်သွားကာ ကားသော့လည်း လွင့်ထွက်သွား၏။

"ဟာ. . . ကွာ"

နောက်ကို မကြည့်ဖြစ်ဘဲ ခြေထောက်တွေကြားထဲ ပြေးဝင်သွားသည့် ကားသော့ဆီ ပြူးပြဲလိုက်ကြည့်မိဆဲ ထွက်လာသည့် အသံကြောင့် မယ်မင်း ချာခနဲ ပြန်ကြည့်မိ၏။

"ဟင်"

ဩဇာသျှင်. . .

လေးညှင်းရောင် ယောပုဆိုး နုံ့သာရောင်ရှပ်အကျီနှင့် ခပ်ပျော့ပျော့တိုက်ပုံ ဆင်စွယ်ရောင်ကို ဝတ်ထားသည်။

သူ့ရဲ့ ဘယ်လက်က နာရီကြိုးနှင့် မယ်မင်းရဲ့ ဘယ်လက်တဟန်းချိန်းလေး ချိတ်ငြိနေခြင်း ဖြစ်၏။

ဘယ်လိုဖြစ်လို့များ ဒီလူနဲ့မှ ခဏခဏ လာပတ်သက်နေရမှန်းမသိပါ။





ဖြစ်ပုံကကြည့် ဒီလက်ကောက်နဲ့ နာရီ တမင်တော့ချိတ်ပစ်လိုက်တဲ့အတိုင်း. . .

မယ်မင်း သူ့ဆီက အကြည့်ကို ပြန်ရုတ်သိမ်းကာ ကားသော့ပျောက်သွားမှာစိုး၍ ခေါင်းလေးဘယ်ညာ ယမ်းခါနေအောင် ဖွေဝိုက်ရှာလျှက်. . .

"ဟော. . . ဟိုမှာ"

သော့ကတစ်ယောက်ရဲ့ ကန်ချပ်နှင့် ချွင်းခနဲ လွင့်ထွက်သွားသည်။

"ဟာ. . . သော့လေး လှတယ်. . . ဖေကြီး"

ဝက်ဝံရုပ်ကလေးပါသည့် ကားသော့ကို ကလေးငယ်တစ်ယောက်က ပြေးကောက်၏။

"အို. . . ဟဲ့. . . ကလေး. . . ကလေး အဲ့ဒီသော့ကို ကောက်မသွားနဲ့လေ. . . အဲ့ဒါ ဒီက ကားသော့"

အလှမ်းကွာလှသည်မို့ ကားသော့ပါသွားမည်စိုးကာ မယ်မင်းအတင်းတိုးလိုက်သွားသောအခါ လက်ချင်းချိတ်မိနေသော ဩဇာသျှင်ပါ တန်းလန်းကြီး ပါသွားလေတော့သည်။

"ဟိတ်. . . မင်း. . . မင်း ဘာလုပ်တာလဲ ရပ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



မယ်မင်းက သူ့ကိုတစ်ချက်မှ ဂရုမစိုက်ဘဲ လူတွေထဲ အတင်းတိုးဝင်လိုက်နေသည်။

သော့ကိုကိုင်၍ ကလေးက ခုန်ပေါက် ဆော့သွားသည်မို့ လူကြားထဲမှာ ပျောက်သွားလိုက် လှမ်းမြင်လိုက်။

မယ်မင်း ဗျာများနေသမျှ ဩဇာသျှင် ဘာမသိညာမသိနှင့် လက်ကောက်ကိုလည်း ဖြုတ်မရဖြစ်ကာ လူတွေနဲ့ တိုးတိုက်ရင်း ဒေါသတောင်ဖြစ်ချိန် မရတဲ့အဖြစ်။

ရွှေတိဂုံဘုရားပေါ် လှေခါးထစ်များစွာ လှမ်းတက်ခဲ့ပြီးမှ. . .

"ဒီမှာ. . . ဒီမှာရှင့်"

မိသားစု သုံးယောက်ဖြစ်ပုံရသော ကလေးငယ်ကို ခြံရံထားကာ ကလေး ပြေးသလောက် လိုက်ပြေးနေရသော စုံတွဲက မယ်မင်းကို လှည့်ကြည့်ကြသည်။

"ကလေး ကိုင်သွားတဲ့ သော့တွဲလေး ထစ်ဆိတ်လောက် ပြန်ပေးပါရှင်. . ."

"အို. . . ဟုတ်လား. . . အဲ့ဒါ ညီမပစ္စည်းလား. . ."

အမျိုးသမီးက ကလေးလက်ကို အမိအရ ဖမ်းဆွဲကာ အားနာသလို မေးသည်။



"ဟုတ်ပါတယ်ရှင်. . . ကားသော့လွတ်ကျသွားလို့ ပြန်ကောက်. . .တုန်း ကလေး ကောက်သွားတာမြင်လို့ လိုက်လာတာပါ"

"အိုတွယ်. . . အားနာဖို့ ကောင်းလိုက်တာ"

အမျိုးသမီးက ချိတ်ဆက်နေသည့် ပစ္စည်းနှစ်ခုကို သတိမထား. . . မယ်မင်းနဲ့ ဩဇာသျှင် လက်ချင်းတွဲထားသည်ဟု မြင်သွားကာ သူ့ပ. . .သားဘက်ကို လှည့်ကြည့်၍. . .

"အစ်ကိုရေ. . . ဒီမှာကြည့်ပါဦး. . . မောင်လေးနဲ့ညီမကို သား. . .က်လာတဲ့ ကားသော့ နောက်လိုက်လာကြဝ၇တဲ့. . ."

"ဟုတ်ပကော. . . အားနာဖို့ ကောင်းလိုက်တာ. . . အစ်ကိုတို့. . . နောက်ကိုလုံးဝ ပြန်မကြည့်ခဲ့မိဘူး. . . သားအတွက် ညီလေးတို့. . .ောင်နှံကို တောင်းပန်ပါတယ်"

"အို. . . မဟုတ်ပါဘူး"

မယ်မင်း ပျာပျာသလဲ ငြင်းကာ လက်ကိုရှန်းလိုက်မိသည်။

သို့သော် စကားတွေ ထပ်ရှည်နေရမည်စိုးသည့် ဩဇာသျှင်က. . .ကို ဖိတွယ်ထားလိုက်သဖြင့် မယ်မင်း လက်ကောက်ဝတ်လေး တင်းခ. . .ျင်သွား၏။

ကားသော့ကို ဆုပ်ကိုင်လိုက်မိသည်နှင့် ဩဇာသျှင်က ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျဲကြီးများနှင့် လှည့်ထွက်သွားရာ မယ်မင်း ဒရောသောပါး ပြေးလိုက်၍ ပြန်သည်။

"ဦးဩဇာသျှင်. . . ရှင် ရပ်လိုက်နော်. . . ဒီမှာ လက်နာလှပြီ"

ဩဇာသျှင်က လုံးဝမရပ်ဘဲ ချိတ်မိခဲ့သည့် မူလနေရာထိ ပြန် လျှောက်သွားသည်။

လူရှုပ်ရှုပ်ထဲမှာ ခြေစုံရပ်၍ မယ်မင်းကို စူးရဲစွာ စိုက်ကြည့် သည်။

"ရှင်က ယောက်ျားကြီးတန်မဲ့ ကလဲ့စား ပြန်ချေတာပေါ့လေ"

"အဲ့ဒါ မယ်မင်းပေးတဲ့အတိုင်း ပြန်ပေးတာလေ ကလဲ့စား ခေါ်သလား. . ."

"ရှင့်ကို အမင်းက ဘာတွေပေးနေလို့လဲ. . . ကားသော့ပါသွား မှာစိုးလို့ အမှီလိုက်ရတာ ရှင်မမြင်ဘူးလား"

"ဘာပဲဖြစ်ဖြစ်. . . ငါက ဘုမသိဘမသိနဲ့ ငကြောင်ကြီးဖြစ် သွားတာကွ. . . ကြဲကြဲဖန်ဖန် ဖြစ်ပဲဖြစ်တတ်တယ်"

"ဟင်. . . ရှင်က ငကြောင်ထက် ပိုအဆင့်မြင့်တယ် အစ္စ"

"ဟိတ်. . . မင်းပါးစပ်ပိတ်ထားနော်"

"ပိတ်စေချင်ရင် အဲ့ဒါကို မြန်မြန်ဖြုတ်"



'မယ်မင်းက လက်ရေးလိုက်ပါလား. . . ဩဇာသျှင်နဲ့ ပတ်သက်ရင် အဖြင့် ဖြုတ်လို့မရနိုင်။ မှာ အမှန်ပဲ. . ."

"မင်းက ပြိမ်ပြိမ်. ."

ဖွေးနုသော မျက်တာနော်. . . ဩဇာသျှင်လိုလူမျိုးနဲ့ နင်ဒီလောက် သက်ကို လက်သီးလေး ဆုပ်ထူးတာပေါ့. . . တစ်ယောက်နဲ့တစ်ယောက် နီး

ဘယ်နှယ် ဒီမိန်းကာဲနဲ့. . . ဖူးစာမှန်နေတာ ;တာ့ သေချာညာယ်"

ရာတွေချည် ဖြစ်နေရတာလဲ. ဒီလိုလူမျိုးကြီးကို ဘယ်တော့မ ဲ

တွေ့လိုက်တိုင်းလည်း သူ့ကို အနိုင်ယူချင်တဲ့လဲ့နေသေးရဲ့။

✕ ✕ ✕ ✕ ✕

www.burmeseclassic.com

www.burmeseclassic.com



ကျဲကြီးများနှင့် လှည့်ထွက်သွားရာ မယ်မင်း
ပြန်သည်။

"ဦးဩဇာသျှင်. . . ရှင် ရပ်လိုက်ေ

ဩဇာသျှင်က လုံးဝမရပ်ဘဲ ချိတ်
လျှောက်သွားသည်။

လူရှုပ်ရှုပ်ထဲမှာ ခြေစုံရပ်၍ မ

၃)

ျှင်က ယောကျ်ားကြီးတန်

"မှန်မှန်. . . မယ်မင်းပေးတဲ့ ပန်ခံစမ်းပါကွယ်. . . ဒါတိုက်ဆိုင်မှုတော
မဖြစ်နိုင်ပါဘူး. . ."

"ပပနော်. . . လာမနောက်နဲ့. . . ဒီမှာ လက်ကိုမြင်တိုင်း ဒေါ
ထွက်နေတာ. . ."

ယခုတိုင် သွေးခြည်ဥနေသေးသော လက်ကောက်ဝတ်လေး
ပွတ်သပ်ရင်း မယ်မင်း တကယ့်ကို မကျေနပ်နိုင်တာ ဖြစ်သည်။

ကိုယ်က မတော်တဆ. . .

သူက တမင်တကာ. . .

"ဟဲ့. . . နင်နဲ့ ဩဇာသျှင် အဲဒီလိုဖြစ်ကြတာလေးတွေ စုပေါ



ပြီး ဝတ္ထုတိုလေး တစ်ပုဒ်ရေးလိုက်ပါလား. . . ဩဇာသျှင်နဲ့ ပတ်သက်ရင် အားလုံးစိတ်ဝင်စားကြမှာ အမှန်ပဲ. . ."

"လာပြန်ပြီ. . ."

"တကယ်ပြောတာနော်. . . ဩဇာသျှင်လိုလူမျိုးနဲ့ နင်ဒီလောက် တိုက်ဆိုင်နေတာ. . . ကံထူးတာပေါ့. . . တစ်ယောက်နဲ့တစ်ယောက် နီးစပ်မှုရှိတာလည်း မဟုတ်ဘဲနဲ့. . . ဖူးစာမှန်နေတာ တော့ သေချာတယ်"

"ဘာဖူးစာလဲ. . . ဒီလိုလူမျိုးကြီးကို ဘယ်တော့မှ စိတ်ကူးထဲ မထည့်ဘူး. . . မိန်းမတစ်ယောက်ကို အနိုင်ယူချင်တဲ့လူ. . . အရှုံးမပေးနိုင်တဲ့သူ ဘဝင်ရူး'

"ကုန်ပါပြီဟယ်"

"ကင်းဝန်ပုဏ္ဏား နဖူးက အမာရွက်ကိုမြင်တိုင်း သတိရသလို ငါ့လက်က အနာကို သတိရတိုင်း အဲ့ဒီလူကြီးကို မုန်းလိုက်တာ ပြောတောင်မပြတတ်ဘူး"

ပပက ပြုံးစိစိနှင့်. . .

"သွေးခြည်ဥတယ်ဆိုတာ သေရာပါမယ့် ဒဏ်ရာမဟုတ်ပါဘူးတာ. . . ပျောက်သွားရင်ရော. . . ကဲ"

"ပပနော်. . . လူကို တရားခံစစ် လာစစ်မနေနဲ့. . . တော်ပြီ



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအကြောင်း မပြောကြေး"

"ဟင်. . . သူပဲလာပြောပြီးတော့"

"ဘာလာပြောတာလဲ. . . သူပဲ အဲ့ဒီလက်က ဘာဖြစ်တာလဲ မေးပြီး"

ဆတ်ဆတ်ခါ ဖြစ်နေသည့် မယ်မင်းကိုကြည့်ကာ ပပက တခစ်ခစ်ရယ်နေသည်။

"ဘာတွေ သဘောကျနေကြတာလဲ. . ."

ဘွားလေးက ကြောင်ရှာပွင့်သုတ်နယ်ရင်း မယ်မင်းတို့နားမှာလာ ထိုင်သည်။

ပပက ရယ်ရင်းလက်စနှင့် မယ်မင်းကို မျက်စပစ်ပြ၍. . .

"ဟမ်းချိန်းနဲ့ နာရီငြိတဲ့ကိစ္စ ပြန်ပြောပြီး မယ်မင်း ဒေါသဖြစ်နေတာကို ရယ်တာဘွားလေးရဲ့"

"ဟုတ်တယ် ဟုတ်တယ်. . . အဲ့ဒီဟမ်းချိန်းက အတွန့်တွေ အစွယ်တွေနဲ့ ဒီဇိုင်းဆန်းတယ်ဆိုပြီး သူ့မှာ မက်မောလိုက်ရတာလေ. . . တော်ကြာ အထည်နဲ့ငြိလိုက်. . . ပန်းနဲ့ငြိလို့ ပန်းအိုးလဲလိုက်. . . အိပ်ယာဝင် လူကိုထိမှာစိုးလို့ ချွတ်အိပ်ပါဆိုတာတောင် မချွတ်ဘူး. . . ခုပြဿနာဖြစ်လာတော့မှ ချွတ်တော်မူပေတာ"



"အဲဒါ ချွတ်ချင်လို့ မဟုတ်ဘူး ဘွားလေးရဲ့. . . အမှတ်တရ သိမ်းထားတာ"

"ပပ နင့်ကိုငါ ထုမိတော့မယ်နော်. . ."

"ဩော်. . . ဏဲ. . . ဟုတ်တာကိုဆို နာလို့ခံက် အမျက်မထွက်ပါနဲ့ သူငယ်ချင်းရယ်"

"ဏဲ. . . ပြောဦး. . ."

"အာ. . . သေပါပြီ. . ."

"ဟဲ့ ဟဲ့. . . အမင်းနော်. . . ခင်လို့စတာကိုး"

ပပ မျက်နှာလေး ရှုံ့မဲ့နေတာကို ဒေါ်ဆွေဖင် အတော်လေး အားနာသွားကာ မြေးဖြစ်သူကို မာန်မဲလိုက်မိသည်။

ပပက ခစ်ခနဲ ပြန်ရယ်လိုက်၍. . .

"ထုပစေ ဘွားလေး. . . အဲ့ဒါ ရှက်ရမ်းရမ်းတာ"

ပြောရင်းထပြေးကာ ပပက ဗိုက်နှိပ်၍ ရယ်နေသည်။

ဒေါ်ဆွေဖင်ပါ ပြုံးလိုက်မိ၏။

မယ်မင်း ပပကို မျက်စောင်းထိုးကာ တစ်ဖက်လှည့်ပစ်လိုက်သည်။

"ပေး ဘွားလေး. . . အသုတ် သူ့ကိုမကျွေးနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ. . . မကျွေးရင် မပြန်ဘူး. . . ထမင်းစားချိန်ကျ ထမင်းပါစားမယ်. . . ဘွားလေးကျွေးမှာ မဟုတ်လား ဟင်"

"ကျွေးမှာပေါ့ကွယ်"

"တွေ့လား"

မယ်မင်း နှုတ်ခမ်းလေး ပြုံးယောင်သမ်းသွား၏။

"အငတ်မ မိပ" ဆို၍ အသုတ်ပန်းကန်ကို ပြန်ချလိုက်သည်။

"ဟဲ့. . . ငတ်တာ နာမည်ဆိုးပေမယ့် ဗိုက်တော့ဝတယ်"

ပပက ပန်းကန်ကို ကောက်ယူကာ မတ်တပ်ရပ်ရင်းပဲ ငှန်းနဲ့ ခပ်စားပစ်သည်။ လူငယ် နှစ်ယောက်ကို ကြည့်၍ ဒေါ်ဆွေဇင် သဘောကျနေမိ၏။

✕ ✕ ✕ ✕ ✕

အခန်း (၈)

"ဟာ. . . မပြန်ချင်ပါဘူး ဘွားလေးကလဲ. . ."

"မပြန်ချင်လို့ မရဘူးလေ. . . မိဘက ခေါ်တဲ့ဥစ္စာ. . . ပြန်ရမှာ ပေါ့. . . အရေးကြီးလို့ပါတဲ့ဆိုမှ မပြန်လို့ ဖြစ်မလား. . .

. . နောက်တော့မှ ပြန်ချင်ရင် ပြန်လာပေါ့"

"ဘွားလေး မသိပါဘူး. . . အဲ့ဒါ အမင်းကို အိမ်ထောင်ချပေးဖို့ ခေါ်တာ သိလား"

ဒေါ်ဆွေဇင်က သက်ပြင်းတစ်ချက်ချကာ. . .

"ဘွားလေး မသိဘဲ နေမလား. . . ညည်းမေမေ ကျပ်ကို ဖုန်းထဲ ကနေ အားလုံးပြောပြတယ်. . .

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



. . . ညည်းလေး ရန်ကုန်ကို ထွက်လာတာကိုက အိမ်က ယောကျ်ားပေးစားတာကို မလိုချင်လို့ဆိုတာ ဘွားလေးသိတယ်"

မယ်မင်းက ဆတ်ခနဲ ပြန်လှည့်ကြည့်သည်။

ဒါတွေ ဘွားလေးဘာမှ မသိဘူးလို့ သူမ ထင်ခဲ့တာ ဖြစ်သည်။

"အားလုံးသိနေရက်နဲ့ ဘွားလေး. . . အမင်းကို ပြန်လွှတ်တယ် ပေါ့. . .

. . . အမင်းကို ယောကျ်ားယူစေချင်လို့လားဟင်"

"ဟုတ်တယ်. . . လူကြီးကတော့ ဒီလိုပဲ တွေးတာပဲ. . . အမင်းရယ် ညည်းလေး ကလေးမှ မဟုတ်တော့တာ. . . အိမ်ထောင်ပြုသင့်နေတဲ့ အရွယ်ရောက်ပြီပဲ. . .

ပြီးတော့ မိဘဘိုးဘွား မကြိုက်တဲ့ အလုပ်ကို လုပ်နေတယ် အိမ်ထောင်ကျသွားမှပဲ ကျုပ်တို့ စိတ်အေးရမှာ"

မယ်မင်း နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"မယူဘူး. . . လုံးဝကို မယူဘူး. . . အမင်း ဝါသနာပါတာကို တားဆီးလာမယ့် ကိစ္စမှန်သမျှ အမင်းကတော့ ရှောင်မှာပဲ"

"တွေ့လား. . . အဲ့ဒီလို ဂျစ်ကန်ကန် ပြောတတ်ဆိုတတ်တာကို က စိတ်ဏှာမရှင့်ကျက်တာ. . .



. . . ညည်း ကလေးမဟုတ်တော့ဘူးလို့ ပြောပြီးပြီနော်"

"ကလေး မဟုတ်တာနဲ့ပဲ ယောကျ်ားယူရရောလား ဘွားလေးရဲ့ ခမေမေတို့ရော ဘွားလေးရော လုံးဝမတရားဘူး. . .

. . . ကိုကြီးကျတော့ အသက်သုံးဆယ်ပြည့်တော့မယ် မိန်းမ မယူဘူး. . . ငယ်တဲ့သူကျမှ ဒွတ်ကြီးစိစဉ်ကြတယ်"

ယ်မင်း ငိုမဲ့မဲ့လေး ဖြစ်လာတာ မျက်ရည်ဝဲနေရှာသည်။

မေမေ့ကို ပြောရဲဆိုရဲပေမယ့် ဖေဖေ့ကိုတော့ မယ်မင်း ကြောက် ပါသည်။

ဖေဖေ ဒေါသဖြစ်လာလျှင် ရှေ့မှာပင် ကြာကြာရပ်မနေရဲတဲ့ အထိ ဖေဖေကိုယ်တိုင် ရန်ကုန်ဆင်းလာပြီး ဒွတ်ပြန်ခေါ် လက်ထပ်ပေး လိုက်လျှင် သူမ ဘာတတ်နိုင်မှာလဲ. . .

ဒီအလုပ်ကို မလုပ်နဲ့ဆို မလုပ်ပါဘူး မေမေရယ်. . . ယောကျ်ား မယူပါရစေနဲ့လို့ လှည့်ငြင်းရအောင်လည်း ကိုယ့်ဝါသနာကို စွန့်လွှတ်ဖို့က အတော်ခဲယဉ်းနေသည်။

ဘာပဲဖြစ်ဖြစ် နေနိုင်သရွေ့တော့ နေလိုက်ဖို့ ဆုံးဖြတ်ထားလိုက် သည်။

မြေးမျက်နှာပေါ်က အပြောင်းအလဲတွေကို အကဲခတ်နေရင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆွေဇင် သက်ပြင်းချလေသည်။

ဒီသားအမိ သားအဖတွေ ကြားထဲမှာ ဓားစပ်ပေးလို့တော့ရမည် မထင်။

✻ ✻ ✻ ✻ ✻

အခန်း (၉)

အခန်းထဲ ကိုယ့်ဟာကိုယ် သော့ဖွင့်ဝင်ပြီး ပပကိုစောင့်ရင်း နေတောင် အိပ်ပျော်သွားသေးသည်။

နေ့လည် သုံးနာရီကတည်းက စောင့်လိုက်ရတာ ဆက်တီစားပွဲပေါ်မှာ မှောင်ချအိပ်ပျော်သွားပြီ ပြန်နိုးလာတော့ သုံးနာရီလေးဆယ့်

ပပ ဘာလုပ်နေပါလိမ့်။

တိုက်ခန်းတစ်ခန်းလုံးထဲမှာ ပပက ရှစ်တန်းကျောင်းသားတစ်ယောက်နှင့် နှစ်ယောက်တည်းနေသည်။

ဒီနေ့ အင်တာဗျူးတစ်ခု ချိန်းထားသည်မို့ ပပက သူ့ကိုဝင်ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ပြောထားခဲ့သည်။

သော့ရာ မယ်မင်းမှာလည်း ရှိတာမို့ ပပဆိုကို သူမဘယ်အချိန် ဖြစ်ဖြစ် ဝင်ထွက်နိုင်လေသည်။

ပပလုပ်နေပုံနဲ့ အင်တာဗျူး နောက်ကျတော့မည် ထင်သည်၊

သို့သော်. . .

ရောက်အောင်တော့ လာမှာပဲဆိုတာ သိသောကြောင့် မယ်မင်း နေရာမှထကာ စားပွဲပေါ်မှာ တင်ထားသည့် ကျောပိုးအိတ်လေးကို ကောက်ယူဇစ်ဖွင့်လျက် တိုက်ရဲ့ဘေးဘက်ဝရံတာဆီသို့ ထွက်လာခဲ့ သည်။

အပျင်းပြေ ပတ်ဝန်းကျင်ကို မျှော်ကြည့်နေလိုက်ဖို့ မှန်ဘီလူး လေးကို ထုတ်ယူလိုက်၏။

ကျောပိုးအိတ်ကို ဝရံတာထောင့်က ပန်းအိုးလေးပေါ် အသာ တင်ကာ တိုက်ခန်းရဲ့ ပတ်ဝန်းကျင်မှာ ရှိသမျှ အထပ်ပေါင်းများစွာနှင့် တည်ဆောက်ထားသော တိုက်ကြီးများကို မှန်ဘီလူးလေးနှင့် လိုက်ကြည့် နေမိလေသည်။

တိုက်ခန်းတစ်ခန်းရဲ့ တတိယထပ် ဝရံတာမှာ ဖြူဖွေးဝင်း သော တလေးမလှလှလေး တစ်ယောက် ဖြူစွတ် သော ကြောင်လေးတစ် ကောင်ကို ဖက်တွယ်ရင်း စကားတွေ တတွတ်တွတ် ပြောနေသည်ကို တွေ့၏၊



ချစ်စရာကောင်းလိုက်တာ. . .

မယ်မင်းကြီး အကြာကြီး ချိန်ကြည့်နေမိသည်။

အတန်ကြာမှ မှန်ဘီလူးကို ဟိုဒီရွှေ့ကြည့်လိုက်မိသည်။

လှေခါးမှောင်မှောင်ရဲ့အစပ်မှာ စုံတွဲတစ်တွဲ။

ကောင်မလေးရော ကောင်လေးပါ လွယ်အိတ်လေးတွေ လွယ် ထားလျက် ကောင်မလေးက လွယ်အိတ်ကလေးကိုပိုက်၍ ခေါင်းငုံ့နေ ကာ ကောင်လေးက ရယ်ကျဲကျဲနှင့် ငုံ့ကြည့်ကာ စကားတွေ ပြောနေသည်။

မယ်မင်း ပြုံးလိုက်မိသည်၊

ဒီနည်းက မဆိုးပါလား. . .

အဲပွင်းတော့ ပြေသားရယ်. . .

နောက်တစ်နေရာ ရွှေ့လိုက်တော့ မှန်ကိုထိုးဖောက်၍ မြင်ရ သည်က သမီးရည်းစားလား လင်မယားမသိ။

ညှော်ခန်းဆိုဖာပေါ်မှာ နှစ်ယောက်ပူးကပ်ထိုင်ကာ. . .

“ဒုက္ခပါပဲ”

မယ်မင်း ရှက်ရှက်နှင့် မှန်ဘီလူးကို ချက်ချင်း နေရာရွှေ့ပစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

ဘာရယ်မဟုတ်ဘဲ မှန်ဘီလူးကို ဟိုဒီလျှောက်လှည့်ကြည့်နေရင်း. . .

“ဟင်”

မှန်ဘီလူးကိုင်ထားသည့် လက်တွေ တင်းခနဲ ဖြစ်သွား၏။

မယ်မင်း ရပ်နေသည့် အခန်းနှင့် ခါးလွယ်ခုတ် နေရာလောက်မှာ မြင့်မားသော ကွန်ဒိုကြီးတစ်ခု၏ ပဉ္စမထပ် အစွန်းခန်းမှာ အရိပ်နှစ်ရိပ်. . .

မယ်မင်း မျက်လုံးတွေ ပြူးထွက်လာမတတ် တအားစိုက်ကြည့်လိုက်မိသည်။

အနီးကပ်ဆွဲထားသော မှန်ဘီလူးထဲမှာ တစ်ယောက်သည် အမျိုးသမီးဖြစ်ကာ ခါးထိရှည်သော ဆံပင်တွေက ဖားလျားပြန့်ကျနေသည်။

တစ်ယောက်က ယောကျ်ား။

ဆံပင်ဘုတ်သိုက်ဖားဖား အရပ်မြင့်မြင့်ကြီးနှင့် အမျိုးသမီး၏ လည်ပင်းကို တအားညှစ်နေတာဖြစ်သည်။

အမျိုးသမီး ရုန်းကန်နေသဖြင့် အရိပ်တွေက ယိမ်းထိုးကာ ရှေ့



တိုးနောက်ငင် လှုပ်ရှားနေကြ၏။

ကြည့်နေဆဲမှာပင် အမျိုးသမီးက လူကြီးလက်ထဲမှာ ပျော့ခွေကျသွားသည်။

မယ်မင်း ရင်တွေတဒိန်းဒိန်းခုန်ကာ အာခေါင်တွေ ခြောက်လာ၏။

ဒါ လူသတ်နေတာ. . .

သူမ ဘာလုပ်ရမလဲ. . .

ရုတ်တရက် ကင်မရာကို သတိရကာ ကင်မရာကို ပြေးထုတ်လိုက်သည်။

ကင်မရာတစ်ဖက် မှန်ဘီလူးတစ်ဖက်နှင့် ပြန်ကြည့်လိုက်တော့ ခန်းကာမှ ကြိုးတစ်ချောင်းကို အပေါ်တက်၍ ချည်နှောင်နေသည်မသိ။

ဒီလူကြီး ဘာလုပ်ဖို့ပါလိမ့်. . .

အလောင်းဘယ်ရောက်သွားသလဲ. . .

တစ်စောင်းအနေအထားနှင့်မို့ လူကြီးမျက်နှာက ထောင်ကားနေသည့် နှုတ်ခမ်းမွေးတို့ကို မှန်ဘီလူးထဲမှာ မြင်နေရသည်။

သူမကြည့်နေစဉ် လူကြီးမျက်နှာ ပြန်ပျောက်သွား၏။

သို့သော် ချက်ချင်းပြန်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာ ပျော့ခွေနေသော အမျိုးသမီးအလောင်းပါလာ၏။

လူကြီးက ပန်ကာမှာချိထားသည့် ကြိုးတန်းလန်းက ကွင်းလျှောမှာ အမျိုးသမီးရဲ့ခေါင်းကို ထည့်၍ လွှတ်ချလိုက်လျှင် ကြိုးက တင်းကျပ်သွားကာ အမျိုးသမီးက ကြိုးဆွဲချသေသွားသည့်ပုံမျိုး ဖြစ်သွားလေသည်။

အကြံကြီးကြံ၍ သတ်သည့် လူသတ်သမားပါလား. . .

မခံချင်စိတ်နှင့် ကင်မရာကို ဆွဲချိန်လိုက်သည်။

မှန်ဘီလူးလောက် ရှင်းရှင်းကြီး မမြင်ရပေမယ့် အနီးကပ်ဆုံးဆွဲချိန်ယူလိုက်သည်။

အလောင်းကို တစ်ချက်စိုက်ကြည့်ကာ လူကြီးမျက်နှာ ဒီဘက်ပြန်လှည့်လိုက်သည်နှင့် မယ်မင်း အမိအရ ရိုက်ယူလိုက်သည်။

ဖျတ်ခနဲ ဝင်းထိန်သွားသည့် မီးရောင်ကြောင့် လူကြီးကိုယ်မင်ခနဲဖြစ်သွားသည်။

ဝရံတာဘက် ချက်ချင်း ပြေးထွက်လာ၏။

"ဖျတ်"

မယ်မင်း သေသေချာချာကြီးကို ရိုက်ယူလိုက်ပြန်သည်။

အလှမ်းမဝေးလှသည့် အကွာအဝေးမှာ လူကြီးမျက်နှာပေါ်



အေးစက်တင်းမာမှုများကို ပို၍ထင်ရှားစွာ မြင်လိုက်ရသည်။

မယ်မင်းက ခပ်ရဲရဲ ပြန်စိုက်ကြည့်ကာ နှုတ်ခမ်းတွေကို စေ့ထားလိုက်၏။

ကြိုးတန်းလန်းနှင့် ဒီလူကြီးမျက်နှာ ဓါတ်ပုံထဲမှာ တွဲလျက်ပါသွားပြီ။

ရှင်ကြီး ဒီလူသတ်မှုကို ဘယ်လိုမှ ဖုံးမရနိုင်တော့ဘူး။

စိတ်ထဲက ကြိမ်းဝါးနေမိဆဲ လူကြီးက ဝရံတာကို လက်သီးဆုပ်ကြီးနှင့် တစ်ချက် ဆောင့်ထုကာ ချာခနဲ လှည့်ဝင်သွားသည်။

ပထမတော့ မယ်မင်း သဘောမပေါက်ပေ။

မှန်ထဲက လှမ်းမြင်နေရသည့် ဒုတိယလှေခါးအဆင့်မှာ လူကြီးရောသောပါ ပြေးဆင်းလာတာ မြင်လိုက်ရမှ တစ်ကိုယ်လုံး ထူပူသွားလေသည်။

ဒီလူကြီး ငါ့ဆီလာတာများလား. . .

ရင်တဒိတ်ဒိတ် ခုန်လာကာ ငုံ့စိုက်ကြည့်နေမိဆဲ လူကြီးတိုက်အထပ်များရဲ့ အောက်ဆုံးရှေ့မှာ ထွက်ရပ်လာတာ မြင်လိုက်ရသည်။

ဟော ဒီဘက်ကူးပြေးလာပြီ။

မယ်မင်း ကင်မရာကို ကျောပိုးအိတ်ထဲထည့်ကာ ဖ[illegible]ဖွင့်

www.burmeseclassic.com

www.burmeseclassic.com

သတိမရတော့ဘဲ ကပျာကယာ လှည့်ပြေးသည်။

"ဟို. . . မဟုတ်ပါဘူး"

အခန်းတံခါးကို ပြေးကိုင်မိပြီးမှ သူမ ဆင်းပြေးလျှင် တက်လာမည့်လူကြီးနှင့် ရင်ဆိုင်တိုးတော့မည်ကို တွေးမိကာ တံခါးကိုအတွင်းမှဂျက်ချပိတ်ပစ်လိုက်သည်။

ဒါဆို လုံပြီမလား. . .

မလုံနိုင်ဘူး. . . ဝရံတာဘက်ကူးပြီး မှန်တံခါးကို ဆွဲဝင်လာရင် ဘယ်လိုလုပ်မလဲ. . .

ဒီလူကြီး ငါ့ကို နှုတ်ပိတ်တော့မှာ။

မယ်မင်း ကြက်သီးဖျန်းဖျန်းထကာ အခန်းထဲမှာလည်း မနေရဲတော့ဘဲ ဝရံတာဘက် ပြန်ပြေးခဲ့ရပြန်သည်။

ကြံစမ်း မြန်မြန်လုပ် နောက်မှာလာနေပြီ။

မယ်မင်း ကြောက်စိတ်မွှန်ကာ ဝရံတာကို ခွကျော်လိုက်သည်။

အောက်ဖက်မှာ ခပ်နိမ့်နိမ့် ရှိနေသည့် အုတ်ကြွပ်မိုးတစ်ခုပေါ် မျက်စိမှိတ်၍ ခုန်ချလိုက်၏။

အကွာအဝေးက သိပ်မရှိပေမယ့် အုတ်ကြွပ်မိုးပေါ် ကနေများ ထပ်ချော်ကျလိုက်လျှင် အောက်ဖက်မှာ သုံးထပ်မြင့်နေသေးသည့် တိုက်



နှစ်လုံးကြားထဲက သွပ်စအဆွေးအမြေ့ သံပုံးသံခွက်တွေ စုပုံထားရာသို့။

မြေထောက်မှာ ဖျတ်ခနဲ နာကျင်သွားသည်။

သို့သော် မယ်မင်း အတင်းထရပ်ကာ ဝရံတာကို ဖက်တွယ်၍ တစ်ဖက်တိုက်ပေါ် ရောက်အောင် ကြိုးစားပမ်းစား တက်သည်။

ရောက်သည်နှင့် စေ့ထားသည့် အခန်းတံခါးကို ဆွဲဖွင့်ဝင်လိုက်၏။

အထဲတွင် ကစားစရာများနှင့် ဆော့နေကြသော ကလေးငယ်နှစ်ယောက်သာရှိလျက် သူမကို မျက်လုံးပြူးလေးများနှင့် မော့ကြည့်နေကြသည်။

နှစ်ယောက်လုံး တစ်နှစ် နှစ်နှစ်အရွယ်လေးတွေမို့ တော်ပါသေးသည်။

အတွင်းဘက်မှ တရှဲရှဲကြော်လှော်နေသံများ ကြားရကာ တော်ကြာ လူကြီးထွက်လာမည်စိုးသဖြင့် မယ်မင်း ကမန်းကတန်း အပြင်ကို ပြေးထွက်လိုက်ရသည်။

ထို့နောက် လှေခါးမှ တောက်လျှောက် ပြေးဆင်းလာခဲ့မိလေသည်။

သို့သော် သူကံမကောင်းပါ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အောက်ဆုံးထပ် ရောက်လာသည်နှင့် တစ်ဖက်တိုက်မှ ပြေးထွက်လိုက်သည့် လူကြီးမျက်နှာတစ်စကို လှစ်ခနဲ မြင်လိုက်ရတော့ နောက်ပြန်လှည့် ပြေးရတော့သည်။

ဘယ်လိုလုပ်ရမလဲ. . .

သူမ ပြေးပေါက်မရှိတော့ပေ။

မယ်မင်း ကြံရာမရဖြစ်ကာ တွန်း၍မရသော အခန်းတံခါးကို ပခုံးနှင့် အားကုန်ပစ်ဆောင့်လိုက်သည်။

တံခါးပွင့်သွားသည်နှင့် အထဲဝင်ကာ တံခါးကို ဂျက်ပြန်ထိုးလိုက်သည်။

ဒီလူကြီး သူမ ဒီဘက်က ဆင်းပြေးတာကို ရိပ်မိကာ လိုက်လာခြင်းဖြစ်သည်။

အောက်ထပ်ရောက်မှ ပြန်လှည့်ပြေးတက်လာရသည့် သူမရဲ့ ကျောပြင်ကိုလည်း မြင်လိုက်မှာပင်။

ဒါဆို ဒီတိုက်ခန်းတွေမှာ မရမက ရှာဖွေတော့မည်မှာ မုချပင်။

"အို. . . မိန်းကလေး မင်းဘယ်သူလဲ"

"ဟင်"

ကျောဘက်က အသံကြောင့် မယ်မင်း ဆတ်ခနဲ လှည့်ကြည့်



လိုက်သည်။

အရပ်ပုပု အသားနီစပ်စပ်နှင့် နှာခေါင်းပွပွ မျက်ပေါက်ကျဉ်းကျဉ်း။

သွားသုံးဆယ့်နှစ်ချောင်းပေါ် အောင် ပြုံးဖြဲထားသည့် ပါးစပ်ကြီးက သားရဲတွင်းကြီးမှန်း သိလိုက်ပေမယ့်. . .

"ကျ. . . ကျွန်မ ဒုက္ခရောက်လာလို့ပါ. . . မအော်လိုက်ပါနဲ့နော်"

"ဖြစ်ရလေကွယ် ဘာဒုက္ခတွေများ တွေ့လာလို့လဲ. . . ကျုပ် အများကြီး ကူညီနိုင်ပါတယ်"

ပခုံးပေါ်မှာ တင်လာသည့် မာဖလာကို ဖြစ်သလို ဖြုတ်ဖယ်ချခဲ့ကာ ပုဂ္ဂိုလ်က ရှေ့တိုးလာသည်။

ကျောပိုးအိတ် တစ်ဖက်ဆွဲကာ ရှော့ပင်နံကျပ်ကျပ် ကိုယ်ကျပ်စပို့ရှပ် ကပ်ကပ်လေးနှင့် မယ်မင်း တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ကာ အထင်ကြီးဖွယ်လည်း မရှိသော မယ်မင်းအဖြစ်ကို အထင်မြင်သေးစွာ ပြောင်ပြောင်ပဲ ရှေ့တက်လာ၏။

"လာစမ်းပါကွယ်. . . ကြောက်မနေစမ်းပါနဲ့. . . ကျုပ်က မင်း ရှေ့က ကာကွယ်ပေးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



မယ်မင်းလက်ကို လှမ်းဆွဲ၏။

မယ်မင်း နောက်တစ်ချက် လှမ်းဆုတ်လိုက်သည်။

ထိုစဉ်. . .

"ဒေါက်. . . ဒေါက်"

"အို. . . ဟို ဟိုမှာ လာပြီ. . . ဘယ်သူမှကို မရှိဘူးလို့ သွားပြော ပေးပါနော်. . . ကူညီပါရှင်"

"အိုး ရက်စ်. . . သိပ်ကူညီတာပေါ့"

လူကြီး ထွက်သွားသည်နှင့် မယ်မင်း ကန့်လန့်ကာကြားထဲ တိုး ဝင်လိုက်သည်။

အခန်းတစ်ခုဖြစ်နေကာ ထိုအခန်းသည် အိပ်ခန်းဖြစ်နေသည် မှာ မယ်မင်း ကံဆိုးသွားပြီဖြစ်၏။

သို့သော် ပင့်သက်ရှူသွင်းကာ မယ်မင်း မျက်လုံးတွေ အခန်းထဲ မှာ ကစားသွားသည်။

ကံအားလျော်စွာ အခန်းထောင့်မှာ သစ်သားလုံးလေး တပ်ထား သည့် တံမြက်စီး ခပ်စုတ်စုတ် တစ်ချောင်းကို တွေ့လိုက်ရသဖြင့် ကောက် ယူလိုက်သည်။

မရှေးမနှောင်းလေးမှာပင်. . .



"ညီမရေ. . . တံခါးဖွင့်ပါဦးကွယ်. . . အပြင်မှာ ဘာအန္တရာယ် မရှိတော့ပါဘူး. . . ဟဲ ဟဲ"

ခွဲရှာဖွယ်အသံကြီးက မယ်မင်းကို ဘယ်လိုမှ အလွတ်ပေးတော့ တာ မဟုတ်ဘူးဆိုတာ သေချာပါသည်။

"ဦး လာမေးတာ ဘယ်သူလဲဟင်. . . ဘယ်လိုပုံစံလဲ ကျွန်မ ပြောနိုင်လို့ပါ"

"ဪ ကွယ်. . . ဆံပင်ရှည်ရှည် ဘောင်းဘီရှည်နဲ့ နှုတ်ခမ်း မွှေးနဲ့ ရှော့ပင်နံနဲ့ ကောင်မလေးတစ်ယောက် ဝင်လာသေးလားတဲ့"

မယ်မင်း အခန်းတံခါးကို ကျောနဲ့ကပ်ထားလျက်. . .

"သူအခု အောက်ဆင်းသွားသလား. . . အပေါ်တက်သွားလား ဟင်"

"အပေါ်ကို တက်သွားတယ်. . . ပြန်ဆင်းလာလည်း မင်းလေး သာမှ မကြောက်နဲ့ ဦးကို အားကိုးစမ်းပါ. . . ကဲ ကဲ. . . တံခါးဖွင့်ပါဦး ဘာဖြစ်လာတာလဲ. . . ပြောပြပါဦး"

မယ်မင်း အချိန်ဆွဲနေလို့ မဖြစ်တော့ပါ။

ဟိုလူကြီး အပေါ်နှစ်ထပ်က ပြန်ဆင်းမလာမီ သူမ အောက် ရောက်မှ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဂျက်ကို ဆွဲဖွင့်ပေးလိုက်ပြီး အသက်ကိုအောင့်၍ တံမြက်စည်းရိုးကို ကျစ်နေအောင် ဆုပ်ကိုင်ထားလိုက်သည်။

မျက်လုံးထဲမှာ အရိပ်ပေါ်လာသည်နှင့်. . .

"ကဲ ဟာ"

"ခွပ်"

"အား. . ."

လူကြီး ညွတ်ခွေကျသွားသည်။

မယ်မင်း နောက်လှည့်မကြည့်စတမ်း ပြေးဆင်းလာခဲ့သည်။

မြေညီထပ်ရောက်သည်နှင့် လမ်းဝသို့ တအားပြေးထွက်လာခဲ့လေသည်။

သို့သော်. . .

ကံမကောင်းခြင်းက ဆက်တိုက်။

တီဗီအောက်စက် အရောင်းပြခန်းကြီး တစ်ခုရှေ့က အဖြတ်အထဲကထွက်လာသူ တစ်ယောက်နှင့် အင့်ခနဲ ပစ်တိုက်လေသည်။

"ဟာ"

"အမလေး"

တိုက်မိသည့် အရှိန်နှင့် ထူပူနာကျင်သွားကာ နှစ်ယောက်လုံး



သတ်ထဲက ပစ္စည်းတွေ လွတ်ကျကုန်ကြ၏။

"မင်း မင်းလုပ်ချလိုက်ပြန်ပြီ"

"ဟင်"

အသံကို ကျက်မိနေသည်မို့ မော့ကြည့်လိုက်တော့ ပို၍သေချာသွား၏။

ဂြိုဟ်ဆိုးဇာသျှင်. . .

မြင်နေကျတိုင်း မျက်နှာမှာ ဒေါသက မုန်တိုင်းထန်နေတဲ့အတိုင်း။

မယ်မင်း ဂရုမစိုက်အားပေ။

ဘယ်သူမှားမှား ဘယ်သူလွန်လွန် ပြေးဖို့ကပထမ ပြေးဖို့ကတတိယ။

ထွက်ကျကုန်သည့် မှန်ဘီလူးနဲ့ ကင်မရာကို ကမန်းကတန်းကောက်ထည့်ကာ မယ်မင်း ဆက်ပြေးလေသည်။

ပြေး ပြေး ကားတစ်စီးစီး ပေါ်တက်ပြေး။

တွေ့သည့်ကားကို တားကာ တံခါးဆွဲဖွင့်တက်ထိုင်။

ကားထွက်တော့မှ နောက်ပြန်လှည့်ကြည့်ကာ ဟူးခနဲ သက်ပြင်းချနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမောဆို့နေသည်က အသက်ရှူလို့ပင် မဝချေ။

ဩဇာသျှင်. . .

သူတော့ ဘယ်လောက်များ ဒေါ်ပွကျန်ခဲ့လေမလဲ. . .

ပြန့်ကျဲလွတ်ကျကုန်သည့် သူ့ပစ္စည်းတွေကို မယ်မင်း ဘာတစ်ခု မှ လှည့်မကြည့်ခဲ့ဘဲ ဂရုမစိုက်စွာ ထားပစ်ခဲ့သည်။

သေပြေး ရှင်ပြေးထဲမှာတောင်မှ ဒီလူနဲ့ ပက်ပင်းတိုးမိရတဲ့ အဖြစ်ကိုပဲ မကျေမနပ် ဖြစ်လာမိသေးသည်။

သေချာတယ် နောက်တွေ့လည်း မတောင်းပန်သေးဘူး။

✻ ✻ ✻ ✻ ✻

## အခန်း (၁၀)

"ဟော့တော်"

ဆယ်ယူလာဖုန်းလေးကို ကိုင်၍ မျက်နှာရှေ့မှာ ထောင်ကြည့်နေရင်း မယ်မင်း အံ့ဩထိတ်လန့်ကာ ပါးစပ်ကလေး ဟလျက်သားနှင့် ကြောင်ငေးသွားလေသည်။

ကင်မရာနဲ့ ဆယ်ယူလာ ဖုန်းမှားသွားလေပြီ။

ကင်မရာက လက်တစ်ဝါးစာ အရွယ်လေးဆိုပေမယ့် ဖုန်းနဲ့မှား ရလောက်အောင်တော့ မဖြစ်သင့်ပါ။

မယ်မင်း တဖြည်းဖြည်း ဒေါသထွက်လာကာ ကိုယ့်ကိုယ်ကို ထုရိုက်ပစ်ချင်စိတ်တွေ ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်တောင်ပဲ လျှမ်းရသလား. . .

ဒီလောက်ထိ နမော်နမဲ့ လုပ်ခဲ့ရသလား. . .

ခုဘယ်လိုလုပ်တော့မလဲ. . .

ဓါတ်ပုံအမြန်ကူးကာ စခန်းကို သွားပို့မည်။

ဒီသတင်းကို ကိုယ့်ဂျာနယ်မှာ ဦးဆုံးပါအောင် လုပ်မည်။

ကိုယ့်အစီအစဉ်နဲ့ကိုယ် အသက်စွန့်ပြေးလွှားခဲ့ရကျိုးပင်မနပ်။

ဓါတ်ပုံကူးဖို့ အမှောင်ခန်းထဲဝင်ရန် ကင်မရာရှာတော့ ဆယ်ယူလာဖုန်းက ကိုယ့်အိတ်ထဲ ရောက်နေသည်။

သေချာပါသည်။ သူမ ကင်မရာ ဩဇာသျှင် လက်ထဲမှာကျန်ခဲ့ပြီ။

ကိုယ့်မှာ အပြင်တောင် ထပ်မထွက်ရဲတော့သည့် အဖြစ်။

လူသတ်သမားက သူလွတ်မြောက်ရေးအတွက် သက်သေကို အလွတ်ပေးတော့မည် မဟုတ်ပေ။

မယ်မင်း ဆယ်ယူလာဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း အကြံထုတ်နေမိသည်။

ဩဇာသျှင်နဲ့ ဘယ်လိုဆက်သွယ်ရမလဲ. . .

နှစ်ယောက်တိုက်မိကာ ပစ္စည်းတွေ ရောထွေးပြုတ်ကျသွားစဉ်



ကြောက်အားလန့်အားနှင့် ကမန်းကတန်း ပြန်ကောက်လာမိတာ သူ့ဆယ်သူလာဖုန်းဖြစ်နေသည်။

ဒါကို ဩဇာသျှင်လည်း သိမှာပင်။

"အမင်းလေးရေ. . . ဘွားလေးသွားတော့မယ်. . . တံခါးလာပိတ်ဦး"

"ဟုတ်ကဲ့ ဘွားလေး. . . သွားလေ အမင်းခုပဲ ထွက်ပိတ်လိုက်မယ်"

ဒေါ်ဆွေဇင်က ဗုဒ္ဓဟူးနေ့တိုင်း ညခုနစ်နာရီဆို မွှာရုံမှာ တရားသွားနာနေကျ။

မယ်မင်း ကိုယ့်ဒုက္ခကို ဘွားလေး မသိရအောင် ပြန်ရောက်ကတည်းက အခန်းထဲ ဝင်နေခဲ့တာဖြစ်သည်။

မဟုတ်လျှင် ကိုယ်ရဲ့အသက်လုစွန့်စားခန်းကြီးအတွက် တုန်လှုပ်ခဲ့ရသည့် ဒီမျက်နှာကို ဘွားလေး မရိပ်မိအောင် ဘယ်လိုမှ ဖုံးဖိဟန်ဆောင်ထားနိုင်မှာ မဟုတ်။

အပြင်မှာ ဘွားလေး အသံလုံးဝပျောက်သွားပြီဆိုမှ အခန်းထဲကထွက်လာခဲ့သည်။

ခုလောက်ဆို ခြောက်ထပ်ကြီးပေါ်က လူသတ်မှုကို ရဲတွေသိ

www.burmeseclassic.com

www.burmeseclassic.com



တောက်ရောပေါ့. . .

သူဟာသူ ကြိုးဆွဲချသေတယ်လို့ပဲ သတ်မှတ်လိုက်ကြမှာလား။ ဒဏ်ရာကို စစ်ချက်ယူပြီး သဲလွန်စကို ခြေရာခံမိသွားမလား။

ဇက်ကျိုးကျနေသော ဆံပင်ဖားလျားနှင့် ကြိုးတန်းလန်းပုံစံကြီးကို ပြန်သတိရလာကာ မယ်မင်း ဖျင်းခနဲ ဖြစ်သွားမိသည်။

လူသေအလောင်း အတော်များများကို ဓါတ်ပုံရိုက် လိုက်ကြည့်နှင့် အမျိုးမျိုး တွေ့မြင်ဖူးခဲ့ပေမယ့် ဒီနေ့မြင်ခဲ့ရသည့် ဆံပင်ဖားလျားတန်းလန်းပုံစံကြီးလောက် မျက်ဝန်းထဲမှာ စွဲကျန်မနေခဲ့ပေ။

အိမ်ရှေ့မှာ မီးတိုင်မထားသည်မို့ မှောင်မည်းနေသည့် ခြံထဲကို တစ်ချက်ကြည့်ကာ ကျောချမ်းသလိုလို ဖြစ်လာလျက် တံခါးကို ကမန်းကတန်း ဆွဲပိတ်လိုက်စဉ် ဖြူဖွေးသော မျက်နှာကြီးတစ်ခု ဘွားခနဲ ပေါ်လာ၏။

"အမလေး"

မယ်မင်း တအားအော်ကာ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ဆုပ်ပိတ်လိုက်မိသည်။

"အမင်း. . . ဟဲ့ အို ဘွားလေးပါ. . . ဘယ်လိုဖြစ်တာလဲ. . ."

"ဟင်"





ဘွားလေး အသံကြားမှ မျက်နှာက လက်တွေကို ခွာကြည့်လိုက်မိသည်။

"ဘွား. . . ဘွားလေး"

သနပ်ခါး အဖွေးသားနှင့် ကရမက်နံ့ သင်းနေသော ဘွားလေး မျက်နှာပြည့်ပြည့်ကြီးကို သူမ ကြောက်စိတ်မွန်သွားကာ လန့်ဖျန့်သွားခဲ့ခြင်းပါလား. . .

"ဘယ်လိုဖြစ်တာလဲ အမင်းရယ်. . . ကိုယ်နေနေကျ အိမ်ကိုပဲ ကြောက်လန့်ရသလား"

"ဟို ဟိုလေ. . . မနေ့က သရဲကားကြည့်ထားပြီး လန့်သွားတာ"

"ဖြစ်ရမယ် ညည်းလေး. . . ကဲ. . . ရေသွားသောက်လိုက်ဦး နေရဲရင်လည်း ဓမ္မာရုံလိုက်ခဲ့"

"နေရဲပါတယ်. . . ဟို ဘွားလေးက ဘာပြန်လုပ်တာလဲ ဟင်"

"ဪ. . . ဆရာတော်ကြီးကို ဆေးဘူးလှူမလို့ မနက်ကတည်းက ဝယ်ထားတာ. . . မေ့ကျန်ခဲ့လို့"

ဒေါ်ဆွေဇင်က သူကိုယ်စွကို အရင်မလုပ်သေးဘဲ ဆေးဘူးကို သွားယူလာကာ. . .

"နေရဲတယ်ဆိုလည်း နေခဲ့. . . စောစောအိပ်ရာဝင်နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီသို့ကြည့်မလို့ဆိုလည်း သူ့ရဲကားတွေ ကြည့်မနေနဲ့. . . တစ်ယောက်တည်းရယ်"

"ဟုတ်ကဲ့"

တတွတ်တွတ်မှာကာ ဟံခါးကို သေချာသော့ခတ်ပိတ်ထားဖို့ပါ ပြောပြီးမှ ထွက်သွား၏။

တံခါးသော့ခတ်ပြီး အတွင်းထဲ ပြန့်ဝင်လာရင်း လူသတ်သမားမျက်နှာကို မြင်ယောင်လာပြန်သည်။

သူမ စုံစမ်းခဲ့ရယူခဲ့ဖူးသော သတင်းအချက်အလက်များ၏ တရားခံမိခြင်း မမိခြင်း အမှုရဲ့ပြီးစီးခြင်း စုံစမ်းဆဲဖြစ်ခြင်း ကိစ္စအဝဝဟာ ရဲများမှ တစ်ဆင့်ရယူသိရှိခဲ့ခြင်းဖြစ်သည်။

ခုဖြစ်သည်က သူမ ကိုယ်တိုင် ဖမ်းမိခဲ့သည့် ဖြစ်မှုဘာဆက်လုပ်မလဲ. . .

❀ ❀ ❀

## အခန်း (၁၁)

မနက်မိုးလင်းသည်နှင့် မယ်မင်း ဖုန်းနားတန်း ရောက်သွားသည်။

"ဟလို. . . ဪ ဟုတ်ကဲ့ရှင့်. . . ကျွန်မ တတိယထပ် ဝဲဘက်ခန်းက ပပဝေနဲ့ ပြောချင်လို့ပါ"

ခဏစောင့်ပါဟုဆို၍ သွားခေါ်တာကို စောင့်နေရသည်။

ပပတို့နေတဲ့ တိုက်ကြီး၏ မြေညီထပ်ခန်းက ဖုန်းဖြစ်သည်။

ပပကိုဆက်တိုင်း ဒီလိုပဲခေါ်ခိုင်းရ စောင့်ရမို့ စိတ်မရှည်တာနှင့် တော်ရုံ အရေးမကြီးလောက်တာဆို ကိုယ်တိုင်ပဲ ထသွားခဲ့တာများသည်။

ခုတော့ ပပအခန်းကို ချက်ချင်းကြီး ပြန်သွားဖို့ စိတ်မရှိသေး။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်လိုက်သည့်အသံ နားထဲဝင်လာသဖြင့် အတွေးစ
ဖြတ်တောက်လိုက်ရသည်။

"ပပလား"

"အော်... ဘာဖြစ်တာလဲ... မိန်းမ စောစောစီးစီး မနေ
ဘာဖြစ်သွားတာလဲ... အခန်းလည်း ပြန်မပိတ်ခဲ့ဘူး... စောင့်ပါဆိုတ
လည်း မစောင့်ဘူး... ဘယ့်နှယ် အဆင်ပြေခဲ့လား... ဦးပါဆိုတဲ့ လူ
က နည်းနည်းငွကျပေမယ့် သူ့လေဒီလေးက စိုပြေပါတယ်... ဟုတ်တ
မဟုတ်လား"

"ဟုတ်တယ် မဟုတ်တယ်လည်း နင်ပဲဆက်ဖြေပေတော့ ပပ
ငါမပြောတော့ဘူး... ဟကတည်း မေးလိုက်တဲ့မေးခွန်းတွေ ပြောမယ့်
တောင် ဘယ်ရောက်သွားမှန်း မသိဘူး"

ဖုန်းထဲမှ ပပရယ်သံ ခစ်ခနဲ ထွက်လာသည်။

သူကတော့ ဘာမှမသိဘဲ ရယ်နိုင်ရှာပေမည်။

မနေ့က ကိုယ့်မှာ ခွေးပြေးဝက်ပြေးနှင့် ကံကောင်းလို့ ဘဝမ
ခဲ့တာ အားပါးတရ ပြောလိုက်ချင်သေးသည်။

"ပပ"

"ပြောလေ... ငါက သိချင်လို့ မေးနေတဲ့ဟာ"



"ခုပြောလို့ မဖြစ်ဘူး... နင်နဲ့ငါ ငါတို့ထိုင်နေကျ ဟော့ပေါ့မှာ
ဆုံမယ်... ခုချက်ချင်းလာခဲ့ အရေးကြီးတယ်"

"ဟာ... ငါမျက်နှာတောင် မသစ်ရသေးဘူး... မျက်နှာသစ်
ရေချိုးမယ်... အဲ ဘာညာနဲ့ မိနစ်လေးဆယ်လောက်တော့စောင့်"

"မျှားလိုက်တာဟာ... နာရီဝက်ပဲစောင့်မယ်... ကွက်တိ
ရောက်ပစေ... ဒါပဲ"

မယ်မင်း ဖုန်းကို ဦးအောင်ချပစ်လိုက်သည်။

ပြီးတော့ ချက်ချင်း ပြန်ကောက်ကိုင်၍ နံပါတ်တွေ နှိပ်ပြန်သည်။

"ဦးလား... အမင်းပါ"

"ဟော့... ပြော အမင်း"

"ဦးဟို ဦးဩဇာသျှင်ရဲ့ 'အတက်ခ်' ကုမ္ပဏီက တယ်လီဖုန်း
နံပါတ် ဦးမှာရှိတယ် မဟုတ်လား ဟင်"

"ဟေ... ဘယ်မှာရှိမှာတုန်း ကုမ္ပဏီဖုန်း ဘာလုပ်ဖို့လဲ...
ညည်းက ဩဇာသျှင်နဲ့ ပြောမှာမဟုတ်လား"

"ဟုတ်"

"အဲ့ဒီနံပါတ် ဘယ်သူမှမသိဘူးလေ... ဘာလဲ ကုမ္ပဏီဖုန်းက
နေ လှမ်းမေးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်သားဝဲဟု ညည်းညူရင်း မယ်မင်း စိတ်ညစ်သွားမိသည်

"မဟုတ်ပါဘူး ဦးရယ်. . . သူနားက ဖုန်းနံပါတ် ဦးများ သိမလားလို့ပါ. . . ဒါပဲနော် ဦး"

ဘာလုပ်ဖို့လဲ မေးလာမည်စိုး၍ ဒီတစ်ခါလည်း မယ်မင်းက ဖုန်းချပစ်လိုက်သည်။

ပြီးလျှင် ထမင်းစားခန်းထဲဝင် ကော်ဖီနှစ်ခွက်စာ ကပျာကယာ ဖျော် ကိတ်မုန့်နှစ်ချပ်လှီးချပြီး ပါးစပ်ထဲ အတင်းထိုးထည့်။

ကော်ဖီနဲ့မျှောချ။

ပါးစပ်ထဲမှာ ဝါးနေတုန်း နောက်ထပ်ကိတ်နှစ်ချပ်ထပ်လှီး ပန်းကန်ပြားလှလှလေးထဲမှာ ကျကျနနထည့် ကော်ဖီဖျော်ပြီးသားရှိသော ကြွေကရားနဲ့အတူ အုပ်ဆောင်းလေး အောက်သွင်းလိုက်ပြီး ထမင်းစားခန်း ထဲက ထွက်လာတဲ့အချိန်တွင် ပါးစပ်ထဲမှာ ဘာမှမကျန်တော့ပေ။

အခန်းထဲရောက်တော့ ဘီးနဲ့ခေါင်းတစ်ချက် နှစ်ချက်ခြစ် မျက်နှာကို ပတ်ဖ်နဲ့ဖြစ်သလို ရိုက်၍ ကျောပိုးအိတ်လေး ကောက်လွ လိုက်သည်။

ဘွားလေး ထလာလျှင် ကော်ဖီနဲ့မုန့် ပြင်ထားခဲ့တာတွေ့ကတည် က မယ်မင်း ထွက်သွားပြီမှန်း သိလိမ့်မည်။



သွားလာဖို့ အရေးမကြီးသည့်နေ့ဆို ဘွားလေးက အဆင်သင့်ပြင် ထားပြီးသည့် မနက်စာကို ယူစားရုံပဲဖြစ်ကာ ဒီလိုနေ့မျိုးများဆို မယ်မင်း ဝတ္တရား ကျေတတ်ပါသည်။

ဝတ်လာသည်က ဒူးထိခေါက်တင်ထားသည့် ဂျင်းဘောင်းဘီ ရှည် ဂျင်းဂျက်ကက်နှင့် အတွင်းခံစပို့ရှပ် လက်ပြတ်ရဲရဲလေးကို မြင်နေ ရသည်။

ဘောင်းဘီအိတ်ထဲ နှိုက်ကြည့်လိုက်တော့ ဒိုက်ဆံက တစ် ထောင်ပင် မပြည့်ချင်။

စိတ်စောနေ၍ ပိုက်ဆံထည့်ခဲ့ဖို့ မေ့သွားမိသည်။

မယ်မင်း မှတ်တိုင်ရှိရာ ပြေးသွားကာ အဆင်သင့် ထိုးဆိုက်လာ သည့် ကားပေါ် လုတတ်လိုက်သည်။

"အား. . . သေပါပြီ"

"ဟာ ဆောရီးနော်"

မယ်မင်း တက်နင်းလိုက်မိသည့် ခြေထောက်တို ပြန်ဆုပ်ကိုင် ၍ အမျိုးသမီးက တမင်လူကြားအောင် အော်သလိုမျိုး စူးစူးရှရှ အော်၏။

"ဆောရီး. . . ဘာဆောရီးလဲ"

— ကားပေါ် လုတက်ကြတဲ့ အချင်းချင်း ရန်လိုနေသော အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တို့ ခယ်မင်း ဒေါသဖြစ်သွားသည်။

ကားပေါ် တိုးတက် အပေါ် လက်ကိုင်ကွင်းကို ကျကျဆုပ်ကိုင်မိကာမှ နောက်ပြန်လှည့်ကာ. . .

"ဆောရီးပြောတာ မကြိုက်ရင် ပြန်ရုတ်သိမ်းတယ်. . . ရှင့်ကို တမင်တက်နင်းလောက်အောင် ဒီက မျက်စိက အားနေတာ မဟုတ်ဘူး"

"ဘာပြောတယ်အေ့"

"ကြားတဲ့အတိုင်းပဲလေ"

"ကဲ. . . တော်ကြပါတော့ဗျာ. . . ကားပေါ် မှာတော့ ရန်မဖြစ်ကြပါနဲ့"

စပယာ အသံကျယ်ကျယ်နှင့် ထအော်တော့မှ အသံတွေ တိတ်သွားသည်။

အနင်းခံရသည့် အမျိုးသမီးက မျက်စောင်းထိုးနေဆဲ။

မယ်မင်းကတော့ ဂရုမစိုက်ပါ။

"ဟာ. . . ကျောပိုးအိတ်ကြီးက သော့က စူးလိုက်တာ ဘာရုပ်ကြီးတပ်ထားမှန်း မသိဘူး"

"အေးလေ. . . နောက်မှာ လိမ်းပိတ်နေပြီ"

မယ်မင်း ဆံပင်တွေ ခါထွက်သွားတဲ့အထိ နောက်လှည့်ကြည့်





သည်။

"ဘာလဲ. . . ဒီက ကျောပိုးအိတ်ကို ပြောတာလား"

"ဟုတ်တယ်လေ. . . ဒီနားမှာ မင်းတစ်အိတ်ပဲ ရှိတာဥစ္စာ"

အရပ်မြင့်မြင့် ကျောက်ပေါက်မာတစ်စနှင့် လူတစ်ယောက်က သူ့လက်မောင်းကို သေချာပွတ်သပ်ကြည့်ရင်း မကျေနပ်သံနှင့် ပြောသည်။

မယ်မင်းက ဟင့်ခနဲ မဲ့၍. . .

"ကျောပိုးအိတ်က မျက်စိမှမပါဘဲ. . . ရှင်မျက်စိပါတဲ့လူက ရှောင်ပေါ့"

"မျက်စိမပါမှန်း သိသားပဲ. . . မင်းအိတ်ကြီးကို အန္တရာယ်မကင်းမှန်းသိလည်း ပိုက်ထားပါတော့လား"

"အိုး ကျောပိုးအိတ်ပါဆိုမှ ရင်ပိုးအိတ်မှ မဟုတ်တာ. . . ကျောပိုးအိတ် ကျောမှာမလွယ်ဘဲ ပိုက်ထားစရာလား"

"မင်းက မတောင်းပန်ဘဲ မာရေကျောရေနဲ့ပါလား"

"ဘာလို့ တောင်းပန်ရမှာလဲ. . . ကျောပိုးအိတ်က ရှင့်ကို ဝင်တိုက်တာမှ မဟုတ်တာ. . . ရှင်က ဝင်တိုက်တာ. . . ကျွန်မ အိတ်စုတ်ပြဲသွားရင် ရှင်တမင်လုပ်တာပဲ"

"ဟာ ကြည့်စမ်း. . . မင်းစွာလှချေလား"

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားကြီးဖြစ်ပြီး ကင်းကင်းတုန်ဖြစ်နေတာကျတော့ သည်းခံစိတ်ရှိသတဲ့လား"

"ဟာ. . . ပြဿနာပါလား"

စပယ်ယာ ညည်းညူခေါင်းကုတ်၍ ကြားထဲဝင်လာရသည်။

"တော်ကြပါတော့ဗျာ. . . နှစ်ယောက်လုံးကို တောင်းပန်ပါတယ်. . . တကယ့်ကို တောင်းပန်ပါတယ်"

ကားပေါ်ကလူတွေ ပြုံးစိစိ ဖြစ်ကုန်ကြသည်။

မယ်မင်း မျက်နှာကို အစွမ်းကုန်တင်းကာ မော့ထားလိုက်သည်။

ဘာရမလဲ. . .

ဆောရီးဆိုတာကို မကြိုက်တဲ့သူက တစ်မျိုး။

ကျောပိုးအိတ်ကို ပိုက်ခိုင်းတဲ့သူက တစ်မှောက်။

အဲသလောက် ပြောလိုက်ရတာကိုပဲ မယ်မင်းက မကျေနပ်နိုင်။

✿ ✿ ✿ ✿ ✿

အခန်း (၁၂)

မယ်မင်း ဟော့ပေါ့ဆိုင်ထဲကို ဝင်လာကတည်းက စူးစိုက်လိုက်ကြည့်နေသော မျက်လုံးနီကြီး တစ်စုံရှိသည်။ ဒါကို မယ်မင်း သတိမထားမိခဲ့ပေ။

နောက်ဖက် ခပ်ကျကျ စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

နာရီကိုကြည့်တော့ နာရီဝက်ပြည့်ဖို့ ဆယ်မိနစ်ခန့်လိုသေးသည်မို့ ပပရောက်လာမှာ မဟုတ်သေးတာကို သိသည်။

မျက်လုံးအစုံသည် မယ်မင်း လှုပ်ရှားသမျှကို အချိန်အတန်ကြာ စူးစိုက်ကြည့်နေပြီး နေရာမှ တဖြည်းဖြည်း ထရပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ မယ်မင်း စားသောက်ဖို့ ပြင်နေသည့် စားပွဲဆီသို့ တစ်လှမ်းချင်း လျှောက်လာခဲ့၏။

မယ်မင်း တူနှစ်ချောင်းကို အဆင့်ကိုင်ပြီးချိန်တွင် မျက်ဝန်းရှေ့မှာ ဘောင်းဘီရှည်ပွပွနှင့် လာရပ်သည့် ခြေထောက်အစုံကို မြင်လိုက်တော့ မျက်နှာကို မော့ကြည့်လိုက်မိသည်။

"ဟင်"

ဒိန်းခနဲ လှုပ်ခါသွားသည့် နှလုံးအိမ်ဟာ ပြုတ်ထွက်ကာ လည်ချောင်းဝမှာ ပိတ်ဆို့ပစ်လိုက်သလို မူးမိုက်ကျပ်ခဲသွား၏။

နှုတ်ခမ်းမွေးကားကားကြီးကို စူးစိုက်ကြည့်ရင်း မယ်မင်းစိတ်ကို မရမက ကြိုးစားထိန်းချုပ်လိုက်သည်။

အငွေ့တဝေဝေထနေသော ပန်းကန်ကို တူနှစ်ချောင်းနှင့်မွှေရင်း ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်မိ၏။

ဆိုင်ထဲမှာ လူမများပေမယ့် စားပွဲတစ်လုံးမှာ နှစ်ယောက်သုံးယောက်တော့ ရှိနေကြသည်သာ။

နှုတ်ခမ်းမွေးကြီးက ကုလားထိုင်ကိုဆွဲ၍ သူမ ဘေးမှာထိုင်ချလိုက်သည်။

"ကောင်မလေး. . . နင် ငါ့ကိုသိတယ် မဟုတ်လား"



ခပ်ကြိတ်ကြိတ်လေသံက ညြှိညြှိအုပ်အုပ်ကြီးမို့ နားဝင်ဆိုးလှပေသည်။

မယ်မင်း အနည်းငယ် ရနေသာထိုင်သာ ရှိသွားပြီမို့ မျက်နှာကိုတင်း၍ မော့ကြည့်လိုက်သည်။

"ဘာလဲ ဘာတွေလာပြောနေတာလဲ"

"ကောင်မလေး နင် အူကြောင်ကြောင် မလုပ်နဲ့နော်. . . ငါ လူတစ်ယောက် ထပ်မသတ်ချင်ဘူး. . . နင့်အိတ်ထဲမှာ ပါတယ်မဟုတ်လား. . . ငါ့ကိုပေး"

"ဘာလဲ"

"နက်ခ်တစ်"

မယ်မင်းက ပန်းကန်ထဲကို အစပ်တွေ အချဉ်တွေ ထည့်မွှေရင်း

"မပါဘူး"

"မပါရင် ဘယ်မှာလဲ ထစမ်း"

"ဘာလို့ထရမှာလဲ"

"နင်နဲ့ငါ ခုလိုက်ခဲ့. . . နက်ခ်တစ် ခုထုတ်ပေးရင်ပေး မပေးရင် တစ်ခါတည်းသတ်ပြီး နှုတ်ပိတ်ပစ်မယ်"

"နက်ခ်တစ်. . . ကျွန်မဆီမှာရှိရင် ခုလောက်ဆို ရှင်အသေခံ



www.burmeseclassic.com

www.burmeseclassic.com



နေပြီပေါ့. . . ကျွန်မက ဒါကြီးကို သယ်ပိုးထားမှာတဲ့လား"

"ဘာ ဒါ ဒါဆိုဘယ်မှာလဲ"

မယ်မင်း မျက်နှာကို ရှုံ့မဲ့ရင်း ပန်းကန်လုံးကို ကောက်ယူလိုက်၏။

"ဘယ်ရောက်သွားမှန်းကို မသိဘူး. . . အဲဒီနေ့ကတည်းက လူတစ်ယောက်နဲ့ တိုက်မိပြီး ထွက်ကျကျန်ခဲ့တာ"

"နင်က ငါ့ကို လိမ်ရဲတယ်ပေါ့"

"အို"

မယ်မင်း ခါးမှာ ချွန်ထက်သော အရာတစ်ခု လာထောက်လေသည်။

ချောင်ကျကျ စားပွဲကို ရွေးမိတာ မှားပြီဟု တွေးလိုက်မိ၏။

ရင်တွေလည်း လှုပ်ရှားလာပြန်သည်။

လူကြီးက သူမကို ဓားနဲ့ထောက်ထားပြီဖြစ်၏။

"ကဲ. . . ထ ငြိမ်ငြိမ်နေနော်. . . ငါက လူသတ်လာတဲ့ကောင် နင့်ကို မသတ်ရဲဘူး မထင်နဲ့. . . အသံထွက်တာနဲ့ သေပြီသာမှတ်"

သူက မယ်မင်း နားပို၍တိုးလာ၏။

မယ်မင်း ခေါင်းတစ်ချက်ညိတ်ကာ ပန်းကန်လုံးကို ဘေချာကိုင်



၍. . .

"ကဲ"

"အား"

မျက်နှာကို ဟင်းရည်တွေနှင့် ထိထိမိမိ ပက်ပစ်လိုက်သည်။

လူကြီး ယိုင်ထွက်သွားကာ မျက်နှာကို အုပ်လိုက်စဉ် မယ်မင်း လှည့်ပြေး၏။ ဆိုင်ထဲမှာရှိသမျှ လူတွေ ကြောင်သွားကြသည်။

ဘာတွေဘယ်လို ဖြစ်တာမှန်း စပ်မှုဖို့ သတိရလာတော့ မယ်မင်း ပျောက်သွားပြီဖြစ်ကာ နှုတ်ခမ်းမွေးကားကား ရုပ်ကြမ်းကြမ်းနှင့် လူကြီးက မျက်နှာကိုအုပ် ပွတ်သပ်နေရင်း စားပွဲတွေကြားထဲက ဒယိမ်းဒယိုင် တိုးထွက်သွားပြီဖြစ်၏။

အခြေအနေကို ဘယ်သူမှ နားမလည်လိုက်ကြ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ပပရော မယ်မင်းပါ စားသောက်နေရပေမယ့် အပေါ်ထပ် အဆင်းလှေခါးကြီးဆီကိုသာ သည်းသည်းမည်းမည်း ကြည့်နေမိကြသည်။

အကြောင်းစုံ သိသွားပြီဖြစ်သော ပပလည်း မယ်မင်းအတွက် စိတ်ပူကာ နက်ခ်တစ်ပြန်ရရေးအတွက် ဩဇာသျှင်ကို တွေ့ရဖို့ ကျား ချောင်းသလို ချောင်းနေရတာဖြစ်သည်။

ဒီစားသောက်ခန်းရဲ့ အပေါ်ထပ်အခန်းမှာ ဩဇာသျှင်တို့ အစည်းအဝေး လုပ်နေသည်ဟု သတင်းအတိအကျ ရလာခဲ့သဖြင့် ဆင်း အလာကို စောင့်နေခဲ့ရတာ အတော်ကြာနေပြီ။

"ဟဲ့. . . နောက်ပေါက်ကနေများ လစ်ထွက်သွားပြီလား ဟင်"





ပပက စိုးရိမ်သံလေးနှင့် ဘေးဘီကို ဝေ့ဝဲကြည့်ရင်း ပြောသည်။

"မသွားလောက်ပါဘူး. . . သူ ဒီမှာရှိနေမှာ ဘယ်သူမှလည်း မသိကြပါဘူး. . . ငါတို့တောင် သူ့ကုမ္ပဏီကို လိုက်သွားလို့ သိလာရတဲ့ ဥစ္စာ. . . ပြီးတော့ ဘယ်သူမှ ဆင်းလာတာလည်း မတွေ့သေးဘူး"

မယ်မင်းက ပြောပြီး မျက်နှာကို နောက်ဘက်ကို သုမင်လည် ပြန် ငုံ့အကြည့်. . .

"ဟယ်"

"ဘာလဲ ဘာလဲ"

"ဟိုလူကြီး ဟိုလူကြီးလာနေပြီ"

"ဟင် ဘယ်မှာလဲ"

"ဟိုမှာ နုတ်ခမ်းမွှေးနဲ့"

ပပ လှည့်ကြည့်လိုက်တော့ ခန်းမရဲ့အဝင်ဝဆီမှ သူမတို့ စားပွဲ သို့ ကြည့်နေရင်း လူကြားထဲ တိုးဝင်ပျောက်ကွယ်သွားသည့် မျက်နှာကြီး တစ်ခု။

ကြောက်တတ်သည့် ပပ မျက်နှာလေး ဖွေးဆွတ်သွား၏။

"ငါတွေ့တယ်. . . မယ်မင်း ငါတို့ ဘယ်လိုလုပ်ကြမလဲ. . . ကင်မရာက ဩဇာသျှင်ဆီမှာ ရှိမှရှိပါ့မလား ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ် ရှိကိုရှိတယ်. . . ကြောက်မနေနဲ့ ပပ. . . သူက အမှောင်ထဲကလူ. . . ဒီတစ်ခါ ငါ ခပ်မာမာပဲ ရင်ဆိုင်တော့မယ်"

မယ်မင်းက ဂရုမစိုက်စွာ. . .

* * * * *

## အခန်း (၁၄)

"ကိုဩရေ. . . နိုက်ကလပ်လိုက်ဦးမလား. . . အပြန်ခေါင်ရအောင်"

"ဟုတ်သားပဲ. . . တစ်ခါတလေပဲဟာ လိုက်ခဲ့ပါဗျ"

ဩဇာသျှင် ခေါင်းခါလိုက်သည်။

ဆံပင်ကို တစ်ချက်သပ်ကာ နေရာမှ ထရပ်လိုက်ပြီး. . .

"ကျွန်တော့်မှာ သွားစရာရှိသေးလို့ပါ. . . နောက်မှ ထပ်ဆုံကြတာပေါ့"

အားလုံးထွက်ကြပြီးမှ နောက်ဆုံးက ဆင်းလာခဲ့သည်။

ကားပါကင် နေရာကို ရောက်လာလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



တားတံခါးဆီ လှမ်းကိုင်လိုက်မိပြီးမှ သူ့လှုပ်ရှားမှုတွေ ရပ်တန့်တုန်သည်။

"အို ဘာလို့ လိုက်ရမှာလဲ. . . ဖယ်ပေးနော်"

"ရှင့်ပစ္စည်းကို မနက်ဖြန် လာပေးရင်ပြီးရော မဟုတ်လား. . . ကျွန်မတို့ကို ဖယ်ပေးပါ"

ဩဇာသျှင် ခပ်မှုမှောင်မှောင် နားဆီမှာ ရပ်ထားသည့် ကားဖြူလေးဆီကို လှမ်းကြည့်လိုက်မိသည်။

ကောင်မလေးနှစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်။

ဘာတွေ ခပ်ရှုပ်ရှုပ် ဖြစ်နေကြသည် မသိပါ။

သူ ပခုံးတစ်ချက်တွန့်ကာ ကားတံခါးဆွဲဖွင့်လိုက်သည်။

"ဦးဩဇာသျှင့် ရှင်ဒီလောက်ပဲ လူမှုရေးစိတ်ဓါတ် ခေါင်းပါးသလားဟင်"

သူ မျက်နှာ ချာခနဲ လှည့်ဖြစ်သွားသည်။

စိတ်ထဲမှာ တကယ့်ကို တအံ့တဩဖြစ်သွားခဲ့၏။

မယ်မင်းကလည်း ကိုယ့်ရှေ့က ရန်သူကိုပင် သတိမရနိုင်တော့တဲ့အထိ ဩဇာသျှင်ကို ဒေါသဖြစ်သွားခဲ့လေသည်။

ဒီည သူ့ကိုစောင့်ရသည့်အလုပ်ဖြင့် အချိန်ကုန်ခဲ့ရသည်။





နောက်ဆုံး လူတွေဆင်းပြန်လာကြပြီ သူမလာတော့ဘူးရယ်လို့ စိတ်ဒုံးဒုံးချပြီးကာမှ ဟိုလူကြီးရန်ကိုလည်း ရှောင်ရင်း ကားဆီကို ပြန်ပြေးလာခဲ့ကြတာ ဖြစ်သည်။

ကံဆိုးချင်တော့ လူသတ်သမားကြီးကလည်း သူမတို့ကို အလစ်ချောင်းနေတာဖြစ်လျှက်. . .

"နင်တို့နှစ်ယောက်လုံး အတူတူပဲ မဟုတ်လား ဟိုတစ်ယောက်မြန် နက်ခ်တစ်ယူပြီး လမ်းသုံးဆယ်ထိပ်ကိုလာခဲ့. . . ငါဆက်သွယ်မယ် အဖေါ်ခေါ်လာရင် ရဲကိုတိုင်ရင် သူ့ကိုငါသတ်ပစ်မယ်. . . မယုံမရှိနဲ့. . . ငါက တစ်မှုကနှစ်မှု မဖြစ်ချင်လို့ ချော့တောင်းနေတာ နားလည်လား"

"ဦးလေးက ကျွန်မကို ပြန်ခိုင်းပြီး သူ့ကိုဖမ်းသွားမလို့လား"

"ဟုတ်တယ်. . . နက်ခ်တစ်ခုနဲ့ သူ့ကိုလာလဲ. . . နင့်မှာအဖေါ်ပါလာတာ မသင်္ကာစရာတွေ့တာနဲ့ သူ့ကို အလောင်းပဲမြင်ရမယ်"

"ကျွန်မကို သတ်ပစ်ရော ရှင့်အပြစ်က ပျောက်မယ်မှတ်လို့လား"

လူကြီးက အက်တက်တက်ရယ်၍. . .

"နောင်တစ်ချိန် ပေါက်ဆိန်နဲ့ ပေါက်ရတော့မယ်မှန်းသိရင် ဘယ်သူမှ အပ်နဲ့မထွင်းဘူး. . . အပ်နဲ့ပြီးမလားလို့ ထွင်းကြည့်တာလေ

www.burmeseclassic.com

www.burmeseclassic.com



[illegible]လည်း ပေါက်ဆိန်နဲ့ ပေါက်ရမှာပေါ့. . . နင့်လို မလောက်လေး [illegible]တ လူတွင်ကျယ်လုပ်တာကိုတော့ ဘယ်တော့မှ အရှုံးမပေးဘူး. .

. . . ဟေ့ ဟိုကောင်မလေး ပြန်လေ ဘာလုပ်နေတာလဲ. . . တစ်နာရီအတွင်း လမ်းသုံးဆယ်ဘက်ကို ရောက်အောင်လာခဲ့. . . နောက်နေ့ကူးသွားရင် ဘာမှမရေရာတော့ဘူး"

"အို ဘာလို့လိုက်ရမှာလဲ. . . ဖယ်ပေးနော်"

မယ်မင်း ဆတ်ဆတ်ထိမခံဘဲ ရုန်းပစ်လိုက်စဉ် မျက်နှာအလှည့် မျက်ဝန်းထောင့်မှာ တစ်ယောက်ကို တွေ့လိုက်တာမို့ လှမ်းကြည့်လိုက်မိသည်။

ဩဇာသျှင်ကို တိုက်ဆိုင်စွာ တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွားစဉ် ဘသားချောက မြင်ရက်သားနဲ့များ မသိသလို မဆိုင်သလို မျက်နှာလွှဲသွားရက်သည်။

မြန်မာလူမျိုး မဟုတ်ဘူးလား. . .

ကိုယ့်ရှေ့မှာ ဒုက္ခရောက်နေသူ တွေ့နေတာတောင် မဆိုင်သလို ကျော်ခိုင်းသွားနိုင်လောက်တဲ့ အသည်းနှလုံးရှိသလား. . .

ရှေ့ကလူကြီးကို မယ်မင်း မေ့သွားသည်။



ဒေါသတွေရော မခံချင်စိတ်တွေပါ ပေါင်းစည်းဖြစ်ထွန်းကာ အသံတအား ညှစ်၍ အော်ဟစ်လိုက်တာ ဖြစ်လေသည်။

လူကြီးတစ်ချက် ကြောင်သွားစဉ် မယ်မင်း ဆတ်ခနဲ တွန်းပစ်၍ ဩဇာသျှင် ရှိရာပြေးသွားသည်။

ပပကလည်း ပြေးလိုက်လာ၏။

လူကြီးက သတိဝင်လာသည်နှင့် နေရာမှ လှစ်ခနဲ ပျောက်ကွယ်သွားလေသည်။

"ဒီမှာ ရှင့်ဆီကို အားကိုးတကြီး ပြေးလာတယ်လို့တော့ မထင်နဲ့နော်. . . ရှင့်လို လူမှုရေးစိတ်မရှိ အကြင်နာတရား ခေါင်းပါးတဲ့ လူမျိုးဆီက အကူအညီကို တောင်းဖို့လုံးဝ စိတ်ကူးမရှိဘူး"

မျက်နှာက ပြေးဝင်လာသည့် မယ်မင်းကို ဩဇာသျှင် ဘ အံ့သြမပြေစွာ ငုံ့ကြည့်၍. . .

"မင်းကိုး နေပါဦး. . . ရန်တွေ့လိုက်တာ လူကိုစက်သေနတ်ပစ်သလိုကြီးပါလား. . . နေရင်းထိုင်ရင်း ငါက ဘယ်သူ့ကို သွားကြင်နာရမှာလဲ. . . မင်းကိုလား"

"ရှင် စကားကို ကြည့်ပြောနော်. . . တော်ပြီ ရှင့်ကိုလည်း ရှင်းပြနေနိုင်ဘူး. . . . . လိုရင်းကိုပဲ ပြောမယ်. . . ဟိုနေ့က ရှင်နဲ့ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တိုက်မိပြီး မှားသွားကြတဲ့ ပစ္စည်းနှစ်ခုကို ပြန်လဲမယ်. . . ခုထုတ်ပေး"

ဩဇာသျှင်က ကားတံခါးကို တွန်းပိတ်ပစ်ကာ နောက်ပြန်မှီ၍ ခပ်နွဲ့နွဲ့ ရယ်လိုက်သည်။

မယ်မင်းက နှုတ်ခမ်းတွန့်ရုံလေး မဲ့လိုက်သည်။

"ငါက မင်းလို နေရာတကာ ပစ္စည်းတွေ စုကျုံးပြီး လွယ်ပိုးသွားနေတာမှ မဟုတ်ဘဲ. . . ဘယ်လိုလုပ် ပါလာမှာလဲ"

"အို ရှင်ကလည်း. . . ကိုယ့်ပစ္စည်းမှ မဟုတ်တာ. . . လမ်းကရတဲ့ပစ္စည်း လမ်းမှာတွေ့ရင်လဲလို့ရအောင် ကားပေါ်မှာပဲ ထားသင့်တာပေါ့"

"ထားတာပဲ. . . မင်းပစ္စည်းကို ကားထဲသွင်းလိုက်ပြီးကတည်းက လုံးဝ မတို့မထိခဲ့သေးဘူး. . . ဒါပေမယ့် ဒို့စီးတာ ကားကတစ်စီးတည်းမှ မဟုတ်တာ. . . ကားပြောင်းတိုင်း မင်းပစ္စည်းကို ဆွဲတင်ထားဖို့ဆိုတာ ဒို့အဲ့သလောက် အချိန်မပေါဘူး"

မယ်မင်းက တမင်မဲ့ရွဲ့ပစ်၍ မော့ကြည့်သည်။

"ရှင်က အခွင့်သာတုန်း တြွားကတတ်တဲ့အကျင့်လည်း ရှိတာပဲနော်. . . အသိနောက်ကျသွားလို့ ဆောင်းပါးထဲ မထည့်လိုက်ရတာနာတာပဲ"





သူ့ ကားတွေ ဒိတ်အမျိုးမျိုး အရောင်အမျိုးမျိုးနဲ့ ထည်လဲစီးနေတာတွေ့သားပဲ။

ယောကျ်ားတန်မဲ့ ကြွားတာကိုပဲ မုန်းတာ။

ဒါ ထုတ်ပြောစရာ ကိစ္စလား. . .

ဩဇာသျှင်က မယ်မင်းရန်တွေ့နေတာကို စူးစိုက်ကြည့်နေပြီး ရွှားပါးစွာ ပြုံးလေသည်။

"အင်း. . ကြွားတယ်ပဲ ထားလိုက်ပါတော့. . . ဒို့ဆယ်လူလာကမင်းရဲ့ကင်မရာထက် အဖိုးတန်ပါတယ်. . . နောက်ကြုံဖော်မှ လဲတာပေါ့"

"အို နေဦး"

မယ်မင်းက ဘာတစ်ခွန်းမှ ဝင်ပြောဖော်မရသည့် ၁ပကို တစ်ချက်လှမ်းကြည့်ကာ ဩဇာသျှင်ကို ဆွဲထားမတတ် တားသည်။

"ရှင့်ဆယ်ယူလာ ဘယ်လောက်တန်ဖိုးကြီးကြီး ကျွန်မတို့ မလိုချင်ဘူး. . . ကင်မရာကို ခုပဲလိုချင်တယ်. . . ဖြစ်နိုင်တဲ့ နည်းနဲ့လုပ်ပေး"

"ဒွတ်ကြီးပါလား"

"ဟုတ်တယ်. . . ဒွတ်ဝဲ ရှင့်ပစ္စည်းကို ကျွန်မပြန်ပေးနိုင်တာပဲ ရှင်လည်း ကျွန်မပစ္စည်းကို ပြန်ပေးနိုင်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ပစ္စည်းလေးနဲ့ကွာ. . . တဲ မင်းကင်မရာ ဘယ်လောက်တန်သလဲပြော"

"ရှင် ငွေစကားမပြောနဲ့. . . ဘယ်လောက်ပေးလို့မှ ကျေအေးလို့မရဘူး. . . ဒီကင်မရာကိုပဲ ပြန်ရမှဖြစ်မှာ"

သက်သက်ပြဿနာရှာတာပဲဟု ထင်ကာ ဩဇာသျှင် စိတ်မရှည်နိုင် ဖြစ်လာသည်။

"မင်းတို့ တမင်ပြဿနာ ရှာနေတာလား"

"ရှင့်ကို ပြဿနာရှာတော့ ဘာတွေအကျိုးရှိလာမှာမို့လို့လဲ. . . ပြောပြီးသားနော် ရှင့်ကို အဲ့သလောက် စိတ်မဝင်စားဘူး"

ပပ မနေသာတော့ပေ။

မယ်မင်း တမင်မပြောဘဲ ထားသည့်လား ဘာလားလည်း တိုင်ပင်မေးမြန်းမနေတော့ဘဲ. . .

"ကျွန်မတို့ တကယ့်ကို ပြဿနာရှိနေတာပါရှင်. . . အဲ့ဒီ ကင်မရာထဲမှာ သိပ်အရေးကြီးတဲ့ နက်ခ်တစ် ပါသွားပါတယ်. . . အဲ့ဒါကြောင့် ကျွန်မတို့ ခုနလေးကပဲ ပြဿနာတက်နေရပါသေးတယ်. . . တကယ်ပါ"

"ဘာလို့ ရှင်းပြနေတာလဲ ပပ. . . ကိုယ့်ပစ္စည်းကို ပြန်တောင်းတာ အဲ့ဒီလောက် ပြောနေဖို့လိုသလား"





"လိုတာပေါ့ မယ်မင်းရယ်. . . ဒီကိစ္စ ငါတို့နှစ်ယောက်တည်း ကြိတ်လုပ်လို့ ဘယ်လိုမှ မဖြစ်တော့ဘူး. . . ကြာလေအန္တရာယ်များလေပဲ ... အဲ့ဒီအလောင်းကိုစစ်ပြီး မသင်္ကာစရာတွေရှိနေလို့ ရဲဘက်က မရှမက် သိုက်နေတာ. . . ငါတို့အတွက် အန္တရာယ်သိပ်များတယ်"

"များတော့ဘာဖြစ်လဲ. . . ဒီလိုလူမျိုးကိုများ နင်က တိုင်ပင်အကူအညီတောင်းဖို့ စိတ်ကူးသေးတယ်. . . ဒီမှာ ကျွန်မပစ္စည်းကို ဒီညပဲ ပြန်လိုချင်တယ်. . . ရှင်ဘယ်လိုလုပ်ပေးမလဲ"

"မင်းက ဒို့ချိန်းတဲ့နေရာကို လာမှာလား"

"ရှင် ဘာစကားပြောတာလဲ"

ပပ ခေါင်းလေးတစ်ချက်ကုတ်ကာ. . .

"ဒီလိုပါရှင်. . . အဲ့ဒီ နက်ခ်တစ်က လူသတ်မှုတစ်ခု ကျူးလွန်... တဲ့ လူသတ်သမားရဲ့ လှုပ်ရှားပုံကို ရိုက်ယူထားတာပါ. . . စောစောက ...ကြီးဟာ လူသတ်သမားကြီးပါပဲ. . . အဲ့ဒါ"

"ရပြီ. . . ဒါဆို အဲ့ဒီနက်ခ်တစ် မင်းတို့မယူနဲ့တော့ လူသတ်သ...ကို ဖေါ်ထုတ်ဖို့ ဒို့ဆက်လုပ်မယ်"

"နငယ်အမြီးမတပ်ပါနဲ့ ဦးဩဇာသျှင်. . . ဒီဓါတ်ပုံထွက်လာမှ ...တော့ လူသတ်သမားပေါ်ပြီပေါ့. . . ကျွန်မတို့အခု လှုပ်ရှားနေတာလည်း လူ



www.burmeseclassic.com

www.burmeseclassic.com



သတ်သမားဖေါ် ထုတ်ရေး တစ်ခုတည်းမဟုတ်ဘူး. . . ကျွန်မ အသက်စွန့်ပြီး ကြိုးစားလာရသမျှ ကျွန်မရဲ့ဂျာနယ်ကိုလည်း အကျိုးရှိစေချင်တယ် ဒီသတင်း ကျွန်မလက်ထဲက ထွက်ကျလာတာကိုပဲ ကျွန်မလိုချင်တယ်"

အာဂတောင်မလေးပါလား။

ဒီလို အသက်စွန့် ဝါသနာကြီးတာမျိုး ပထမဆုံး ကြုံဖူးခြင်းအဖြစ် ဩဇာသျှင် အထူးတဆန်း ကြည့်သည်။

"ဒီကိစ္စ ဘယ်လောက်အန္တရာယ်ကြီးတယ်ဆိုတာ မင်းသိလား"

"သိတယ်"

"အဆင်မသင့်ရင် နောက်တစ်မှု ထပ်ဖြစ်လာနိုင်တယ်"

"ရှင့်အပူမပါပါဘူး"

"ဒါပေမယ့် ဒို့ကတော့ ပြန်မပေးနိုင်ဘူး"

"ရမလား. . . ဒါရှင့်ပစ္စည်းမှ မဟုတ်တာ. . . ရှင်က လူတော်အလယ်မှာ လူတတ်ကြီးလုပ်ပြီး ကျွန်မတို့က လူသတ်သမားကို ရင်ဆိုင်ရမလား"

"မင်း လူတတ်ကြီးမဖြစ်ခင် ကြွသွားရင် ဘယ့်နှယ်လုပ်မလဲ"

"ကြွပစေလေ. . . ကျွန်မ ဆုံးဖြတ်ချက်နဲ့ ကျွန်မလုပ်တာအတွက် နောင်တရနေဖို့ မရှိပါဘူး"



ဩဇာသျှင် နာရီတစ်ချက်ငုံ့ကြည့်၍ ခေါင်းညိတ်လိုက်သည်။

"မင်းတို့ အခု လိုက်လာနိုင်မလား"

"ရှင် တစ်နေရာကို ချိန်းလေ"

"မရဘူးကွ. . . နောက်ပြန်လှည့်ဖို့ ဘယ်လိုမှ အချိန်မရတော့ဘူး. . . ဒီကားသိမ်းဖို့ ရှမ်းကန်မှာ ဒို့ချိန်းထားတယ်. . . မင်းတို့ကို သူနဲ့ ထည့် းလိုက်မယ်. . . မင်းတို့ပစ္စည်းကို သူပဲ ယူပေးလိမ့်မယ်. . . မလိုက်နိုင်ရင်တော့ မတတ်နိုင်ဘူး"

"ပြီးရော. . . ရှင့်ကားနဲ့တော့ မလိုက်ဘူး"

"ကားပါလို့လား"

မယ်မင်းက မဲ့၍ ခပ်တည်တည်ပဲ ပြန်စိုက်ကြည့်သည်။

"ကျွန်မတို့က နေရာတကာ ပစ္စည်းတွေ တစ်လွယ်တစ်ပိုးနဲ့ သွားလာနေရတဲ့ ကလေကချေတွေလေ. . . ဒါပေမယ့် ကားပေးစီးတဲ့သူတော့ ရှိပါသေးတယ်. . . အဆင့်မြင့် ကလေကချေတွေပေါ့"

"ဟော့. . . မင်း ပါးစပ်ကြမ်းလှချေလား"

မယ်မင်းက ပခုံးတွန့်ရယ်ကာ. . .

"ကလေတချေပါဆိုမှ"

"မယ်မင်းရယ် ဒုက္ခပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မှုတ်နှာကြီးတင်းလာသည့် ဩဇာသျှင်ကို ပပ အားနာလာမိသည်။

မကျေနပ်ချက်တွေ များပြားနေပြီဖြစ်သော မယ်မင်းကအောာ တစ်ထစ်မှမလျှော့ပါချေ။

✕ ✕ ✕ ✕ ✕



အခန်း (၁၅)

"ရှိင်းတာတွေ့လား ငါတို့ကို အထဲဝင်ထိုင်ပါဦးတောင် လော ဘွတ်ပြုဖေါ်မရဘူး"

"ဟဲ့ . . သူက အလုပ်သမားကိုး . . ဩဇာသျှင်က မမှာလိုက် တာဘဲ သူဘယ်ခေါ်ဝံ့မလဲ"

"အဲ့ဒီဩဇာသျှင်ဆိုတာကိုပဲ ပြောတာပေါ့ . . ငါတို့ကို သိပ် အထင်သေးတယ်"

"ငါတို့ကရော သူတွေ့လိုက်ရတိုင်း အထင်ကြီးစရာ ရှိလို့လား"

နှစ်ယောက်သား ပေါ်တီကိုအောက်မှာ ရပ်စောင့်နေကြရင်း မှန် နဲ့ဘာဂျာနှစ်ထပ်ပိတ်ထားသည့် တိုက်တံခါးဝကိုကြည့်လိုက် ဒရှိင်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတဲ့ဆီ ခြေလေးငါးလှမ်းခန့် တိုးလိုက်သွားသည်။

"ဟယ် ဂိုဒေါင်ထဲမှာ ကားတွေတစ်တန်းကြီးပဲဟ. . . ဒီပုဂ္ဂိုလ် တကယ်ချမ်းသာတာပဲ"

"ဥစ္စာရှင်ကြီးနေမှာပေါ့ ပပရယ်. . . ကားတွေ သိမ်းထားပြီး ဥစ္စာ ခြောက်နေတာ အသိသာကြီးကို"

သူမတို့ တိတ်တိတ် ကြိတ်ပြောနေကြတုန်း ဒရိုင်ဘာပြန်ရောက် လာသည်။

"ညီမတို့ ပစ္စည်းက ဒါလေးလား"

မယ်မင်းရဲ့ ကင်မရာမည်းလေးပဲ ဖြစ်လေသည်။

နှစ်ယောက် ကားပေါ် ပြန်တက်၍ ခြံထဲက မောင်းထွက်လိုက် သည်နှင့် ခြံတံခါးကြီးနှစ်ချပ်က ပြန်ပိတ်သွားသည်။

"ကဲ ငါတို့ ဒါကြီးကို ဘာဆက်လုပ်မှာလဲ"

မယ်မင်းက ကားမောင်းရင်း ပပ မေးတာကို မဖြေနိုင်ဘဲ သူမတို့ ရှိရာတည့်တည့် ဝင်ချလာသည့် ကားတစ်စီးကို စူးစိုက်ကြည့်နေသည်။

လမ်းက ခပ်ကျဉ်းကျဉ်း အလင်းရောင်က အားနည်းနည်း ဆိတ် ငြိမ်ရပ်ကွက်မို့ ညကိုးနာရီလောက်က သန်းခေါင်ကျော်ကြီးလို တိတ် ဆိတ်ငြိမ်သက် ခြောက်ကပ်နေ၏။





"ဟယ်. . . ရှေ့ကကားက ဘေးလည်းမချတူး. . . တည့်တည့် ကြီး ဝင်လာပါလား"

"ငါတို့ပိတ်မိပြီ"

"ဘုရား. . . ဘုရား. . . ဟိုလူကြီးပါလား. . . နင် နင် အသက် အန္တရာယ်ဖြစ်တဲ့အထိတော့ မက်မောမနေပါနဲ့ မယ်မင်းရယ်"

သူမတို့ စကားမဆုံးသေးမီ ကားက သူမတို့ကားနှင့် ဦးချင်းဆိုင် ထာ တံ့ရပ်သွား၏။

ကားက အငှားကားတစ်စီးဖြစ်လျှက်. . .

မီးဖွင့်လျက်သားနှင့် နှုတ်ခမ်းမွေးနှင့် လူကြမ်းကြီး ဆင်းချလာ သည်။

"ကဲ. . . နင်တို့မှာ ပစ္စည်းပါလာတာ ငါသိတယ်. . . တစ်ခါ တည်းပေးလိုက်"

"ဘာပစ္စည်းလဲ. . . ဘာမှမပါဘူး. . . ရှင့်ကို မနက်ဖြန်ပေးမယ် လို့ ပြောထားတယ် မဟုတ်လား"

"မိန်းမလည်လေး မယ်မင်းဆိုတဲ့ နာမည်တစ်လုံးနဲ့ လျှောက်မွှေ နေတာ ငါမသိဘူးမှတ်လို့လား. . . ဆင်း ခုဆင်းစမ်း"

လူကြီးက ကားတံခါးကို သူဖာသာဆွဲဖွင့်၍ မယ်မင်းကို မှုသား

www.burmeseclassic.com

www.burmeseclassic.com



တရား ဆွဲချလေသည်။

"အို ဟော့လူကြီး . . . ဘာလုပ်တာလဲ . . . မယ်မင်းကို လွှတ်လိုက်"

ပပ အသည်းအသန်ဆင်း၍ မယ်မင်းကို တအားပြန်ဆွဲထားသည်။

မယ်မင်းက လူကြီးဆွဲထားသည့် လက်ကိုရုန်းမရသည်နှင့် မျက်နှာကို ခေါင်းနဲ့ဆောင့်တိုက်ပစ်လိုက်၏။

"ဒုတ်"

"အား . . ."

လူကြီး ရုတ်တရက် မထင်မှတ်စွာ နှာခေါင်းကို လက်နှင့်အုပ်၍ မူးမိုက်သွားလေသည်။

သို့သော် မယ်မင်းရဲ့ ဒုတိယဝင်လာသည့် လက်သီးလုံးလေးကတော့ ဖက်ခနဲ ဆုပ်ဖမ်းမိသွားသည်။

"သူတောင်းစားမ . . . ညာလို့ညာမှန်း မသိဘူး ကဲ"

"ဟိတ် ရပ်လိုက်စမ်း"

အသံက ဟိန်းထွက်သွားသလို မီးရောင်တစ်ချက် ဝင်းခနဲ ဖြာသွား၏။



ဆိုင်ကယ်တစ်စီး . . .

စီးနင်းလာသူကို မယ်မင်းရော ပပပါ သိလိုက်ကြ၏။

လူကြီးမျက်နှာပျက်သွားကာ ချက်ချင်းမားဆွဲထုတ်၏။

ပြီးတော့ မယ်မင်း လည်တိုင်ဖွေးဖွေးလေးကို တေ့ထောက်၍ ဆိုင်ကယ်အနားရောက်လာတဲ့အထိ စောင့်ကြည့်နေသည်။

"ဟီးရိုးဝင်မလုပ်နဲ့ ကိုယ့်လူ . . . ဒီနေရာမှာ အလောင်းချင်းထပ်သွားမယ်"

ဩဇာသျှင်က ဆိုင်ကယ်စီး ဦးထုပ်ကိုချွတ်၍ လက်ကိုင်မှာချိတ်လိုက်သည်။

ပြီးတော့ ဆိုင်ကယ်ပေါ်က ဆင်း၏။

"မလုပ်ပါနဲ့ . . . သွေးသံရဲရဲ ဖြစ်ကုန်ပါ့မယ် . . . ကျွန်တော့်မှာ ကိစ္စလေး နည်းနည်းရှိလို့ သူတို့နဲ့ ရှင်းပြီးရင် ခင်ဗျားအလုပ် ခင်ဗျားဆက်လုပ်ပေါ့ . . . ဖြစ်တယ် မဟုတ်လား"

"ဘာအလုပ်လဲ"

"အဲ့ဒါ သူတို့နဲ့ပြောရမှာလေ . . . ကဲ ကဲ . . . မင်းတို့ပစ္စည်းပြန်ရပြီဆိုတော့ ဒို့ဖုန်းပြန်ပေးခဲ့ဦးလေ . . . ဖုန်းတစ်လုံးကို အနည်းဆုံး ငါးသိန်းကျော်တန်တယ်နော်"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မယ်မင်း မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

ပပ ဝမ်းသာစိတ်ဖြစ်မိတာလေးတွေ လွင့်စင်ပျောက်ကွယ်ကုန်၏။

ဩဇာသျှင်ကို ဖဲ့ဩမှင်တက်စွာ ငေးကြည့်နေမိလေသည်။

"ဟော့ ပြောလေကွာ"

"ရှင်. . . ရှင်ဟာ တော်တော့်ကို ရွံမုန်းစရာ ကောင်းတဲ့လူ. . . အရူး"

မယ်မင်း ပစ်ပစ်နှစ်နှစ် ပြော၍ တက်ခေါက်၏။

လူကြီးက မျက်မှောင်ကုတ်ကြည့်နေကာ အခြေအနေကို အကဲခတ်နေသည်။

"ဦးဩဇာသျှင် ရှင့်အဲ့သလောက် ရက်စက်ဖို့တော့ မကောင်းဘူး"

ပပ အသံလေး တုန်နေ၏။

"ဘာကိုလဲ. . . ဒို့က မဆိုင်တာကို မရှုပ်ချင်ဘူး. . . မင်းတို့ ရှင်းလင်းတဲ့ ကိစ္စ ဒို့စိတ်မဝင်စားဘူး. . . ဖုန်းဘယ်မှာလဲ"

"မရှိတော့ဘူး. . . လမ်းမှာလွှင့်ပစ်ခဲ့ပြီ. . . ရှင် ဘာလုပ်ချင်လဲ"





"ဟင်. . . မင်း မင်းတော်တော်ဆိုးပါလား"

ဩဇာသျှင် ဒေါသတကြီး ရှေ့တက်လာကာ မယ်မင်းကို တစ်ခုခုလုပ်ပစ်တော့မလို လက်ရွယ်လျက် လူကြီးရဲ့ မျက်နှာတည့်တည့်ကို အားပြင်းထည့်ကာ ခွပ်ခနဲ ထိုးချလိုက်သည်။

သတိလစ်သွားသည့် လူကြီး မျက်နှာ ပက်ခနဲလန်သွားသည်နှင့် ဓားကိုင်ထားသည့်လက်ကို ဆွဲလိမ်ပစ်လိုက်သည်။

မယ်မင်း လှစ်ခနဲပြေးကာ ပပ နားရောက်သွားသည်။

"အား. . ."

လက်လိမ်ချိုးခံရသဖြင့် လူကြီးအသံ ခပ်ကျယ်ကျယ် ညည်းညူကာ ဓားကိုလွှတ်ချလိုက်သည်။

ဩဇာသျှင်က ဓားကို အသာလေး ကန်ထုတ်ပစ်၍ ဇက်ပိုးကို လက်ဝါးစောင်းနှင့် ခုတ်ချလိုက်၏။

လူကြီး အသံပင်မထွက်နိုင်ဘဲ ခွေခေါက်လဲကျသွားကာ ပြန်ထမလာနိုင်တော့ပေ။

ဩဇာသျှင်က ဒီဘက်မှာရှိသည့် ကားဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားကာ အတွင်းက မောင်းသူနေရာမှာ ထိုင်နေသည့် လူကိုငုံ့ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"တဲ. . . အထဲကပုဂ္ဂိုလ် ဆင်းခဲ့ပါဦး"

"ဟာ. . . ကျ. . . ကျွန်တော် မပါပါဘူးဗျာ. . . ဒီလူက ကျွ

တော်အဖေ့ရဲ့ အလုပ်ရှင်ပါ. . . ကျွန်တော့်ကားကို သူငှားလာလို့ ဘာမ

ညာမသိနဲ့ လိုက်လာတာပါ"

တုန်တုန်ယင်ယင်နှင့် ငြင်းဆိုရင်း ကားပေါ်ကလူ ဆင်းလာ

သည်။

ဩဇာသျှင်က ကားတစ်စီးလုံးကို သေချာကြည့်ကာ. . .

"ခင်ဗျားကားက အငှားကားမှ မဟုတ်ဘဲ. . . ဘာမသိညာမ

တွေ ဘေးချိတ်ပြီး သူ့ကို ခင်ဗျားကားပေါ်တင် ရဲစခန်းကိုမောင်း"

"ဟာ. . . ဆ ဆရာရယ်. . . ကျွန်တော့်မှာ သားမယားနဲ့ပါ

"အဲ့ဒါတွေ စခန်းကျမှရှင်းလေ. . . ဒီလူ ဘယ်လိုလူလဲဆိုတာ

ခင်ဗျား မသိဘဲမနေပါဘူး. . . အချိန်မရှိဘူး သူ့ကိုဆွဲတင်"

မယ်မင်းနဲ့ပပ မြင်ကွင်းကို စူးစိုက်ကြည့်နေမိကြသည်။

ကားက လူကြီးကိုတင်ပြီး ဖြည်းဖြည်းချင်း ဘက်ဆုတ်သွား

သည်။

ဩဇာသျှင်က ဆိုင်ကယ်ကို ခွထိုင်လိုက်ပြီး. . .

"ဟောဟိုဓားကို လက်ကိုင်ပဝါလေးနဲ့ အုပ်ကောက်ပြီး နောက်



တလိုက်ခဲ့ကြ"

ပြောတဲ့အတိုင်း ကပျာကယာကောက် ကားပေါ်ပြန်တက်

မောင်းထွက်လိုက်ခဲ့ကြပေမယ့် နှစ်ယောက်လုံး နားမလည်နိုင်စွာရှိနေဆဲ။

သူမတို့ကို ဒရိုင်ဘာ ကားနောက်က လိုက်ခိုင်းပြီး ဩဇာသျှင်

ကိုယ်တိုင် မရှေးမနှောင်း ပြန်ချလာတာ ဒီအဖြစ်တွေကိုများ ကြိုတင်ခန့်

မှန်းမိလို့လား။

ဘာပဲဖြစ်ဖြစ် အသက်ဘေးက လွတ်လာတော့ မယ်မင်းရဲ့မနာ

လိုစိတ်က ခေါင်းထောင်လာသည်။

ဒီနောက်ပိုင်းခန်းမှာ ကိုယ်တစ်ယောက်တည်းပဲ ပါးပါးလေး

ကသွားချင်တာ. . .

X X X X X



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အမလေးလေး ဖြစ်ရလေ အမင်းရယ်. . . ဖြစ်ရလေအေ. . . မိန်းကလေးတန်မဲ့နဲ့ ရှုံးရောက်ဂတ်ရောက် ဖြစ်ရတယ်လို့. . . ရှက်ဖို့ကောင်းလိုက်တာ"

ဒေါ်ဆွေဇင် ရင်ဘတ်ထုနေသည့်လက်က တော်တော်နှင့် မနား ဘဲရှိတာ 'ဖြစ်ရလေ'ချင်း ထပ်နေတော့သည်။

မယ်မင်းက မျက်နှာလေး ငုံ့ချထားလျက်မှ. . .

"ဘွားလေးကလည်း ရှုံးရောက်ဂတ်ရောက်တာ အမင်းဖြစ်မှု ကျူး လွန်တာမှ မဟုတ်တာ. . . အမင်းကြောင့် လူသတ်တရားခံမိတာ"

"တော်ပါတော့ အမင်းရယ်. . . ကျုပ် ထပ်မကြားပါရစေနဲ့. . .





ဒီလူသတ်တယ်ဆိုတာကြီးကို ကံကောင်းလို့ ဒီမျက်နှာလေးကို မြင်နေရတာ ဒီလောက် အန္တရာယ်ကြီးတဲ့ အလုပ်ကို ညည်းအသက်နဲ့ရင်းပြီး လုပ်ဝံ့တာ အံ့ပါရဲ့အေ. . .

. . . တော်ပြီ ညည်းလေးကို ကျုပ်မနိုင်တော့ဘူး. . . ဒီအလုပ်ကိုလည်း လုံးဝမလုပ်ရတော့ဘူး. . . မေရီနဲ့ မင်းထွဋ်တင်ကိုလည်း ဒီမနက်ပဲ အမြန်ဆုံးလာဖို့ အကြောင်းကြားလိုက်ပြီးပြီ. . . သူတို့လာတာနဲ့ ညည်းလေး ပြန်သာလိုက်သွားပေတော့"

"ဟင်"

မယ်မင်း ကိုယ်လေး တွန့်ခနဲ ဖြစ်သွားသည်။

"ဘွားလေး. . . တကယ်အကြောင်းကြားလိုက်ပြီပေါ့"

"ဩော်. . . ဒါ ညာစရာလား"

"ရက်စက်တယ်. . . ဘွားလေး တအားရက်စက်တာပဲ. . . မေမေတို့လာရင် အမင်းကို ယောက်ျားပေးစားမှာသိလား"

မယ်မင်းက ထိုင်နေရင်းက ဖင်ကြွပြန်ဆောင့်ထိုင်ကာ ဆံပင်ကိုထိုးဖွ ပေါင်ကို ပြန်ထုလျက် ငိုချတော့မယ့်အတိုင်း။

"ဟဲ့. . . ရန်ကုန်လိုက်လာပြီး ပေးစားရလောက်အောင်. . ."

ဒေါ်ဆွေဇင် စကားမဆုံးခင် မယ်မင်းက ဆိုဖာကို ဒေါသနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကပ်ပစ်ကာ. . .

"ရှိတယ် သိလား. . . မေမေတို့မှာလေ ရန်ကုန် မန္တလေး ပြည် မြန်မာနိုင်ငံ ဘယ်အရပ်သွားသွား ဘယ်အဝေးပြေးကားပဲစီးစီး ပစ်မလွဲတဲ့ မိတ်ဆွေတွေ ပေါမှပေါ. . . အဲ့ဒီမိတ်ဆွေတွေမှာ ရှိသမျှ သားတွေနဲ့ မယ်မင်းကို လက်ထပ်ပေးဖို့ ကြိုးစားနေတာ. . . ဘွားလေး သိလား"

"တစ်ယောက်ယောက်နဲ့လို့ ပြောစမ်းပါကွယ်"

"တစ်ခြမ်းလေးနဲ့ကို အမင်းမယူနိုင်တာ ဘွားလေးရဲ့. . . အမင်း အိမ်ထောင်မပြုချင်ပါဘူး. . . အမင်းကို ပြန်မထည့်ပါနဲ့ ဘွားလေးရယ် နော်"

"အို လာခေါ်ဖို့ ပြောထားတဲ့ကိစ္စ မထည့်လို့ဖြစ်မလား. . . ဒီ လောက်လည်း ငွတ်စီစဉ်ဦးမယ် မထင်ပါဘူးအေ. . . အေးအေးဆေးဆေး ပြောယူပေါ့ ကိုယ့်မိဘပဲ"

"ကိုယ့်မိဘမို့ ခက်တာပေါ့. . . အခု ဘွားလေး တိုင်ထားတဲ့အမှု ကိစ္စတွေနဲ့ဆို အကြောင်းပြစရာရပြီး အမင်းကို ဘယ်လိုမှ အရှင်ထား တော့မှာ မဟုတ်ဘူး"

"ဟဲ့. . . ခြောက် ခြောပုံက မိဘကို"

"မသိဘူး. . . အမင်းကတော့ ယောကျ်ားပေးစားမယ်ဆို ထွက်



ကိုပြေးမှာ"

"ကြည့်စမ်း"

"အဲ့ဒီကိစ္စနဲ့ မောင်းတင်လာကြည့် တစ်ချိုးတည်း ပစ်ပြီမှတ်"

"အမင်းနော်"

"တကယ်လုပ်မှာ ဘွားလေးကြည့်"

"ပြောလေ ကဲလေပါလား"

ဒေါ်ဆွေဇင် ရင်မောသွားသည်။

မလုပ်ဘူး မပြောနိုင်. . .

ဒီကောင်မလေးကို မယ်မင်းလို့ နာမည်ပေးမိတာကိုက မှားတာပါ။

နေရာတကာ 'မယ်မင်းကြီးမ'ရယ်လို့ ရင်သပ်ရှုမောဖြစ်အောင် လုပ်တတ်တဲ့ မိန်းကလေး။

ကိုယ်ကတော့ ဘာမှတတ်နိုင်မည် မဟုတ်ပေ။

သူ့မိဘတွေ မြန်မြန်ရောက်လာဖို့သာ ဆုတောင်းရပါတော့မည်။

သန္တာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ပြာလဲ့လဲ့ ရေကူးကန်ကြီးနှင့် လှပကျွမ်းကျင်စွာ ကူးခတ်နေကြသည့် ရောင်စုံရေသူမလေးတွေ ရေသူထီးလေးတွေကို ငေးကြည့်ကာ မယ်မင်းပျော်သလိုလို ကြည်နူးသလိုလို။

သူတို့ရဲ့ လွတ်လပ်စွာ ပျော်ရွှင်မှုကို မျှဝေခံစားနေမိသည်။

သို့သော်. . .

မေမေတို့ ရောက်လာကြတော့မည်ဆိုသည့် အတွေးဝင်လာလျှင် မယ်မင်း မျက်နှာလေး ချက်ချင်းညိုးကျသွားလေသည်။

"ဟိတ် မင်းရေမကူးဘူးလား"

ကိုယ့်အတွေးနှင့်ကိုယ်မို့ မယ်မင်း လန့်သွားသည်။





မော့ကြည့်လိုက်တော့ ဩဇာသျှင် ဖြစ်နေ၏။

ဘောင်းဘီရှည်အနက် ရှပ်အင်္ကျီအဖြူနှင့် အပေါ်က လောင်းကုတ်အရှည်အနက်ကို ထပ်ဝတ်ထားလျှက် မြင်နေကျတိုင်း နက်ခ်တိုင် တပ်မထားပါ။

နောက်လှန်ဖြီးထားသည့် ဆံပင်တို့က ကရင်မ်အမျိုးမျိုး လိမ်းထားသ ပို့ ပြောင်လက်ကာ မျက်နှာပြင်က ချောမွေ့နေ၏။

သူက မယ်မင်း ထိုင်နေသည့် ထီးကလေးအောက်မှာ ဝင်ထိုင်လိုက်ပြီး. . .

"ရေမကူးဘူးလား"

ထပ်မေးသည်။

"ရှင်ကရော"

"ဒို့က ကိစ္စရှိလို့ ခဏဝင်လာတာ"

"ရှင့်လိုပဲပေါ့"

ဩဇာသျှင်က ပြုံးလိုက်၏။

ဒူးအောက်စကတ်ကျပ်ကျပ် အနီရဲရဲလေးနှင့် ကုတ်အင်္ကျီအနီရဲရဲကို တီရှပ်အဖြူလေး ခံဝတ်ထားသဖြင့် ဆံနွယ်ပျော့ပျော့တိုတိုလေးများနှင့်သော မယ်မင်း ပုံစံလေးက ထင်းနေအောင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com

ယာခန်းထဲမှာ ပုပုအသားနီနီနဲ့ လူတစ်ယောက်ကို မင်းရိုက်ပစ်ခဲ့တာလေ"

မယ်မင်း မျက်နှာလေး ရဲခနဲဖြစ်ကာ မသိမသာ စောင်းငဲ့သွားတာကို ဩဇာသျှင်က စိုက်ကြည့်နေပြီ။

"အဲ့ဒီနေ့က ဒို့ သူ့ဆီကိုလာတာ. . . အခန်းထဲ ဝင်လိုက်တော့ သူသတိလစ်နေတယ်. . . မင်းရိုက်ချက် တော်တော်ပြင်းတာပဲ. . . ခေါင်းမှာ လေးချက်တောင် ချုပ်ရတယ်"

"ဒါဆို ရှင်က အဲ့ဒီလူကြီးရဲ့ မိတ်ဆွေပေါ့. . . ဒါဆိုရင်တော့ ရှင်နဲ့အကြိမ်ပေါင်းများစွာ တွေ့ဆုံခဲ့ဖူးသမျှအတွက် သိပ်ကိုနှမြောစရာ ကောင်းသွားပြီ"

"ဟော့. . . စွတ်ပြောမနေနဲ့လေ. . . ဒို့က သူနဲ့ပတ်သက်တဲ့လူတစ်ယောက်အကြောင်း စုံစမ်းဖို့လာတာ. . . အဲ့ဒီနေ့က ဒို့မှာဘာမှမမေးခဲ့ရဘဲ သူ့အတွက် အကျိုးဆောင်လုပ်ပေးခဲ့ရတယ်"

"သူ ဘယ်လိုလူမျိုးမှန်း မသိဘဲ ရှင်ကကူညီရသလား"

"ဒီလိုပြောလို့ မရဘူးလေ. . . သူဘာဖြစ်ဖြစ် ကိုယ့်ရှေ့မှာ သွေးသံရဲရဲ ဖြစ်နေတာကို ဘယ်လိုလုပ် ထားခဲ့ရမလဲ"

လူသတ်သမားနဲ့ အရှန်းအကန်း ဖြစ်ရတဲ့ညကတော့ လှမ်းမြင်ရက်သားနဲ့ သူကျောခိုင်းဖို့ပြင်ကာ ကားထဲဝင်တော့မယ့်ဆဲဆဲလေ။





မယ်မင်း ဖေါသဖြစ်လွန်း၍ လှမ်းအော်လိုက်မိလို့သာ မလွှဲသာ၍ ပြန်လှည့်လာရတာ မဟုတ်ဘူးလား။

သတိတရဖြစ်၍ မယ်မင်းက မဲ့နေသည်။

"မေးကြည့်တော့ ခိုးမလို့ ဝှက်မလို့ ဝင်လာတဲ့ မိန်းကလေးတစ်ယောက်က အလစ်မှာ ဆော်ထွက်သွားတာတဲ့. . . ဒို့ ချက်ချင်းစဉ်းစားမိလိုက်တယ်. . . မင်းသေလုမျောပါး ပြေးလာတာကိုလေ. . . သိပ်လည်း အလှမ်းမကွာဘူး မဟုတ်လား"

"အဲ့ဒီလို ဆက်စပ်တွေးကြည့်တော့ သူ့ခိုးဂျပိုးလိုလို ကောင်မလေးက ကျွန်မဖြစ်နိုင်တယ်ဆိုတာ တွေးမိသွားရောလား"

"မဟုတ်ဘူး. . . မင်းနဲ့သူ့ကို ဆက်စပ်တွေးကြည့်လိုက်မိပေမယ့် မင်းကို ဒို့ဒီအဆင့်ထိ မတွေးခဲ့ဘူး. . . ဒီကြားထဲမှာ မာနေတဲ့အချက်တွေလည်း တော်တော်များတယ်လေ. . . အဲဒီကစပြီး မင်းကို စိတ်ဝင်စားခဲ့တာ"

"မဆိုးပါဘူး"

"အခု ဒီလူသတ်မှုပေါ်လာမှပဲ မင်းလှုပ်ရှားခဲ့တာတွေကို ခရေစေ့တွင်းကျ သိခဲ့ရတယ်. . . မင်း တော်ပါတယ်"

မယ်မင်းက အကျီလက်စလေး အသာပင့်၍ နာရီကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူမလာတော့ဘူး ထင်တယ်. . . ဆောရီးနော် ဒီနေ့ရှင့်မှာ အချိန်တွေ ပိုနေပေမယ့် ကျွန်မ မအားဘူး"

ပြော၍ ကျောပိုးအိတ်လေးကို ကောက်လွယ်လိုက်သည်။

သူ့ကို တမင်လုပ်နေတာမှန်းသိကာ ဩဇာသျှင်က ပြုံးနေသည်။

မယ်မင်း ထရပ်တော့ သူပါလိုက်ရပ်သည်။

"မယ်မင်း"

မယ်မင်းက ဘောက်ဆတ်ဆတ် လျှောက်ပစ်ရင်း သူ့ကို လှည့်ကြည့်သည်။

သူက မယ်မင်းနဲ့ယှဉ်လျှောက်လာပြီး. . .

"မင်းနဲ့ဒို့ တစ်နေရာရာမှာ ဆုံလို့ရမလား"

"ဆုံတော့ ဆုံဖြစ်မှာပါ. . . ကျွန်မက ကလေကချေလေ. . . လမ်းပေါ်မှာ ရှိမှာပဲ"

"ဒါဆို လမ်းလျှောက်ရ သက်သာအောင် ဒို့နဲ့လိုက်ခဲ့ပါလား. . . သွားမယ့်နေရာကို ချောချောမောမော ရောက်အောင်ပို့ပေးမယ်"

မယ်မင်း မျက်နှာရှုတ်တရက် တင်းသွားသော်လည်း သူတမင်ပြောလိုက်မှန်းသိကာ မဲ့ရယ်သည်။

"ကျွန်မက ကလေကချေပေမယ့် ကားကြုံစီးတာ ဝါသနာမပါ





ဘူး"

"ဒို့ကလည်း လူတိုင်းကို လမ်းကြုံခေါ်တတ်တဲ့ သူတော့မဟုတ်ဘူး. . . ဒါလည်း ထားလိုက်ပါ. . . ဂွတ်ဒ်ဘိုင်"

စကားပင် ဆုံးအောင်မပြောနိုင်ဘဲ မယ်မင်း နှုတ်ဆက်တော့မှာတိုသိလျက် သူကပင် စတင်လက်ပြလိုက်ခြင်းဟာ အတ္တပဲထင်သည်။

မယ်မင်း နေရာမှ မခွာဖြစ်သေးဘဲ သူ့ကျောပြင်ကို သမင်လည်ပြန်တစ်ချက်ကြည့်မိသည်။

ဩဇာသျှင်. . .

ရှင်ဟာ အရာရာကို အနိုင်နဲ့ပိုင်းချင်တဲ့ လူမျိုးပါလား. . .

✕ ✕ ✕ ✕ ✕



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ဟာ. . . မယူဘူး မယူဘူး. . . မေမေနော် အမင်းကို ဖွင့်

ပေးစားနဲ့"

"ဒါမေမေက စီစဉ်တာ မဟုတ်ဘူး. . . ရုန်ကုန်ရောက်ကတည်း

က မင်္ဂလာကိစ္စအားလုံး စီစဉ်ပြီးမှ ဒီကိုလာခဲ့တာ. . . အားလုံး သမီး

ဖေဖေပဲ စီစဉ်တာ"

"ဖေဖေ့ကို အမင်း မပြောရဲမှန်းသိလို့ မေမေ သက်သက်လှည့်

ပြောတာမဟုတ်လား. . . အိမ်ထောင်ရေးဆိုတာ တစ်သက်တာအရေး. . .

မေမေတို့ သဘောကျတိုင်း အမင်းကမှ မချစ်တာ ဘယ်လိုလက်ထပ်ရမှာ

လဲ"





"ချစ်တာ မချစ်တာက သံယောဇဉ်နဲ့ ချည်နှောင်သွားမှာပါ

သမီးရယ်. . . ကောင်လေးက လူချောလူတော်လေးပါ. . . ပြီးတော့ မေမေ

တို့ထက် အများကြီး ချမ်းသာတယ်. . . တစ်ဦးတည်းသောသား"

"အမင်းတို့မှာလည်း ချမ်းသာသင့်သလောက် ချမ်းသာတာပဲ. .

ပြီးတော့ အမင်း ဆင်းရဲမှာလည်း မကြောက်ဘူး. . . အဲ့ဒီလူကို မယူပါရ

စေနဲ့နော်"

"ကတ်ဖွဲ့ပြောမနေနဲ့ သမီး. . . သမီးက ဆင်းရဲမှာမကြောက်ပေ

မယ့် မေမေတို့က သမီးဆင်းရဲတာကို ကြည့်မနေနိုင်ဘူး. . .

. . . အထူးသဖြင့် ခုလို လွတ်လွတ်လပ်လပ်နေပြီး ထင်သလို

သွား ထင်ရာလုပ်"

"အမင်း အလုပ်ကိစ္စကလွဲပြီး ဘာမှရှုပ်ရှုပ်ယှက်ယှက် မလုပ်ခဲ့

ပါဘူး"

"ရှုပ်ရှုပ် မရှုပ်ရှုပ် မိန်းကလေးဆိုတဲ့ သိမ်မွေ့ခြင်းတွေ သိက္ခာ

တရားတွေ သမီးမှာ ဘာရှိသလဲ. . . နောင်ကြာလာလေ ဒါတွေဟာ ဘဝ

အတွက် အနာအဆာတွေ ဖြစ်လာလေပဲ. . .

. . . . ခုတောင် သမီးနဲ့ ပတ်သက်တဲ့အလုပ်အကိုင် အနေ

အထိုင် အကျင့်စရိုက် ခုရှုပ်မှ နောင်ရှင်းဆိုသလို မေမေတို့အားလုံး ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



ရတယ်. . .

. . . အဲ့ဒီမှာ ဘယ်လောက်မျက်နှာငယ်ရ တယ်မှတ်လဲ. . . သမီးမှာ မိဘအရှိန်အဝါလေးပဲ ရှိတော့တယ်. . .

. . . အဲ့ဒါ နားလည်လား မိန်းမဘဝရဲ့ ဂုဏ်သိက္ခာကို သမီး ဘယ်လောက် နားလည်သလဲ"

ဒေါ်မေရီ ဒေါသသံပါလာတော့ မယ်မင်း နှုတ်ခမ်းလေးစူကာ ငုံ့ကျသွားသည်။

စိတ်ထဲမှာတော့. . .

မိန်းမ မိန်းမဘာဖြစ်လဲ. . .

ဒီလိုနေလို့ ထိုင်လို့ ယူမယ့်သူမရှိတော့ ပိုတောင်ကောင်းသေး တယ်. . .

"ဘာတွေပြောနေတာလဲ. . . ဒါ ခေါင်းငုံ့ပြီး ပွစိပွစိနဲ့"

ဒေါ်မေရီ မျက်နှာကို သေချာလိုက်ငုံ့ကြည့်၍ မယ်မင်းရေရွတ် နေတာတွေကို တွေ့သွားသည်။

မယ်မင်း ပြုံးစိစိ ဖြစ်သွားလျက်. . .

"မေမေကလည်း မေမေ့ကို မပြောပါဘူး"

"ဟင်း ဟင်း. . . မိမယ်မင်းလေးနော် ကျပ်ကျပ်သတိထား"



မေမေက ဒီလိုပဲ။

ဒေါသဖြစ်လာပြီဆို သမီးတွေ ဘာညာတွေ ပျောက်ကုန်သည်။

"မနက်ဖြန်ညနေ အင်းလျားလမ်းကို ထမင်းစားသွားမယ်. . . မင်္ဂလာကိစ္စ တစ်ခါတည်း တိုင်ပင်ပြီး လက်ထပ်ဖို့ ရက်သတ်မှတ်မယ်"

"ဟာ. . . အဲ့ဒီလောက်ကြီးတော့ မမြန်ပါနဲ့ မေမေရာ. . . တစ် လလောက်ဖြစ်ဖြစ်"

"စျေးမဆစ်နဲ့ အဲ့ဒါ ညည်းဖေဖေ ဆွဲထားတဲ့ အစီအစဉ်"

"ဖေဖေက ဘယ်မှာလဲ. . . အမင်း ဖေဖေ့ကို ပြောမယ်"

"အမလေးရပါလိမ့်မယ် အားကြီး"

မယ်မင်းတို့ စကားပြောနေတဲ့ အခန်းထဲ ဘွားလေး ဝင်လာ သည်။

"ညည်းအဖေ လူ့ဝွစာ လူကန့်လန့်ကြီးက ပိုဆိုးသပေါ့အေ. . . နဂိုကတည်းက ဒါဆိုမှဒါ. . . သူများတွေ မယားပြောတစ်ညတဲ့. . . ဟော ဒီမိန်းမကတော့ ယောက်ျားပြောတစ်ညတဲ့. . .

. . မိဘဆွေမျိုးကိုပစ်ပြီး ယောက်ျားနောက် ကောက်ကောက်ပါ လိုက်သွားလိုက်တာ တစ်ချက်မှကို ပြန်မကြည့်ခဲ့တာ. . . ယောက်ျားပြီးရင် အားလုံးပြီးတယ်"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒေါ်လေးကလည်း"

တစ်သက်လုံးက မကျေနပ်ခဲ့သမျှ သတိရတိုင်းလည်း ပြော မပြီးသော ဒီစကားတွေပြောတိုင်း အနားမှာ ကိုထွဋ်ရှိလျှင် အမြဲတ စကားထများတတ်ကြတာလည်း မရိုးနိုင်သည့် ဇာတ်လမ်းတွဲကြီးလို ဖြစ် သည်။

ဒေါ်မေရီ မျက်နှာပျက်ပျက်နှင့် သက်ပြင်းချမိလေသည်။

"ဒေါ်လေးက ကိုထွဋ်ကို ပြောချင်တာလား. . . ကလေးကို အ ပေးနေတာလား"

"ကျုပ်က အားပေးချင်မှတော့ ရှင်တို့တွေကို လုမ်းမှာ အကြောင်းမရှိဘူး"

"ဒါဆိုလည်း အခု ကလေးရဲ့မင်္ဂလာကိစ္စကိုပဲ ပြောပေးပါ ဒေါ်လေးရယ်. . . အလိုလိုမှ ဒီကခေါင်းမာနေတာ"

ဒီတော့မှ စကားဝိုင်းရဲ့ ရည်ရွယ်ချက်ကို ဒေါ်ဆွေဇင် သ မိသွားကာ. . .

"ညည်းလေးကလည်း မိဘကို အမြဲတမ်းပဲ ဘက်တိုက်နေ မှာလား"

"ဘွားလေးကလည်း လာပြန်ပြီ"

သစ္စာမွန်စာပေ



"မလာနဲ့လေ. . . မိန်းကလေး ဒီအရွယ်လေးနဲ့ မိဘရင်ခွင်ထဲက စုံကန်ထွက်ခဲ့တယ်. . . ဒီမှာလည်း ထင်သလို လွတ်လပ်ခဲ့ပြီးပြီ ဒီတစ်ခါ ထပ်ပြီ. . ."

"အမင်းက ဘာပြောနေလို့လဲ. . . မေမေက ခုချက်ချင်းကြီး လက်ထပ်ဖို့ ပြောနေတာ ဘွားလေး မကြားဘဲနဲ့"

"ကြားသားပဲ. . . ခုချက်ချင်း စီစဉ်တာတောင် နောက်ကျနေ သေးတယ်. . . ညည်းကိုယ် ညည်း လူမမယ်လေးလိုလို မြီးကောင်ပေါက်မ လေးလိုလို ဝတ်ဟယ် စားဟယ် သွားဟယ်နဲ့ ခေတ်ကာလအရဆို အသက် က အချိန်တန်နေတာကြာပြီ"

ဝင်လာကာစက ဟုတ်တော့မလိုလိုနှင့် မေမေ့ဖက်ပင် စကား လုံးပြင်းနေသေးသည်မို့ မယ်မင်း မျက်နှာရှုံ့မဲ့နေသည်။

"ပြောမနေနဲ့တော့. . . သူ့ဖအေနဲ့သာ တွေ့ပေးလိုက်. . . အဲ့ဒါ မှဟိုက ကျားဟိန်းသံကြီးနဲ့"

"မေရီ"

"ဟော"

ဘွားလေးပြောနေတာကို ကြားသွားပုံရသော ဖေဖေ့အသံကြီးက ကြောက်မက်ဖွယ်။

www.burmeseclassic.com

www.burmeseclassic.com



မယ်မင်းပါ ပခုံးလေး ကျုံ့သွားမိသည်။

ဒေါ်မေရီ ပျာပျာသလဲ ထွက်သွားတာကိုကြည့်၍ ဘွားလေးက မကျေနပ်ချင်။

"တွေ့လား. . . လေသံကိုက" တဲ့

✕ ✕ ✕ ✕ ✕

## အခန်း (၁၉)

"အိမ်ထောင်မှုဘုရားတည် ဆေးမှင်ရည်စုတ်ထိုးတဲ့"

စလာပြီ။

ဩဇာသျှင် ဖက်ဖီကို လက်စသတ်၍ လစ်ထွက်ဖို့ အကြောင်းရှာတော့သည်။

"တစ်သက်မှာ တစ်မင်္ဂလာဆိုတာ မိန်းကလေးတွေမှ အရေးကြီးတာ မဟုတ်ဘူး. . . ယောကျာ်းလေးလည်း အရေးကြီးတာပဲ. . . မြေးကို ဘွား ခုချိန်ထိ အိမ်ထောင်ရေးနဲ့ ပက်သက်ပြီး ဘာတစ်ခုမှ ချုပ်ချယ်ကန့်သတ်မထားခဲ့ဘူးနော်"

"ဟုတ်ပါတယ် ဘွား. . . ကျွန်တော်လည်း ဘွားကို ကျေးဇူးတင်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ. . . အိမ်ထောင်ရေးဆိုတာ ကိုယ်တိုင်နှစ်သက်မှ ခိုင်မြဲတာ မဟုတ်လား"

ဒေါ်ကြည်စင်က ပြုံး၍. . .

"မှန်တယ် မြေး. . . ဒါပေမယ့် ဒီနေ့တော့ ဘွားအစီအစဉ် ပြောင်းရလိမ့်မယ်. . . မြေးအသက်လည်း မငယ်တော့ဘူး. . . တကယ်ဆို ဒီအရွယ်ဟာ သားသမီးနဲ့ သားမယားနဲ့ မိသားစုလေးတစ်ခု ဖြစ်နေသင့်ပြီ မြေးကိုဘွား စိတ်လည်းမချဘူး. . .

. . . သိက္ခာသမာဓိက အနေကြီးနေလာပြီမှ မဟုတ်ကဟုတ်က မိန်းကလေးတွေနဲ့ တွေ့သွားမှာစိုးတယ်. . . ဒီတော့ မြေး ဒီတစ်ခါ ဘွား စီမံတာကို မငြင်းစေချင်ဘူး"

"မဟုတ်ဘူး ဘွား. . . ကျွန်တော်က ကျွန်တော့်အိမ်ထောင်ရေးကို ဘွားဘယ်မှတော့မှ ဝင်စွက်မှာ မဟုတ်ဘူးဆိုပြီး အေးအေးနေတာပါ. . . လက်ထပ်ဖို့ကျတော့ ကိုယ်နှစ်သက်တဲ့ မိန်းကလေးကိုပဲ ရွေးချယ်ခွင့်ပြုပါ ကျွန်တော့်ကို အချိန်ပေးပါ"

"ပေးခဲ့တဲ့ အချိန်တွေ နည်းသလား မြေးရယ်. . . ငြင်းမနေပါနဲ့ တော့. . ခုဟာက ဘွားတို့ငယ်ငယ်က ကျောင်းနေဘက် သူငယ်ချင်းရဲ့မြေး စည်းစိမ်ချမ်းသာကိုကြည့်ပြီး ဘွားရွေးလိုက်တာတော့ မဟုတ်ဘူး. . . သူ့





တာ ဘွားတို့လောက် ရှိချင်မှရှိမယ်. . .

. . . ဒါပေမယ့် မျိုးရိုးဗီဇကောင်းတယ် အစဉ်အဆက် ပညာ တ် လူရည်သန့်တွေချည်း စုဝေးပေါက်ဖွားလာတဲ့ အသိုင်းအဝိုင်း ာင်မလေးရဲ့အဘိုးက ဆေးတက္ကသိုလ်က ကထိကဟောင်းတစ် ာက်. . . မိဘနှစ်ပါးလုံး ဆရာဝန်တွေချည်းပဲ. . . အစ်ကို လုပ်သူက ်မှုကြီး. . . ကောင်မလေးကိုင်တိုင်ကတော့ မဟာသိပ္ပံဘွဲ့ရထားပြီးပြီ

ဩဇာသျှင် ဧည့်ခန်းဘက် ထွက်လာခဲ့တဲ့ နောက်ကိုလိုက်ပါလာ ဒေါ်ကြည်စင်က တတွတ်တွတ် ပြောလာသည်။

အခန်းထဲဝင်၍ စာရင်းဖိုင်တွေ အိတ်ထဲထည့်ပစ်နေတဲ့အထိ ပြောနေတုန်းဖြစ်၏။

"အခု ကောင်မလေးရဲ့မိဘတွေ ရန်ကုန်ရောက်နေကြတယ် လေးက သူ့အဒေါ်ဘွားနဲ့နေတာတဲ့. . . လွတ်လွတ်လပ်လပ် ကလေး ဆန်ဆန်နေချင်တဲ့ အကျင့်လေးတော့ ရှိတယ်တဲ့. . . ဘွားကတော့ ကျေ တယ်. . . အဓိကက မျိုးရိုးပဲ. . .

. . . မျိုးရိုးဗီဇဆိုတာ ပျောက်ကွယ်သွားတာမျိုးမှ မဟုတ်တာ တော့ နှစ်ယောက်လုံး စီးပွားရေးသမားတွေချည်းဆိုလည်း သူ့ကိုပြီး

www.burmeseclassic.com

www.burmeseclassic.com



လိုက် ကိုယ့်ကိုပြုံင်လိုက်နဲ့ မာန်တွေတက်နေကြဦးမယ်. . . ကိုယ့်ထက် ငယ်ငယ် ချောချောလှလှလေးဆိုတော့"

"အဲ့ဒါပိုစိတ်ပျက်ဖို့ ကောင်းတာပေါ့ ဘွားရယ်. . . ဘွားကျမ့် ကိုယ့်မြေးကို ထားခဲ့ပြီး လစ်ထွက်သွားနိုင်တဲ့ ငယ်ငယ်ချောချောလေး သဘောကျရတယ်လို့. . . အိမ်ထောင်မှုမနိုင်တဲ့အပြင် သူ့ပြန်ထိန်းနေ တဲ့ အလုပ်က ရှုပ်ဦးမယ်. . . အဲ့ဒီ အစီအစဉ်ကို ဖျက်လိုက်ပါ"

"အို ဘွားရွေးထားတာ အဲ့ဒီလိုအကျင့်ပျက်တဲ့ အတန်းအစား မျိုးတွေ မဟုတ်ဘူး. . . အစီအစဉ်ကိုလည်း ဖျက်လို့မဖြစ်တော့ဘူး. . . အားလုံး စကားကုန်ပြောပြီးနေပြီ. . . မြေးကလေး မဟုတ်တော့ဘူးနေ ဘွားကို မဆိုးချင်နဲ့"

ဩဇာသျှင် အိတ်ဆွဲ၍ ထွက်လာတော့လည်း ဘွားပါလာပြ သည်။

မျက်နှာကြီး မှုံကုတ်ကုတ်ဖြစ်နေသည့် မြေးကို မော့တကြည့် ကြည့်နှင့်. . .

"ညနေ အဲ့ဒီမယ်မင်းဆိုတဲ့ မိန်းကလေးနဲ့ သူ့မိဘတွေကို ဘွာ ထမင်းစား ဖိတ်ထားတယ်. . . မြေး ခြောက်နာရီမတိုင်ခင် အရောက်ပြ လာခဲ့ပါ"



"ဘာ ဘွား. . . ဘယ်သူ"

ဩဇာသျှင် လေ့ခါးတစ်ထစ်ဆင်းချထားပြီးသည့် ခြေထောက် နောက်ပြန်တွန့်သွားသည်။

"မယ်မင်းဆိုတာ ဘွားပြောလိုက်သလား"

"ဟုတ်တယ်လေ. . . မြေးနဲ့လက်ထပ်ပေးမယ့် မိန်းကလေးပေါ့ မြေးက သိနေလို့လား"

ဩဇာသျှင် ဘယ်လိုပြန်ပြောရမှန်းမသိ။

ဖြစ်နိုင်ပါ့မလား. . .

မယ်မင်းဆိုတဲ့ နာမည်တစ်လုံးကိုပဲ သူသိထားသည့် မိန်းကလေး ဟာ သူနဲ့လက်ထပ်ရမယ့် မိန်းကလေးတဲ့လား။

"ကျွန်မက ကလေကချေပဲ"

မယ်မင်း မျက်နှာလေးကို သတိရလာ၏။

မယ်မင်းဟာ ဆရာဝန်ကြီးတွေ ဗိုလ်မှူးတွေ အသိုင်းအဝိုင်းထဲ က မိန်းကလေးဆိုတာကရော. . .

ဒါဟာ မယ်မင်း လက်ရှိနေထိုင်သွားလာပုံနှင့် မအပ်စပ်ပေမယ့် မာနကြီးသည့် မိန်းကလေး တစ်ယောက်ဆိုတာတော့ သူ လက်ခံထား သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မယ်မင်းကို သူ အထင်မသေးခဲ့ဖူးပါ။

"မြေး ဘာဖြစ်သွားတာလဲ. . . မယ်မင်းကို သိနေလို့လား. . . သူက ရန်ကုန်မှာနေတာ နှစ်နှစ်ကျော် သုံးနှစ်လောက်ရှိပြီတဲ့. . . စာရေးဆရာမဆိုလား ဂျာနယ်မှာ အယ်ဒီတာဆိုလား. . . ဝါသနာအရ ဝင်လုပ်နေ [illegible]သတဲ့. . . သူဘယ်လို နေထိုင်သွားလာတာ မြေးမြင်ဖူးတွေ့ဖူးနေလို့လား"

ဒေါ်ကြည်စင် အသံက စိုးရိမ်မှုမကင်း။

လူကြီးတွေနဲ့ မျိုးရိုးစဉ်ဆက်ကို ကျေနပ်လို့ လက်ခံခဲ့ပေမယ့် မယ်မင်းဆိုတဲ့ မိန်းကလေးကို ဒေါ်ကြည်စင် တစ်ခါမှ မမြင်ဖူးခဲ့ပေ။

လူကြီးချင်း တွေ့ဖြစ်ကြတိုင်း သမီးကောင်းကြတဲ့အကျင့်က [illegible] မြေးတွေ လက်ထက်ကျမှ အဆင်မပြေတော့မယ် ကြံ့ရုံပဲရှိသေးသည်။

"ကျွန်တော် မသိပါဘူး. . . နာမည်ကြားဖူးသလိုလို ရှိလို့"

ဩရာသျှင် ဘွားကို နှုတ်ဆက်၍ ကားပေါ်တက်လိုက်သည်။ [illegible]

မယ်မင်းဟာ မယ်မင်းဖြစ်နေတာ သေချာပြီမို့ သူ့စိတ်ထဲမှာ [illegible] လှုပ်ရှားသွားသလို ဖြစ်မိသည်။

ဘာမှန်းမသိဘဲ ဘွားပြောနေတုန်းက စိတ်ပျက်ငြီးငွေ့နေမိခြင်း [illegible]တို့ မရှိတော့ပေမယ့် ဝမ်းသာပျော်ရွှင်သွားတာမျိုးလည်း မဟုတ်။

ထူးဆန်းတဲ့ မယ်မင်းရဲ့ စရိုက်ကလေးကို စိတ်ဝင်စားတာပဲဖြစ် [illegible]ည်။





လူကြီးတွေ စီစဉ်တာ မယ်မင်းသိသလား။

သူတောင် ခုမှသိလိုက်တာဆိုတော့ မယ်မင်းလည်း သိချင်မှ [illegible]မည်။

သိလျှင် ဘယ်လိုနေမလဲ. . .

သူ့အပေါ် မယ်မင်း အဖြေမကျေတာကို သူသိသည်။

ထို့ပြင် အမြဲတမ်း လှုပ်ရှားသွားလာနေဖို့ အလုပ်ပေါ်မှာပဲ အား[illegible]ထုတ်နေတတ်သည့် မယ်မင်းဟာ သူ့စိတ်ဝင်စားမိသလောက်တောင် သူ့[illegible]ပေါ် စိတ်ဝင်တစားရှိခဲ့ပုံ မပေါ်ပါ။

သူ့အပေါ် ိတ်ဝင်တစား ရှိခဲ့ပုံမပေါ်ပါ။

ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရေးဆိုတာကိုတော့ သူစိတ်ဝင်စားမိ

✻ ✻ ✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

သ၊

မယ်၊

မြေ

အခန်း (၂၀)

"အိုသမီးရယ်. . . လူကြီးသူမနဲ့ သွားတွေ့တာ စကတ်ကြီးန မဝတ်ပါနဲ့. . . သွား သွားပြန်လဲ"

"မေမေကလည်း"

"ဟွဲ. . . မေမေကတွေ ဘာတွေလုပ်မနေနဲ့. . . ငါးနာရီ တော့မယ်. . . သွားလဲဆို လဲလိုက်ပါလား"

ဘွားလေး ဝင်ပါလာပြီဆို တိုးတိုးတိတ်တိတ်နဲ့ မပြီးတဲ့ ကြောင့် မယ်မင်း ရွှေအိုရောင် အထက်အောက် ကိုယ်ကျပ်ဝတ်စုံအား ပြောင်းဝတ်လိုက်ရသည်။

ပြီးတော့ ချိုင်းပြတ် ခါးတိုအနက်ရောင် ဂျက်ကက်အ





ပေါ် ကထပ်ဝတ်လိုက်၏။

ဒေါ်မေရီက ဝတ်ထားတာလေးကို ကျေနပ်သွားသော်လည်း. .

"မျက်နှာက ဘာမှလည်း မလိမ်းထားပါလား"

"မလိမ်းချင်တော့ဘူး မေမေရာ. . . အမင်းက မိတ်ကပ်လိမ်းပြီး အရောင်ဖျော့ဖျော့ သိပ်မလိမ်းတတ်ဘူး. . . လူကြီးရှေ့ဆို ရိုင်းမှာပေါ့"

ဒါလည်း ဟုတ်တာပဲဟု ဒေါ်မေရီ လက်ခံသွားသည်။

"ဒါပေမယ့် ပတ်ဖြစ်ဖြစ် နည်းနည်းရိုက်သွားလိုက်ပါကွယ်. . . အတိုင်းချည်းတော့ မကောင်းပါဘူး"

မယ်မင်းကိုချည်း မေမေက ကြည့်ပြောနေတော့သည်။

ခန်းဆီးလေးမလိုက်တာနှင့် ဖေဖေ့ကို လှမ်းမြင်နေရသည်မို့ ပြောသမျှ နာခံနေရပေမယ့် မယ်မင်းက ကိုယ့်စိတ်ကူးနဲ့ကိုယ်။

"ဒရိုင်ဘာ ထားခဲ့မလား သမီး. . . မကောင်းဘူးထင်တယ်နော် တစ်ခါတော့ သမီး အေးအေးဆေးဆေးပဲ ထိုင်လိုက်ခဲ့ပါကွယ်"

ကားမောင်းတတ်ပြီဆိုကတည်းက ဒရိုင်ဘာမောင်းတာ မကြိုက်သော မယ်မင်းက ဘယ်သွားသွား ကိုယ်တိုင်မောင်းသည်သာ။

သို့သော် ခုတစ်ခါတော့. . .

"အမင်း မမောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု အလွယ်တကူ ခေါင်းညိတ်လေသည်။

နောက်ခန်းမှာတောင် မယ်မင်းက အလယ်မှာ မထိုင်ပေ၊

ဂျက်ကက်အိတ်လေးထဲမှာ အကျပ်ထည့်လာသည့် ပိုက်ဆံ

ကို မသိမသာ စမ်းကြည့်ရင်း ဖေဖေ့ကိုပါ ခိုးကြည့်လိုက်မိသည်။

တစ်သက်လုံးက ကိုယ်ထင်ရာ လုပ်တတ်ခဲ့သည့် ငယ်ကျ

ဖျောက်မရပါ။

မယ်မင်း ယောကျ်ားယူဖို့ လုံးဝစိတ်မဝင်စားပေ။

အထူးသဖြင့် လက်ရှိလွတ်လပ်စွာ လှုပ်ရှား ရင်ခုန်နေရ

လေးတွေကို ဆုံးရှုံးမခံနိုင်ပေ။

"မေမေ ခဏလောက် ကားရပ်ပေးပါ"

"ဘာလုပ်မလို့လဲ သမီး"

ဦးမင်းထွန်းတင်က လှမ်းမေး၏။

"အမင်း သူငယ်ချင်းဆီဝင်ပြီး မှာစရာရှိလို့ ဖေဖေ"

"မဟုတ်တာ သမီးရယ်. . . သူငယ်ချင်းဆီဝင်တာ ဘယ်အ

ဝင်ဝင် ရတာပဲ"

မယ်မင်း ဖေဖေ့မျက်နှာကို တည့်တည့်မကြည့်ရဲဘဲ ဟိုဒီ

ရှဲ. . .





"အရေးကြီးတာ မှာစရာရှိလို့ပါ ဖေဖေရယ်. . . အလုပ်ကိစ္စမို့

ပါ. . . ခဏလေးပါ"

ဦးမင်းထွန်းတင် မျက်နှာကြီး တည်လျက်. . .

"ကိုအုန်း. . . ကားခဏရပ်စမ်း"

လမ်းပေါ်မှာ ခြေချမိပြီဆိုကတည်းက နောက်လှည့်မကြည့်စ

တမ်း အပြေးတစ်ပိုင်း လျှောက်သွားသည့် မယ်မင်းရဲ့ ကျောပြင်ကို ဦးမင်း

ထွန်းတင်က သေချာစူးစိုက်ကြည့်ရင်း. . .

"မင့်သမီး အမူအယာ ပျက်နေတယ် မေရီ. . . ကိုအုန်း"

"ဗျာ. . . ဆရာ"

"ခင်ဗျား သမီးနောက်လိုက်စမ်းပါ. . . ဘယ်ဝင်သွားလဲ မျက်

ခြေမပျက်စေနဲ့"

"ဟုတ်ကဲ့"

ဦးမင်းထွန်းတင်က သူ့ကိုယ်တိုင်ပါ ဆင်းလိုက်သွားလေသည်။

ထင်သည့်အတိုင်းပင်. . .

ကြည့်နေရင်း လိုက်လာရင်နှင့် မြင့်မားထည်ဝါသော အဆောက်

အဦးကြီး တစ်ခုနားမှာ မယ်မင်း ပျောက်သွားသည်။

မော့ကြည့်လိုက်တော့ လူနေအဆောက်အဦး မဟုတ်ဘဲ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်နေမှန်းသိလိုက်၏။

ထို့ပြင် အလွယ်တကူ ဝင်ထွက်နိုင်သည့် ကုမ္ပဏီမျိုးလည်း မဟုတ်ပေ။

ထိုစဉ် ကားပါကင်နေရာမှ လျှောက်ထွက်လာသည့် ကိုအုန်းကို လှမ်းတွေ့လိုက်သဖြင့် ဦးမင်းထွဋ်တင် ကျွန်မဆည်နိုင်အဲ ခပ်သွက်သွက် လျှောက်သွားမိသည်။

"တွေ့ခဲ့လား ကိုအုန်း"

"မတွေ့ဘူး ဆရာ ဘယ်ကြားထဲ တိုးဝင်သွားမှန်းကို မသိဘူး"

ဦးမင်းထွဋ်တင်က ဖြတ်သန်းသွားလာနေကြသည့် လိုင်းကားများကို လှမ်းကြည့်ရင်း. . .

"ကားတစ်စီးစီးပေါ်မှာ တိုးတက်သွားသလား"

"မဖြစ်နိုင်ပါဘူးဗျာ. . . ကလေးနဲ့ ကျွန်တော် သိပ်မှမဝေးတာ ကားတွေဆီ ရောက်မသွားနိုင်ပါဘူး"

"ဒါဖြင့် မင်းဘာလို့ မမြင်လိုက်သလဲ"

"အဲ့ဒါကိုပဲ ကျွန်တော် မကျေနပ်လို့ ရှာနေတာ. . . ဒီနားတင် လေး ပျောက်သွားတာ ဆရာရဲ့"

တော်တော်ဆိုးတဲ့ ကလေး။



သားကြီးနဲ့ သမီးငယ် ဆယ်နှစ်လောက်ခြားပြီး မွေးထားတာမို့ ဒီတလေးကို ဖူးဖူးမှုတ်မှုတ် ချစ်ခဲ့ကြသည်။

အလိုလိုက်လွန်ခဲ့လေခြင်းဟု နောင်တရမိ၏။

မယ်မင်းဟာ သူလုပ်ချင်ပြီဆို စားမိုးတားတာတောင် ရမယ့်စိတ် မျိုး မဟုတ်ပေ။

အရွယ်ရောက်ပြီဆိုကတည်းက ရင်တမမနဲ့ မရိုက်ရက် မဆူ ရက် ဘိုးအေလုပ်သူက မြေးကိုစိတ်မချတာကြောင့် သူ့သဘောနဲ့သူ စီစဉ် ပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ကို စရောက်ပြီဆိုကတည်းက ဒီကိစ္စကိုပဲ အလေးထားခဲ့ သည်။

သမီးကို ဘယ်မှတစ်ကိုယ်ထီး မသွားလာစေတော့ပဲ မျက်စိ အောက်က အပျောက်မခံအောင် ဂရုစိုက်ခဲ့သည်။

ဒီကြားထဲကတောင်မှ. . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဩဇာသျှင် နာရီကိုကြည့်၍ လုပ်စရာရှိသမျှကို လက်စသတ်လိုက်သည်။

"နေဦး"

"ဗျာ ဆရာ"

"ဒီည ကိုရှိုလာတို့နဲ့ ချိန်းထားတဲ့ ဒင်နာကို မင်းပဲသွားလိုက်တော့"

"ဆရာ့ကို သူက ဟိုပုဂ္ဂိုလ်တွေနဲ့ မိတ်ဆက်ပေးချင်တာ"

"ငါမသွားနိုင်ဘူး. . . အဲ့ဒါ သေချာပြောပြလိုက်"

"ဟုတ်ကဲ့"



ဩဇာသျှင် ကားပေါ်ရောက်တော့ ငါးနာရီခွဲတော့မည်။/

ဝီနေ့ကျမှ ရုံးဆင်းသွားတဲ့အထိ သူ့မှာ အလုပ်မပြတ်ဘဲ ဖြစ်နေခဲ့သည်။

ဘွားက တမင်ရွှံ့နေသည် ထင်ဦးမှာတော့ သေချာပါသည်။

အတွေးနှင့် ကားကို ဈေးလမ်းဘက်ကအဖြတ်. . .

"ဟာ ကလေး"

ငါးနှစ်သားခန့်အရွယ် ကလေးငယ်လေး တစ်ယောက်က ရေခဲပလုတ်တုတ်လေးကိုင်လျှက် လမ်းမပေါ် အတင်းပြေးတက်လာ၏။

ရှေ့တည့်တည့်မှာကား။

သူကွေ့ရှောင်ရမည့်ဘက်မှ ကလေး။

ဩဇာသျှင် ကားကို ပလက်ဖောင်းဘက်သို့ တအားဆွဲကွေ့ပစ်လိုက်သည်။

"ဒုန်း"

"ဟာ တိုက်ကုန်ပြီဟေ့"

ကားက ပလက်ဖောင်းနှင့် ဝင်ဆောင့်ကာ နှစ်ချက်ခန့် ကြွခုန်သွား၏။

စတီယာရင်နှင့် မဆောင့်မိအောင် သတိထားလိုက်သောကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင့်မိသွားရသည်ဖြစ်ရာ ရင်ဝမှာ စူးခနဲ အောင့်သွား၏။

လူတွေ တအားပြေးလာကြသည်။

ယာဉ်ထိန်းရဲတွေပါ ချက်ချင်း ရောက်လာ၏။

"ကလေးကို ရှောင်လိုက်တာ"

"ဟော့ . . . ဒါ ဘယ်သူ့ကလေးလဲ"

"ညီလေး ဘာဖြစ်သွားသေးလဲ"

ဩဇာသျှင် ရုတ်တရက် စကားမပြောနိုင်ဘဲ ခေါင်းခါ၍ လက်ပဲ ကာပြလိုက်ရသည်။

ယာဉ်ထိန်းက လိုင်စင်သိမ်းယူထားလိုက်၏။

အရေးအခင်းက အတော်လေး ကြာသွားလေသည်။

"ညီလေး ကားမောင်းနိုင်ရဲ့လား"

"ရတယ် . . . ကျွန်တော် ဘာမှမဖြစ်ပါဘူး"

သူထွက်လာတော့ ခြောက်နာရီကျော်နေပြီ။

ကားမောင်းရင်း ကိုယ့်ဖာသာ အရှုအရှိုက်လုပ်ကြည့်၍ ထိခိုက်မှုရှိမရှိ စစ်ဆေးနေရသည်။

ဘာမှမဖြစ်လိုက်လို့ တော်ပါသေးသည်။

မနက်ဖြန် ရုံးရောက်ဦးမှာတော့ သေချာပြီ။



ခြံထဲကို ကားဝင်လိုက်ကတည်းက ညှော်သည်တွေ ရောက်နေကြ ပြီလားဟူသော စိုးရိမ်စိတ်နှင့် ပေါ်တီကိုအောက်ကို လှမ်းကြည့်လိုက်မိ သည်။

ကားတစ်စီးတွေ့သည်။

ဘွား ဒေါ်သဖြစ်နေလောက်ပြီဟု တွေးမိ၍ စိတ်ညစ်သွား၏။

ကားကို ဂိုဒေါင်ထဲထိ ကိုယ်တိုင်သွင်း၍ ပြန်အထွက်တွင် . . .

"အား . . . အင်း"

ဩဇာသျှင် ခြေလှမ်းတွေ တုံ့သွားသည်။

ညည်းညူသံ . . .

မိန်းကလေးတစ်ယောက်ရဲ့ ညည်းသံဖြစ်သည်။

ရုတ်တရက်မို့ ဘေးဘီကို ဝေ့ကြည့်ပြီး နားမလည်နိုင် ဖြစ်သွား ၏။

"အား . . ."

သူ့ဆတ်ခနဲ ဖြစ်သွား၏။

မျက်လုံးတို့သည် ကားဘွန်းနက်ပေါ်ကို တန်းခနဲ ရောက်လျှင် ကပျာကယာ ဆွဲဖွင့်ကြည့်လိုက်လျှင် . . .

"ဟာ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေ ပွင့်ဟာကုန်သည်အထိ သူ တဖွဲ့တည်း ဖြစ်သွားသည်။

"မယ်မင်း"

နောက်တွဲခန်း ကျဉ်းကျဉ်းလေးထဲမှာ မယ်မင်း ခွေခွေကွေးကွေးလေးရှိနေကာ နဖူးရဲ့ ဘယ်ဘက်ထောင့်မှာ သွေးထွက်နေသော ဒဏ်ရာတစ်ခုရှိနေ၏။

သတိလစ်နေသည် မဟုတ်ပေမယ့် မယ်မင်း သတိမရတာတော့ သေချာနေလေသည်။

မျက်နှာလေး ရှုံ့မဲ့ကာ ညည်းညူနေသည်မှလွဲ၍ ဘာမှမသိ။

သူ မယ်မင်းကို လှုပ်ခေါ်ကြည့်သည်။

လှုးလှုးလွန့်လွန့် ဖြစ်နေသည်သာရှိကာ ခေါ်လို့မရပါ။

ဒီထဲကို မယ်မင်း ဘယ်လိုရောက်နေသလဲ။

ဖျတ်ခနဲသာ တွေးလိုက်နိုင်ပြီ သူ မယ်မင်းကို ပွေ့ယူလိုက်သည်။

တိုက်ထဲကို နောက်ဖေးဘက်က ပတ်ဝင်ကာ သူ့အခန်းထဲရောက်မှ မယ်မင်းကို အိပ်ယာပေါ်မှာ အသာချလိုက်၏။

"မယ်မင်း"





"အား. . . နာတယ်"

"မယ်မင်း မင်းသတိရလား. . . မျက်လုံးဖွင့်ကြည့်စမ်း"

"အင်း"

မယ်မင်း လှုးလွန့်နေရာမှ မျက်ဝန်းအိမ်လေးတွေ လှုပ်ရှားလာသ၊

"မယ်မင်း"

ပခုံးလေးကို ခပ်ဖိဖိ ဖျစ်ကိုင်၍ ထပ်ခေါ်လိုက်တော့ မျက်လုံးတော့ ပွင့်လာသည်။

"ဟင်"

သူ့ကိုမြင်လိုက်သည်နှင့် မျက်လုံးအစုံ ပြူးကျယ်ကာ တစ်ခန်းလုံးကို ဝေ့ကြည့်ပြီးသား ဖြစ်သွားလေသည်။

"ရှင် ရှင်. . . ဒို. . . ဒမင်း ဘယ်ရောက်နေတာလဲ"

ကျွန်မဆိုတဲ့ အသုံးအနှုန်းကို တမင်ရှဲ့တဲ့တဲ့ ထည့်ပြောနေမှန်းသိနေရာမှာ သိသာသွားသည်။

မယ်မင်း ကမျာကယာ ထထိုင်လိုက်ပြီးမှ ခေါင်းကိုတစ်ချက်နှိပ်ကာ ရှုံ့မဲ့သွားသည်။

"ဟင် သွေးတွေပါလား"



www.burmeseclassic.com

www.burmeseclassic.com



မယ်မင်း ပုံစံကလည်း အခြေအနေကို အတော်လေး အံ့ဩနေ ဖြစ်တာကြောင့် ဩဇာသျှင် ဘာကိုနားလည်ရမှန်း မသိတော့ပေ။

"မယ်မင်း မင်း ဒို့ကားထဲရောက်နေတယ်... ဘယ်လိုလု ရောက်နေတာလဲ... အဲဒါ ဒို့တကယ်မသိခဲ့ဘူး"

"အမင်း... ရှင့်ကားမှန်း မသိဘူး... ဖေဖေတို့ လိုက်လာ နဲ့ ကမန်းကတန်း ဝင်ပုန်းလိုက်တာ... ချက်ချင်း ပြန်ထွက်လို့ မဖြစ် နဲ့ ပုန်းနေတုန်း ကားကထွက်သွားရော... ပြီးတော့... ပြီးတော့"

"ဒို့ကားအက်ဆီးဒင့်ဖြစ်တာ ကံကောင်းလို့ လူဘာမှမဖြစ် သိပြီ အဲ့ဒီမှာ မင်းခေါင်းကို ထိသွားတာ ဖြစ်မယ်"

"ဟုတ်တယ်... ကားထဲမှာပါသွားတုန်း ဒုန်းဆိုကြားလိုက်ရ တစ်ကိုယ်လုံး ထူပူသွားတာပဲ"

"မင်း ဒဏ်ရာကို ဆေးထည့်မှ ထင်တယ်"

"ဟင့်အင်း... နေပစေ အမင်းဘာမှ မဖြစ်တော့ဘူး"

မယ်မင်းက အိပ်ယာပေါ်ရောက်နေသည့် အဖြစ်ကို မလုံမ ဖြစ်ပုံနှင့် ချက်ချင်းထရပ်သည်။

"နေဦးလေ... မင်းဒဏ်ရာက သွေးထွက်နေတဲ့ဥစ္စာ"

"ရတယ်... ကျွန်မကို အပြင်ရောက်အောင် လိုက်ပို့ပေးပါ"



"ဘယ်သွားမလို့လဲ နေပါဦး... မင်း အသည်းအသန် ပြေးလာ လောက်အောင် မင်းရဲ့ဖေဖေက လိုက်ရိုက်လို့လား"

မယ်မင်းက ဂျက်ကက်အိတ်ထဲက လက်ကိုင်ပဝါလေး ထုတ်၍ ဏ်ရာကို အုပ်ထားကာ...

"ဒို့ပြင်ကိုစွပါ"

မယ်မင်း အိမ်ထောင်မပြုလို၍ ထွက်ပြေးလာတာမှန်း သူတွေး ိုက်မိသည်။

ဖြစ်ရလေ မယ်မင်းရယ်...

ယောက်ျားမလိုချင်လို့ ပုန်းတာများ ကိုယ့်ကားပေါ် မှ တက်ပုန်းရ ယ်လို့...

"မင်း ဘယ်ကိုသွားမှာလဲ"

"ဘယ်ဖြစ်ဖြစ်ပေါ့... အဲ့ဒါ ရှင့်နဲ့မဆိုင်ပါဘူး... ကျွန်မကို အပြင်ထိလိုက်ပို့"

ယောက်ျားလူပျိုတစ်ယောက်နေတဲ့ အိပ်ခန်းထဲမှာ သင်းပျံ့ပျံ့ မွှေးထုံနေသည့် အနံ့အသက်တို့ကပင် လူကို ခြောက်ခြားနေစေသည်မို့ ပ်စုနေသည့် သူ့ကို မယ်မင်း ဒေါသဖြစ်လာသည်။

"မြေးရေ... ပြန်ရောက်နေတာကြာပြီ ဘာလို့ထွက်မလာတာ"



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"ဟင်"

မယ်မင်းနဲ့သူ လှုပ်ရှားချိန်မရလိုက်ဘဲ ဒေါ်ကြည်စင်က အခန်း

ထဲဝင်လာလေသည်။

မှောင်ရီရီ မှိန်ပျပျ ဖြစ်နေသည့် အခန်းထဲမှာ ဒေါ်ကြည်စင်

မီးဖွင့်ဖို့ သတိရသွားသည်။

ထောက်ခနဲဆို မီးရောင်တွေ ဖွေးသွား၏။

"မြေး မင်းက ဘွားကို သက်သက်အရှက်ခွဲလိုက်တာပေါ့လေ"

"မဟုတ်ဘူး ဘွား. . . မဟုတ်ဘူး ကျွန်တော် ကြိုတင်စီစဉ်ထား

တာ တစ်ခုမှ မရှိဘူး"

"မရှိရင် သူက အခန်းထဲထိ ဘာလို့ရောက်နေတာလဲ"

"အဲ့ဒါ ကျွန်မလိုက်လာတာပါ. . . ဒါပေမယ့် သူနောက်ကိုလိုက်

တာ မဟုတ်ဘူး. . . ဦးသြဇာသျှင် ရှင် ပြောပြလိုက်လေ"

မယ်မင်းက သူ့ကိုလည်း ရန်လှည့်တွေ့သည်။

"ဟုတ်တယ် ဘွား. . . ကျွန်တော် သူ့ကို ခေါ်လာတာ မဟုတ်

ဘူး"

"ဒီလိုပါ ဘွားရယ်. . . ကျွန်မ သူ့ကားနဲ့ပါလာတာ ဟုတ်ပါ





တယ် ဒါပေမယ့် ဒီကိုလိုက်တာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်. . . သူနဲ့ကျွန်တော် ဘာအချိတ်အဆက်မှ မရှိပါ

ဘူး"

"တော်ကြစမ်း. . . ငါ့ရှေ့အောင် လှည့်ပတ်ပြောမနေကြနဲ့. . .

အခု အိပ်ခန်းထဲထိရောက်နေကြတဲ့ အဖြစ်ကို ဘယ်လိုရှင်းကြမလဲ. . .

မြေးရယ် မြေးမှာဒီလို ချစ်သူရှိခဲ့ရင်လည်း ဘွားကို ပွင့်ပွင့်လင်းလင်း ပြော

ပြပါလား. . . ခုတော့"

"အို မဟုတ်ဘူး. . . ကျွန်မနဲ့သူ ဘာမှမဆိုင်ဘူး. . . ကျွန်မ

မြန်မယ်"

မယ်မင်းက ငွတ်ထွက်သည်။

ဒေါ်ကြည်စင်က ရှေ့က တားထားကာ. . .

"နေဦး ကလေးမ. . . ယောကျ်ားလေးနဲ့ မိန်းကလေး ချစ်ကြ

ညားကြတဲ့ကိစ္စမှာ ဒီလောက် မလွယ်ကူသင့်ဘူး"

"ဘာတွေ ပြောနေတာလဲ. . . ကျွန်မတို့ ဘာမှမဆိုင်ဘူး"

သြဇာသျှင် လက်ပိုက်၍ အိပ်ယာပေါ်မှာ ထိုင်ချလိုက်သည်။

"အောက်ထပ်မှာ မင်းရဲ့ဖေဖေတို့ ရှိနေတယ်"လို့ ပြောလိုက်ချင်

သေမယ့် ဒီအချိန်ကျမှတော့ သူ့အလိုလို သိသွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

မယ်မင်းကတော့ သူ့ကိုပဲကြည့်၍ ဒေါသထွက်နေသည်။

ကြည့်စမ်း နေလိုက်ပုံက ပွဲကြည့်ပရိသတ်လို. . .

ယောက်ျားမလိုချင်လို့ ကြိုးစားပမ်းစား စွန့်စားခဲ့ရတဲ့ဥစ္စာ. . .

ဒီလိုအဖြစ်မျိုးကို ချော်လဲရောထိုင်နေလိုက်ဖို့ လုံးဝစိတ်မကူးပေ။

"အိပ်ခန်းထဲမှာ အတူရှိနေတာနဲ့ ချစ်ကြညားကြပြီလို့ သတ်မှတ်လို့မရပါဘူး ဘွား. . . သူနဲ့ကျွန်မ ဘာမှမဆိုင်ဘူး"

မယ်မင်းက ဒေါ်ကြည်စင်ကို ကွေ့ရှောင်၍ အပြင်ကို တောက်လျှောက်ထွက်သွားသည်။

သို့သော်. . .

"ဟင်"

"ဟာ"

"သမီး. . . သမီး ဒီကိုဘယ်လိုလုပ် ရောက်နေတာလဲ"

"မေမေ"

မယ်မင်း ချာခနဲ နောက်ပြန်လှည့်ကြည့်လိုက်သည်။

သူမ နောက်မှာ ဒေါ်ကြည်စင်။

"သူ သူက မောင်မင်းထွဋ်တင်တို့ရဲ့သမီးလား"

"ဟုတ်ပါတယ်. . . အပေါ်ရယ် အဲ့ဒါ ကျွန်မသမီးလေး မယ်မင်းပါ. . . ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ"



"သမီးတို့ချင်းက သိနေကြတာလား"

ဦးမင်းထွဋ်တင် မျက်နှာကြီးက နီမြန်းနေ၏။

"သိ. . . အဲ့. . . မဟုတ်ဘူး ဖေဖေ အခုဟာက. . ."

"တော်ပြီ. . . တော်ပြီ. . . အားလုံး ပြေပြေလည်လည်နဲ့ ပြီးမယ့်ဟာ ဒီကလေးတွေ သိပ်ကို စွန့်စားချင်ကြတာပဲ"

စောစောက စိတ်ရှုပ်ထွေးခြင်းများ စုပြုံနေသော ဒေါ်ကြည်စင် မျက်နှာက ခုမှ တကယ် ကြည်ကြည်စင်စင် ဖြစ်သွားတာဖြစ်၏။

ဒေါ်မေရီလည်း ခုမှ သဘောပေါက်သလိုလိုနှင့် အံ့ဩလွဲသွား မြန်ကာ. . .

"သမီးက ယောက်ျားမယူချင်ဘူးဆိုတာ ချစ်သူရှိလို့ ငြင်းနေတာကိုး. . . တော်ပါသေးရဲ့ကွယ် တစ်ယောက်ယောက်နဲ့သာဆို မေမေ ရင်ကျိုးရမှာ"

ဦးမင်းထွဋ်တင်လည်း မယ်မင်း ယောကျ်ားနောက်လိုက်သည်ဟု အထင်ရှိလျှက်. . .

"ဘယ်သူနဲ့ လက်ထပ်ပေးမှာလဲလို့များ မေးပါဦးတော့လား. . . သက်သက် လူကြီးတွေ မျက်နှာပျက်အောင်လုပ်ကြတယ်"

သန္တာမွန်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ. . .

ပြေးပေါက်ပိတ်ပြီ. . .

မယ်မင်း ဘာမှထပ်မပြောနိုင်တော့ဘဲ မျက်ရည်လေးတွေ လည်လာသည်။

ခေါင်းလေး တခါခါနှင့် အင့်ခနဲ ရှိုက်၏။

ဒီလောက်နာမည်ကျော်ကြား လူကြိုက်များနေတဲ့ ပုဂ္ဂိုလ်။

မာနတွေ ခေါင်းခိုက်နေတဲ့လူ။

ပို၍ မာနကြီးရအောင် ကိုယ်က သွေးကားထဲဝင်လိုက် အိပ်ယာထဲထိ ရောက်အောင်ပါလာရတဲ့အဖြစ်။

ကိုယ်လက်ထပ်ရမယ့် သူဟာ ဒီပုဂ္ဂိုလ်ဖြစ်လိမ့်မည်ဟု ခုလိုသာဖြစ်မလာခဲ့ဘူးဆိုလျှင် နောင်ဘဝထိတောင် စိတ်ကူးထဲ ရောက်လာမှာမဟုတ်ပါ။

ခုတော့. . .

✽ ✽ ✽ ✽ ✽

အခန်း (၂၂)

မင်္ဂလာကိစ္စကို တခမ်းတနားကြီး လုပ်ချင်ကြပေမယ့် မယ်မင်းဘက်က မိဘတွေက အလုပ်တစ်ဘက်နှင့်မို့ အချိန်မပေးနိုင်ကြပေ။

ထို့ကြောင့် ရုံးတက်လက်မှတ်ထိုးကာ ခြံထဲမှာ အကျဉ်းရုံ ဧည့်ခံပွဲလေး တစ်ပွဲသာ ကျင်းပခဲ့သည်။

ဧည့်ခံပွဲတက်လာကြသူချင်း အတူတူတောင် မယ်မင်းရဲ့ မိဘတွေ အပေါင်းအသင်းများက ငယ်ငယ်ရွယ်ရွယ် ပေါ့ပေါ့ပါးပါးလေးတွေပဲဖြစ်လျှက် ရောက်လာတယ်ဆို ရယ်မောနောက်ကြတာ ဆူညံနေသည်။

ဩဇာသျှင်နဲ့ ပတ်သက်သမျှ လာသမျှ ဧည့်သည်တွေအားလုံးမှာ လူငယ်လူရွယ် အတော်နည်းပါးရုံမက နိုင်ငံခြားသားများလည်း ပါနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မယ်မင်း အထိုက်အလျောက်မျှသာ နှုတ်ဆက်၍ မျက်နှာလေး တွေငယ်နေကြရှာသည့် ကိုယ့်အုပ်စုကိုပဲ ငေး့ခံနေလိုက်သည်။

ဒါကို ဩဇာချင်က မကြာမကြာ လှမ်းကြည့်၏။

"မယ်မင်း. . . ဟိုမှာ မျက်လုံးကြီး တဝင်းဝင်းနဲ့ နင့်ကို လှမ်း ကြည့်နေတယ်ဟ"

"ကြည့် ကြည့်"

"ဟုတ်သားပဲ. . . နင်ကလည်း ဟိုမှာ သူတစ်ယောက်တည်း ငေး့ခံနေရတာ သွားလိုက်ပါဟာ"

"နင်တို့က ဘာဖြစ်နေကြတာလဲ. . . သူ့ဧည့်သည်ကို သူဧည့် တာ. . . ငါက ကိုယ်နဲ့မသိတဲ့လူတွေကို လိုက်ပြီး သွားဖြီးပြနေရမှာလား"

"ပြရမှာပေါ့. . . ဒါ မင်္ဂလာဆောင်နေတာ. . . ဘယ်သူ့ဧည့် သည်ဖြစ်ဖြစ် လင်မယား နှစ်ယောက်တွဲပြီး ဧည့်ခံရမှာပဲ. . . သွားလိုက် ပါဟာ"

"သမီး"

မယ်မင်းက တစ်ခုခုပြောဖို့ မဲ့ရွဲ့နေဆဲ အနားမှာ ဖေဖေ ဘွား ခနဲရောက်လာသဖြင့် လန့်ဖျန့်သွားသည်။



"ဒီက ဧည့်သည်တွေကို နေရာထိုင်ခင်း ချပေးပြီးပြီ မဟုတ်လား ဟိုမှာ ဧည့်သည်တွေ ထပ်ရောက်နေတာ. . . မောင်ဩဇာချင် တစ် ယောက်တည်းရယ်"

"ဟုတ်သားပဲ သမီးရယ်. . . သွားလိုက်ပါဦး ဟိုကို. . . ဒီမှာ မေမေ ဧည့်ခံထားပါ့မယ်"

မေမေပါ ဝင်ပါလာသည်။

"ရပါတယ် အန်တီ. . . သမီးတို့က တစ်မိမ်းဧည့်သည်တွေမှ မဟုတ်တာ. . . သွား မယ်မင်း. . . ငါတို့ နင်ရှိတော့ စကားပြောရတာ ကောင်းကောင်းတောင် မစားရသေးဘူး"

ဂျာနယ်တိုက် အတော်များများက မိတ်ဆွေတချို့ အပြင် အရင်း နှီးဆုံး သူငယ်ချင်းများက သဘောကောင်းကြပါသည်။

စိတ်ညစ်သည်က မယ်မင်းပဲဖြစ်၏။

လမ်းလျှောက်ရတာ လွယ်တာများမှတ်လို့. . .

ကိုက်ပေါင်းများစွာ တွန့်သီထိုးထပ်ချုပ်ထားသည့် ပုံကျနေသော ဇာဂါဝန်ကြီးကိုမ ပန်းစည်းကိုကျွတော့လည်း ဖြစ်သလို ကိုင်လို့မရ။

ခြေတစ်လှမ်းမှာ ဟန်ပန်တွေ ဘယ်လောက်များရသလဲ. . .

ဒီကြားထဲ သတို့သားနဲ့လက်ချင်းချိတ်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



"သွားလေ. . . သမီး"

မယ်မင်း နှုတ်ခမ်းလေး စူကော့လျက် နေရာမှထသည်။

ခေါင်းမှ ခေါင်းဆောင်းမအုပ်ဘဲ စိန်သရဖူလေးဆောင့်ကာ မျက်ရစ်နဲ့ နှုတ်ခမ်းနီရောင်တွေမှာ ရှဲဗိုးက ပြောင်ပြောင်လက်လက် ဖြစ်နေသေးသည်။

လက်မှာကောင်းလှသည့် စိတ်ကစ်ပညာက မယ်မင်းရဲ့ပါးပြင်လေးတွေမှာ ပြုံးခနဲ ပြက်ခနဲ လက်သွားတာလေးတွေ ဖြစ်တတ်သေးသည်။

အဖြူရောင်ဇာဂါဝန်လေးနှင့် စိန်တွေလည်း ညွတ်နေအောင် ဝတ်ထားသည့် မယ်မင်း တစ်ကိုယ်လုံးမှာ ဖျတ်ဖျတ်ခါနေလေသည်။

အနားရောက်သွားတော့ ဩဇာသျှင်က မယ်မင်းကို ငုံ့ကြည့်၍ ပခုံးကို ဖွဖွလေးဖက်ထားသည်။

"ယူလေဒီက အရမ်းငယ်မနေဘူးလား"

ရုပ်ရှင်မင်းသမီး မျိုးသန္တာထွန်းလိုပဲ မဲ့နက်ကလေးလည်းရှိကာ ရုပ်ချောင်းလည်း အတော်ကြီးဆင်တူသော အမျိုးသမီးက ဝိုင်ကို တစ်ဖက်ကိုင်၍ မယ်မင်းရှေ့မှာ လာရပ်သည်။

ပြီးတော့ တည့်တည့်ကြည့်ပြော၏။

"အို. . . နိုး မစ္စမယ်မင်း ဘာရီးဗျူးတီးဖူး"



တစ်ယောက်က ထရပ်၍ လက်ကမ်းပေးသည်။

မယ်မင်းကလည်း ပြန်ဆွဲနှုတ်ဆက်သည်။

"ဒါနဲ့ သူက ဂျာနယ်သတင်းထောက်မလေးဆို"

အမျိုးသမီးက ဆက်မေးပြန်သည်။

ဩဇာသျှင်က ပြုံး၍. . .

"ဟုတ်တယ် ဝါသနာသိပ်ကြီးတာ. . . မယ်မင်း သူက မနက်ကဂျပန်က ပြန်ရောက်တာ ဗိသုကာတစ်ယောက်ပေါ့. . . နာမည်က ဆုသီရိကျော်"

"ဟုတ်လား အမင်းက ခုမှသူ့ကိုသိတာ. . . သူကတော့ အမင်းကို တော်တော်သိနေတာပဲ ဟင်း ဟင်း. . . ဒါ အမင်းကို စိတ်ဝင်စားလို့ သိထားတာတွေတော့ မဟုတ်လောက်ပါဘူး"

ဆုသီရိကျော် မျက်နှာတစ်ချက် ပျက်သွားသည်။

သို့သော် ချက်ချင်း ပြင်ဆင်ပစ်လိုက်ပြီး. . .

"ဩနဲ့ဒို့က ကျောင်းနေဖက် သူငယ်ချင်းတွေပဲ. . . ဘွဲ့ရတော့လည်း တစ်နှစ်တည်း. . . သူက စီးပွားရေးလုပ်တယ်. . . ဒို့က ဘွဲ့တွေဆက်ယူတယ်. . . ဒါပေမယ့် ခင်မင်ခဲ့ကြတဲ့ သက်တမ်းက နည်းသလားဩနဲ့ပတ်သက်တဲ့လူ. . . အထူးသဖြင့် ဩရဲ့ အိမ်ထောင်ရေးကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားတာ မဆန်းဘူး. . . ထင်တယ်"

မယ်မင်းက လှလှပပလေးရယ်၍ နှာခေါင်းတစ်ဖက် တွန့်ပ

သည်။

"ဩော် ရပါတယ်. . . ဒေါ်ဆုသီရိကျော်ရယ်. . . အမင်းကို

လောက်ထိ ရှည်ရှည်ဝေးဝေး ရှင်းပြနေဖို့ မလိုပါဘူး. . . ဒါပေမယ့် ဒေါ်

ဆုသီရိကျော် ဝေဖန်တာ နောက်ကျသွားပြီ. . . ဦးဩဇာသျှင်က အမင်

နဲ့ လက်မထပ်ခင် အရွယ်သင့်မတင့် ဒေါ်ဆုသီရိကျော်နဲ့ မတိုင်ပင်ခဲ့ဘူ

ထင်တယ် ဟုတ်လား"

"မယ်မင်း"

ဩဇာသျှင်က မျက်နှာတည်တည်နှင့် ငုံ့ကြည့်ခေါ်သည်။

မယ်မင်းက စူးစူးရဲရဲ ပြန်ကြည့်၏။

"ဆောရီးပဲ ဦးဩဇာသျှင်း . . အမင်းက စော်ကားရင် မခံတ

ဘူး"

မယ်မင်းက လှည့်ထွက်၏။

ဩဇာသျှင်က မယ်မင်း လက်မောင်းလေးကို ဖမ်းဆွဲထားကာ

"ဒို့ကို ခွင့်ပြုဦးနော် သီရိ. . . ဟိုဘက်မှာ သွားဧည့်ခံလိုက်ဦး

မယ်"





"ကောင်းပါပြီ"

ဩဇာသျှင် လက်ထဲမှနေ၍ မယ်မင်းက ဆုသီရိကျော်ကို ပြုံး

ကြည့်လိုက်သေးသည်။

အဲဒါပဲ. . .

ဩဇာသျှင်မှာ အဲ့ဒီလို အမှတ်ပြည့်ရှိနေတဲ့ ဂုဏ်ထူးရှင်တွေ

တစ်တန်းကြီး။

မယ်မင်းနဲ့သူဖြစ်သွားကြတဲ့ အကြောင်းတရားတွေက မြန်ဆန်

လွန်းသဖြင့် အံ့ဩတဲ့သူတွေ မေးကြတဲ့သူတွေ။

အထူးသဖြင့် ဩဇာသျှင်ဘက်မှ မိတ်ဆွေအချို့၏ ခပ်နှိမ်နှိမ်

အခွန်းများနဲ့ မျက်လုံးတွေဖြစ်သည်။

မင်္ဂလာပွဲမှာ ဧည့်သည်လည်းဖြစ် အရှိန်အဝါလည်း နည်းကြ

သည့် ဖေဖေတို့ မျက်နှာငယ်ခဲ့ရသည်။

"အလုပ်အကိုင်ရဲ့ အသရေကို ခု ညည်းသိပြီလား မယ်မင်း. . .

နယ်မလေးဆိုတဲ့ ညည်းရဲ့ဂုဏ်သတင်းကြောင့် အခု သိက္ခာတွေ တော်

တော်ကြီးသွားပလား"

ဘွားလေးက ဧည့်ခံပွဲထဲမှာတောင် လူလစ်တာနှင့် ကပ်ဆိုလိုက်

သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ"

မယ်မင်းကတော့ ပြန်ပြောဖြစ်အောင် ပြောလိုက်ပါသေးသည်

ခပ်ကျဉ်းကျဉ်းဆိုသည့် မင်္ဂလာပွဲက စည်ကားစွာပဲပြီးဆုံးသွား သည်။

ကျန်းမာရေး သိပ်မကောင်းလို့ မလာနိုင်သည့်အဘိုးနဲ့ တာဝ တွေပိနေလို့ ရောက်မလာသည့် ကိုကြီးဆီသို့ မယ်မင်း ဖုန်းလှမ်းဆက် သည်။

အားလုံးဆီမှ ဆုတောင်းမေတ္တာတွေ ပို့ပေးကြသည်။

မင်္ဂလာပွဲပြီးတော့ ဩဇာသျှင် ပြန်မရောက်သေးပေ။

ဖေဖေနဲ့မေမေပါ ဒီည ဒီမှာပဲ အိပ်ကြမှာမို့ စကားပြောဆိုန ကြရင် လူကြီးတွေက သူ့ကို မျှော်နေကြ၏။

မယ်မင်းကတော့ ခေါင်းက သရဖူကိုဖြုတ် လက်ကောက်တွေ ချွတ်ရင်း ခေါင်းထဲမှာ ကိုက်ခဲလာရာ အိပ်ယာပေါ် အသာလှဲချလိုက်သည် တွင် ချက်ချင်း အိပ်ပျော်သွားတော့သည်။

✻ ✻ ✻ ✻ ✻

## အခန်း (၂၃)

"အား. . ."

ဘယ်လောက်ထိ စောင်းလျှက်သား အိပ်ပျော်သွားခဲ့သည် မသိ။ နိုးလာတော့ ပခုံးတစ်ဖက်က စူးစူးရှရှ အောင့်တက်နေသည်။

ဟင်. . .

မှန်တင်ခုံရှေ့က ကုလားထိုင်မှာ ထိုင်၍စီးကရက်သောက်နေ သော ဩဇာသျှင်ကို လှမ်းမြင်လျှင် မယ်မင်း ထိတ်ခနဲ ဖြစ်သွား၏။

အစက ဘာရယ်ညာရယ် မဟုတ်ဘဲ ဝင်အိပ်နေခဲ့မိသည့် နှစ် ယောက်အိပ် မွေ့ယာကြီးကို မသိမသာ ပြန်ငုံ့ကြည့်မိ၍ ရင်တွေခုန်လာ သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က သန်းခေါင်ကျော် ညဉ့်တစ်နာရီ။

မင်္ဂလာဦးညဆိုသော အတွေးက ခုမှဝင်လာ၏။

မယ်မင်း ချောက်ချားသွားသည်။

ပြန်လည်အိပ်ပျော်သွားသလိုပုံမျိုး ဖမ်း၍ မျက်လုံးတွေကို ဇွတ်ပိတ်ထားလိုက်သည်။

ပင်ပန်းလွန်းလို့ အိပ်ပျော်သွားခဲ့တုန်းက ဘာမှမဖြစ်သော်လည်း ခုကျမှ လည်ပင်းက လည်ဆွဲတွေက ဟိုကစူး ဒီကစူး။

ဂါဝန်ခါးစည်းက မွန်းကျပ်ကျပ်။

မယ်မင်း မျက်လုံးတွေ မှိတ်ထားလျက် ရွစိရွစိလေး ဖြစ်နေပုံကို ဩဇာသျှင်က လှမ်းကြည့်နေ၏။

ဘယ်လိုလုပ်မလဲ ဒီညရဲ့ ကျဉ်းထဲကျပ်ထဲက လွတ်အောင် ကြံစမ်း . .

မယ်မင်း ဇွတ်မှိတ်ထားသည့် မျက်ခွံလေးတွေနဲ့အတူ မျက်တောင်ကော့လေးတွေပါ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေသည်။

"အား . . ယားလိုက်တာ"

မယ်မင်း ကျောလေးကော့၍ ထထိုင်လိုက်၏။

ဩဇာသျှင်က မှန်တင်ခုံပေါ် လှမ်းတင်ထားသည့် ခြေတစ်ဖက်ကို ပြန်ရုတ်၍ စီးကရက်ကို ထိုးချေပစ်လိုက်သည်။



မယ်မင်း ဒါကို ဖျတ်ခနဲ လှမ်းမြင်ကာ မဆီမဆိုင် လန့်သွားမိပြန်သည်။

ကိုယ့်ဘဝကိုလည်း သူ့ စီးကရက်ကလေးလို။

"အား . . ယားတယ်"

မယ်မင်း အမူအယာတွေ လုပ်ပြီ။

"ဘာဖြစ်တာလဲ"

"ယားလို့ပါဆိုမှ ကြမ်းပိုးတွေ ကိုက်တာထင်တယ်"

"မဟုတ်တာတွေ အိပ်ယာရေ ကုတင်ပါ အားလုံးအသစ်တွေ ဘယ်က ကြမ်းပိုးက ကိုက်မှာလဲ"

"အို . . ဆိုင်ကပါလာတာနေမှာပေါ့ . . ဒီအိပ်ယာကြီး အမင်း အိပ်တော့ဘူး . . အပြင်ထွက်အိပ်မယ်"

"ဟာ . . အစီပွာယ်မရှိတာ . . အပြင်မှာလူကြီးတွေ ရှိတယ် ကွ"

"မဖြစ်အောင် ထွက်မှာပေါ့ . . ဒီအိပ်ယာကြီးက ယားတယ် အမင်း မအိပ်တော့ဘူး"

"ယားမှာပေါ့ မင်း မိတ်ကပ်တွေနဲ့ ဆွဲကြိုးတွေနဲ့ အကျီမလဲဘဲ



www.burmeseclassic.com

www.burmeseclassic.com

အိပ်နေတာကိုး"

"ဘာမှမဆိုင်ဘူး"

"ဆိုင်ဆိုင် မဆိုင်ဆိုင် အပြင်ထွက်မအိပ်ရဘူး"

"ရှင် မဟုတ်တာလေးကို မချုပ်ချယ်နဲ့နော်"

"ဘာမဟုတ်တာလေးလဲ. . . မင်္ဂလာဦးညကြီး မင်းအပြင်ထွက်အိပ်တော့ လူကြီးတွေ ဘယ်လိုထင်မလဲ"

မယ်မင်းက အိပ်ယာပေါ်က ဆောင့်အောင့်ထရပ်ကာ. . .

"ဒါဆို မေမေတို့ ဒါတွေသွားဖြုတ်ခိုင်းမယ်"

"မသွားနဲ့ မင်း အပျင်းထူတာ လူသိလိမ့်မယ်"

ဩဇာသျှင်က မယ်မင်းအနား ထလျှောက်လာကာ. . .

"ဒီဘက်လှည့် ကိုယ်ဖြုတ်ပေးမယ်"

မယ်မင်း ဘယ်လိုအကြောင်းရှာမှန်း မသိဘဲဖြစ်သွားစဉ်. . .

ဩဇာသျှင်က မယ်မင်း ပခုံးလေးကို သူ့ဘက်ဆွဲလှည့်လိုက်သည်။

"ဟင့်အင်း ဖယ်. . . အမင်းဖာသာ ဖြုတ်မယ်"

သူက မယ်မင်း မျက်နှာလေးကို ရင်ခွင်ထဲမှာထား၍ နောက်ဘက်က လည်ဆွဲကြိုးတွေကို ငုံ့ဖြုတ်ပေးသည်။



တစ်ကုံးဖြုတ်ပြီး မယ်မင်းလက်ထဲ တစ်ကုံးထည့်၏။

နောက်ဆုံးတစ်တုံးကို ဖြုတ်တော့ သူမယ်မင်းရဲ့ ဂုတ်သားဖွေးဖွေးလေးကို ငုံ့နမ်းလေသည်။

"အို"

နဂိုကတည်းက တုထိတ်ထိတ် ခုန်နေသော နှလုံးအိမ်က ဆွဲခါချလိုက်သလိုဖြစ်လျှက် မယ်မင်း သူ့ရင်ဘတ်ကို တွန်းထားမိသည်။

"မင်း ရှက်လို့ သက်သက်ဘာဏ်များနေတာ မဟုတ်လား ဟင်"

"ဟင့်အင်း မဟုတ်ဘူး. . . အို လွှတ်နော်"

မယ်မင်း အဟင်းရှန်းနေရင်းပဲ သူ့ရင်ခွင်ထဲမှာ မြုပ်ကွယ်သွားသည်။

ဆုပ်ကိုင်ထားသည့် စိန်လည်ဆွဲတွေ ချောက်ခနဲ လွတ်ကျကုန်လေသည်။

ကြမ်းရှသော အနမ်းများကြောင့် ကိုယ်ဟာ စကြာဝဠာအပြင်ဘက်ထိ မြောက်တက်လွင့်ပါသွားတဲ့အတိုင်း။

✕ ✕ ✕ ✕ ✕

သစ္စာဗမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ကဲ. . . မမေတို့ ပြန်တော့မယ်. . . သမီးရဲ့ဘွားလေးကို နှုတ်ဆက်ပြီးတာနဲ့ တစ်ခါတည်း လေဆိပ်ကိုသွားမှာ"

"ဟင် တန်းပြန်တော့မယ်"

"ဟုတ်တယ်. . . လေယာဉ်လက်မှတ်က ကြိုဖြတ်ထားတာလေ သမီးကို မပြောတာက စိတ်မကောင်း ဖြစ်နေမှာစိုးလို့ မမေတို့က ဝန်ထမ်းတွေ သမီးရဲ့. . . ဟိုမှာ တာဝန်ကရှိသေးတယ်"

မယ်မင်း မျက်နှာလေး ငယ်သွားတာကိုကြည့်ကာ ဒေါ်ကြည်စင်က ပြုံး၍. . .

"မိဘပြန်သွားတယ်ဆိုပေမယ့် အားမငယ်ပါနဲ့ မြေးကလေးရယ်



ဘွားက မြေးမလေးကို မြေးနဲ့အတူတူ ချစ်မှာပါ"

မြေးမလေးဟု ခေါ်မှုက နူးနူးညံ့ညံ့ရှိလှသည်။

ခန့်ထည်သော မျက်နှာကြီးက အေးချမ်းမှုတွေရှိနေ၏။

သူမက ဩဇာသျှင်ကို တစ်ချက်လှမ်းကြည့်၍. . .

"မြေးမလေးကို စိတ်ချထားခဲ့ပါ. . . အိမ်ထောင်ရေးအတွက်ရော အစစအရာရာ အားလုံးအတွက်ကိုလည်း ဖေ့ရမ်းကို ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ. . . မကြာခင်လည်း မြေးမလေးကို မြေးကိုယ်တိုင် အလည်အပတ်ပို့ပေးပါလိမ့်မယ်"

"စိတ်ချပါတယ်ရှင် စိတ်ချပါတယ်. . . သမီးလေးက နေရာတကာ ကလေးဆန်တတ်တာလေးတွေရှိလို့ နည်းနည်းပူမိတာပါ. . . ဖေဖေကိုယ်တိုင်က စိတ်ချလက်ချ အပ်နှံလိုက်တာပါ. . . ကျွန်မတို့ဘက်က စိတ်မချစရာမရှိပါဘူး"

ဒေါ်ကြည်စင် ကျေနပ်သွား၏။

"ကိုလင်းကိုလည်း ပြောလိုက်ပါ. . . ကျုပ်တို့တွေ မကြာခင် အလည်လာခဲ့ပါဦးမယ်လို့"

သမီးအတွက် လက်ဖွဲ့ထားတာတွေ လွှဲပေးထားတာတွေက တနင့်တပိုးမို့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဩဇာသျှင် လူရွယ်ဟာလည်း သမီးနဲ့မတိမ်းမယိမ်း လူချော လူတော်ကလေးမို့

ဒေါ်မေရီ စိတ်ချမ်းသာနေမိသည်။

ဦးမင်းထွင့်တင်က ဩဇာသျှင်ကို တစ်ချက်ကြည့်၍ . . .

"အမိကကထော့ကလေးချင်း နားလည်မှုရှိပြီး အိမ်ထောင်ရေး သာယာဖို့ပါပဲ ခင်ဗျာ"

ဩဇာသျှင်က ကော်ဖီပန်းကန်ကို အသာချ၍ . . .

"စိတ်ချပါ ဦး. . . . မယ်မင်းကို ကျွန်တော် ဇနီးလိုရော ညီမလေးလိုပါ နားလည်စောင့်ရှောက်သွားမှာပါ"

"ဟဲ့ မြေးရဲ့. . . မြေးမှာလည်း မိဘမရှိတော့ဘူး. . . ယောက္ခမဆိုတာ မိဘပဲလေ. . . ဘာဖြစ်လို့ ဦးလို့ ခေါ်ရတာလဲ"

"ရပါတယ်ဗျာ. . . အခေါ်အဝေါ်က အရေးမကြီးပါဘူး. . . စိတ်ထားတဟ်ဖို့ပဲ လိုတာပေါ့. . . သားဆီက ခုလိုစကားကြားရတာ မေမေဝမ်းသာတယ်"

မယ်မင်း ဝမ်းမသာနိုင်ပါ။

သူတို့နဲ့ယှဉ်တိုင်း ကိုယ်က မျက်နှာငယ်နေရသလို ခံစားနေမိသည်။



လူကြီးချင်း ငယ်သူငယ်ချင်းဆိုတာ ဘယ်လောက်ထိ ရင်းနှီးခင်မင်ခဲ့ကြသည် မသိရပေမယ့် ဖေဖေနဲ့ မေမေက တစ်နယ်တစ်ကျေးကနေ နန်းကုန်ထိရောက်လာပြီး သမီးနဲ့ ပေးစားရတဲ့ အဖြစ်မျိုး။

မိဘကို ပစ်မှားတာတော့ မဟုတ်ပါ။

ဒါပေမယ့် ဒီအခြေအနေမျိုးထိ မေမေတို့ မလုပ်သင့်ဘူးလို့ ထင်မိသည်။

ထို့ပြင် ဩဇာသျှင်ရဲ့ အာဏာစက်က သေးသေးနုပ်နုပ် မဟုတ်။

ဒါကိုမက်မောလို့ ကိုယ်က ခံစားရတဲ့ အဖြစ်မျိုးလား. . .

သူနဲ့ပတ်သက်၍ မယ်မင်း ဘယ်အရာမှ အလျှော့မပေးဖို့ ဆုံးဖြတ်ပြီးသား ဖြစ်သွားသည်။

ဖေဖေတို့ ပြန်သွားကြပြီးတဲ့နောက် မယ်မင်း ဘွားလေးဆီကို နန်းခဏခဏ ဆက်မိသည်မှလွဲ၍ လှုပ်မရောက်ဖြစ်တော့ပေ။

"ဘွား. . . ဘာရှာနေတာလဲ ဟင်"

"ထောပတ်ဘူး ဘယ်ရောက်နေလဲ မြေးမလေး"

"ဘွား ဘာလုပ်မလို့လဲ"

"ပေါင်မုန့်ကြော်မလားလို့"

မယ်မင်းက ဒေါ်ကြည်စင် လက်မောင်းကို ဖက်တွယ်ကာ. . .

သန္တာမွှန်စာစေ

www.burmeseclassic.com

www.burmeseclassic.com



"ဘွားကလည်း လူဆိုတာ အသက်ကြီးလာရင် အဆီအခ
ရှောင်ရတယ် ဘွားရဲ့. . . ပေါင်မုန့်ကို ထောပတ်နဲ့ကြော် နို့ဆီဆ
သကြားဖြူး. . . ဘွားက သိပ်အချိုစားတာပဲ. . . ဒီမှာခဏထိုင်. . . ထေ
ပတ်တွေ နို့ဆီတွေမပါဘဲ ဘွားစားလို့ကောင်းအောင် အမင်း ကြော်ေ
မယ်"

"ကောင်းပါပြီတော်. . . ကဲ ကြော်စမ်းပါဦး"

ဒေါ်ကြည်စင်က မီးဖိုချောင်အလုပ်ကို သူမ ကိုယ်တိုင်လုပ်
သူ။

အိမ်မှာလျှော်ဖွတ်ဖို့ ဟိုနားဒီနား သွားလာဖို့ နီနီဆိုသည့် မိန်
ကလေးတစ်ယောက်ရှိပေမယ့် မီးဖိုထဲမဝင်ခိုင်းပေ။

ခုတော့ မယ်မင်းက ရွှတ်ဝင် ရွှတ်လုပ်။

"ဘွားက ကျန်းမာရေးကောင်းအောင် အလုပ်လုပ်နေချင်တာ
ပေမယ့် အမင်းရှိသားနဲ့ ဘွားလုပ်နေတာ အမြင်မတော်ဘူးပေါ့ ဘွားရဲ
ဘွား ကျန်းမာရေးအတွက် ခြံထဲမှာ လမ်းလျှောက် ပုတီးစိပ်ပေါ့"

နုနုငယ်ငယ်လေးမို့ လျှော့တွက်ထားမိသော မယ်မင်းက မီး
ချောင်ထဲမှာ ရှစ်စပ်ကလည်နေသည်မို့ ဒေါ်ကြည်စင် ကျေနပ်မိရပြ
သည်။



ပေါင်မုန့်ကို သကြားလေးမြမြထည့်၍ ကြက်ဥခေါက်ထားသည့်
အနှစ်ထဲမှာ နှစ်ချကာ ပဲဆီသန့်ထဲမှာ ကြော်သည်။

အကြွပ်မလွန်အောင် ရွှေကြွလာတဲ့အထိ ဂရုစိုက်ကြော်သည်။

ဘွားကို ပြည်းခိုင်းတော့ သဘောကျသွား၏။

"ကောင်းတယ် မြေးမလေးရဲ့. . . ဘွားကတော့ အဲ့သလို ရွှေကြွပ်
နေအောင်လည်း တစ်ခါမှမကြော်ဖူးဘူး. . . ကြက်ဥနဲ့လည်း မခေါက်ပါ
ဘူး. . . ထောပတ်ဆီထဲ ပစ်ထည့်ပြီး နို့ဆီဆမ်းစားလိုက်တာပဲ"

ဘွားစားလိုက်တာ ပေါင်မုန့်နှစ်ချပ် ပြိုက်ခနဲ ကုန်ဒလသည်။

"အကုန်သာ ကြော်ထားလိုက် မြေးမလေးရေ. . . အဲ့ဒါ ညည်း
ယောက်ျားကြိုက်မှာ"

"ဟုတ်ကဲ့ ဘွား"

မယ်မင်းက မနက်စာအတွက် ကော်ဖီပါဖျော်ပေးလိုက်ပြီးမှ. . .

"ဘွား"

"ဟေ"

"ဒီနေ့ အမင်း ဂျာနယ်တိုက်ကို ခဏသွားပါရစေနော်"

"ဘယ်ကို"

"အမင်း လုပ်ခဲ့ဖူးတဲ့ ဂျာနယ်တိုက်ကိုပါ. . . တိုင်ပင်စရာရှိလို့

www.burmeseclassic.com

www.burmeseclassic.com



ခဏလာခဲ့ပါဦးဆိုလို့"

ဒေါ်ကြည်စင် ကော်ဖီတစ်ခွက် ငှဲ့လိုက်ပြီ. . .

"အဲ့ဒါ မြေးမလေး ယောက်ျားကို ပြောလေ. . . နို့ အဲ့ဒီအလုပ် မလုပ်ရဘူးလို့ မြေးပြောထားတယ်ဆိုကွဲ့"

"ဘွားကလည်း သူက တစ်နေကုန် ထွက်သွားပြီး အမင်း တစ်ယောက်တည်း ပျင်းတာပေါ့. . . ပြီးတော့ အဲ့ဒီအလုပ်ကို အမင်း သိပ်ဝါသနာပါတာ. . . မလုပ်နဲ့ဆိုလည်း ဒီတစ်လနှစ်လယောက်တော့ ဘွားလာဝင်ထွက်ပါရစေ ဘွားရယ်နော်"

ဪ. . . ငယ်သူပေပဲ. . .

အစကတည်းက လွတ်လွတ်လပ်လပ် နေတတ်တဲ့ အကျင့်လေးလည်း ရှိတဲ့သူ။

ဒေါ်ကြည်စင် နားလည်ပေးလိုက်သည်။

"အေးလေ. . . ခဏတဖြုတ်တော့ သွားပေါ့. . . ဘာပဲဖြစ်ဖြစ် ကိုယ့်ယောက်ျား မကြိုက်ရင်တော့ မလုပ်စေချင်ဘူး"

"ဟုတ်ကဲ့ပါဘွား"

မယ်မင်း ပျော်သွားသည်။

ဘွားဆီက အဲ့ဒီလောက် ခွင့်ပြုချက်ရရင်တော်ပြီ။



အခန်းထဲ အမြန်ဝင်လာကာ ဝစ်ကုတ်အဖြူလေးပါသည့် အနီခဲရဲကိုယ်ကျပ် ဒူးအောက်တိုတိုလေးကို ဝတ်လိုက်သည်။

အနက်နဲ့ အနီစေ့လေးတွေပါသည့် သုံးထပ်လိမ်ပုတီးရှည်ကြီးကို ကောက်စွတ် နားမှာအနီရောင် နားကပ်ဝိုင်းကြီးကိုတပ်။

မျက်နှာကို တို့ပတ်နှင့် အနည်းငယ်ရိုက်ပြီး ဝတ်နေကျ ဟန်းချိန်းနာရီလေးကို ကောက်ပတ်နေဆဲ။

"ဒါက ဘယ်ကိုလဲ"

ရေချိုးခန်းက ထွက်လာသည့် ဩဇာသျှင် မျက်နှာက ရှင်းသန့်ကြည်မွေ့နေသည်။

ရင်အုပ်ကျယ်ကျယ်နဲ့ မွှောင်ရှိသော အမွှေးမျှင်များက ယောက်ျားပီသ ခန့်ညားနေ၏။

သို့သော် မယ်မင်း တစ်ကိုယ်လုံးကို စုန်ချီဆန်ချီကြည့်ကာ သူ့မျက်နှာက ချက်ချင်းညိုပုတ်သွား၏။

မယ်မင်းကလည်း မျက်နှာကို တင်းပစ်၍. . .

"အပြင်သွားမလို့"

"မင်းကို ဘယ်သူလွှတ်လို့လဲ"

"လွှတ်ပေးမှ သွားရအောင် အမင်းက ကြိုးချည်ခံထားရတဲ့ ခွေး

www.burmeseclassic.com

www.burmeseclassic.com



လား"

"မင်းဘယ်လိုမေးလိုက်တာလဲ"

ဩဇာသျှင် ရှေ့တိုးလာသည်။

"ခွေးဆိုရင် ငါက အလုပ်ရှုပ်ခံပြီး ထိန်းနေစရာလား . . . မင်းက ငါ့မိန်းမမို့လို့ ပြောနေတာ . . . အပျိုတုန်းကလို နေချင်တိုင်းနေလို့မရတော့ဘူးဆိုတာ သတိထားဖို့ ပြောချင်တာ"

"နေချင်တိုင်းနေတယ်ဆိုတဲ့ စကားက ဘောင်လွတ်နေတယ် ဦးဩဇာသျှင် . . . အမင်း အဲ့ဒီလိုမိန်းမစား မဟုတ်ဘူး . . . ဘိုးဘွားမိဘနဲ့ စည်းနဲ့ကမ်းနဲ့ ကြီးပြင်းလာတဲ့မိန်းမ . . . အခုလည်း ဘွားကိုပြောပြီးမှ ဘွားက သွားဆိုလို့ သွားတာ"

ဩဇာသျှင် တစ်ချက်တုံ့သွားသည်။

ဒီမိန်းကလေး သူ့အပေါ်ဆို အမြဲကလန်ကဆန် လုပ်တတ်သလောက် ဘွားနဲ့ကျတော့ ချွဲပဲချွဲတတ်လွန်းသည်။

"ဘွားကို မင်း ပတ်ချွဲနှပ်ချွဲနဲ့ မရမက ပြောထားတာနေမှာပေါ့ ဒါပေမယ့် ငါခွင့်မပြုဘူး . . . မင်းဘယ်ကိုသွားမှာလဲဆိုတာ ငါသိတယ် . . . လုံးဝမသွားရဘူး"

"သွားမှာပဲ . . . အမင်းက သွားမယ်ဆိုတဲ့ လမ်းကို သွားကိုသွား





ရမှာ"

"မယ်မင်း"

"ဘာလဲ"

သူက အော်တော့ မယ်မင်းက ပြန်အော်သည်။

"ငါ့မိန်းမ တစ်ယောက်ဟာ ဂျာနယ်ကျော်မလေး ဖြစ်နေရတဲ့အတွက် ငါဘယ်လောက် မျက်နှာငယ်ခဲ့ရသလဲ မင်းသိလားဟင် . . . ဒါကိုပဲ မင်းဘာဖြစ်လို့ ဝါသနာကြီးနေတာပဲ"

"ဒီဝါသနာကို စွန့်လွှတ်ပါမယ်လို့ ကျွန်မက ရှင့်ကို အာမဘာရွေ့ ထားခဲ့လို့လား . . . ရှင့်သိက္ခာကြီးမားရအောင် ကျွန်မက အိမ်ထဲမှာပဲ ကုတ်ကုတ်နဲ့ ရှင့်ကိုလိုက်ပို့ထွက်ကြို နာရီကြည့်ပြီး ထိုင်နေရမှာလား"

"မင်း အိမ်မှာမနေချင်ရင် ငါနဲ့လိုက်ခဲ့"

"မလိုက်ဘူး"

"မယ်မင်း မင်းငါ့ကို သက်သက်ဂွတိုက်နေတာလား"

"ရှင်က ပါဝါတွေပြနေတာ"

ငါ့ယောကျ်ား ငါ့လိုကောင်ဆိုတဲ့ မာန်တွေနဲ့ သူ့ဒီနေ့ထိ မယ်မင်းကို ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းမှ မပြောခဲ့သေးပေ။

ချစ်ရဲ့လားလို့ မေးတာမျိုးလည်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တုရားဆန်သော အိမ်ထောင်ရေးကို မယ်မင်း မုန်းသည်။

ထို့အပြင် မာနတွေ ခေါင်းခိုက်နေသည့် သူ့လိုလူဆီက အချစ်ကိုမရဘဲ ဒေါသမာနတွေချည်း ထွက်ချနေတာကို မခံစားနိုင်ပါ။

အိမ်ထောင်ကျခဲ့ရတာက လူကြီးတွေ ထင်သလို သူတို့ချင်း ချစ်ကြလို့မှ မဟုတ်ဘဲ။

ဒါကို သူနဲ့ကိုယ်သာ အသိဆုံး။

လက်ထပ်ပြီးတဲ့အခါ ချစ်ခြင်းဖလှယ်ဖို့ သူ မကြိုးစားသင့်ဘူးလား. . .

မယ်မင်း သူ့ကို မချစ်နိုင်တာတောင် ကြည်ဖြူပေးခဲ့မှာပါ။

ခုတော့ မယ်မင်း ကြည်ဖြူတာ မကြည်ဖြူတာကို သူဂရုမစိုက်။

မိုးလင်းလာလျှင် အလုပ်သွားမည်။

ခဏခဏ ဖုန်းလှမ်းဆက်မည်။

ဖုန်းထဲကနေ ဘာလုပ်နေလဲ ဘယ်သွားနေလဲ အိပ်နေတာတောင် နှိုးခိုင်း၍ အိပ်ချည်းပဲမနေနဲ့လို့ အမိန့်ပေးတာ မရှား။

ဘယ်သူ့ကိုကြည့်ကြည့် သူ့လက်အောက်က အလုပ်သမားလို မြင်နေတဲ့လူ။

မယ်မင်း ဒေါသဖြစ်လွန်းသဖြင့် မျက်ရည်တွေ လည်လာသည်။



ဒါကိုမြင်လျှင် ဩဇာသျှင် ကျွတ်ခနဲ စုတ်သပ်သည်။

"မင်းတော်တော် တခွတ်ထိုး စိတ်ရှိတာပဲ မယ်မင်းရာ. . .ခက်ပါလား"

သူ့ဖာသူ ဗီရိုဆွဲဖွင့် အင်္ကျီတွေကို ချိတ်ကနေ တစ်ထည်ပြီး တစ်ထည်ဆွဲဖြုတ်ချရင်း အိပ်ယာပေါ် ပစ်တင်နေသည်။

သူ့ဟာသူ ဘာလုပ်နေသည်ပင် မေ့လျှော့နေသည့်ပုံနှင့် အင်္ကျီတွေ အားလုံးကုန်မှ ဗီရိုကို ပြန်ပိတ်၏။

အိပ်ယာပေါ်မှာ ကုတ်အင်္ကျီတွေ ထပ်နေတော့သည်။

နောက်တော့လည်း ဗီရိုအထပ်ထဲက ရှပ်အင်္ကျီတစ်ထည်ယူ တ်ကာ ပုံချထားသည့် အထဲက ကုတ်အင်္ကျီမီးခိုးရောင်ကို ကောက်ဝတ် စ်လိုက်သည်။

"ကဲ မင်းဘယ်သွားမှာလဲပြော"

"မသွားတော့ဘူး"

မယ်မင်းက ကိုင်ထားသည့် ပိုက်ဆံအိတ်လေးကို ထွေ့ကရာ စ်ပေါက်လွှင့်ပစ်လိုက်သည်။

"သွားချင်တဲ့နေရာကို သံတော်ဦးတင် ခွင့်တောင်းပြီး. . . အဖိုး တြိုနဲ့ အချုပ်သားတစ်ယောက်လို ကျွန်မ မသွားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . မင်းမှာ ယောကျ်ားရှိတယ်လေ. . . မင်းထင်ရာလုပ်ချင်လို့ရမလား"

"တော်ပြီ. . . မသွားဘူးဆို ပြီးရောမဟုတ်လား"

မယ်မင်း အိပ်ယာပေါ် ပစ်လှဲကာ ခေါင်းအုံးတစ်လုံးဆွဲယူ၍ မျက်နှာကို ဖိကပ်ထားလိုက်သည်။

သူ့အငွေ့အသက်တွေ လုံးဝဝေးသွားပြီဆိုမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကာ ငိုချပစ်လိုက်မိသည်။

"အလကားလူကြီး"

မုန်းတယ် သိလား. . .

ဘယ်လောက်မှ မကြာလိုက်ပေ။

နီနီ အခန်းရှေ့ရောက်လာ သည်။

"မမမင်း အစ်ကိုလေးဆီက ဖုန်းလာနေပါတယ်"

"အိပ်နေတယ်လို့ ပြောလိုက်"

"အဲ့ဒါ ဘာလုပ်နေနေ. . . ရအောင်ခေါ်ခဲ့တဲ့"

ကြာလျှင် ဘွားသိမည်စိုး၍ မျက်ရည် ဘယ်ညာသုတ်ကာ မယ်မင်းက ထလာခဲ့ရသည်။

ဖုန်းကို ဆတ်ခနဲကောက်ယူကာ. . .





"ဘာလဲ. . . နောက်မဆက်နဲ့ လုံးဝလာမပြောဘူး. . .

ဂွတ်ခနဲ ချပစ်လိုက်သည်။

ဖုန်းက ချက်ချင်းပြန် မြည်လာ၏။

မယ်မင်း ပေကပ်ရပ်နေဆဲ. . .

"ဟဲ့ နီနီ. . . ဖုန်းကိုင်စမ်း ဘယ်သူမှ မရှိဘူးလား"

"ရှိ ရှိတယ်ဘွား"

သူမ ကပျာကယာ ပြန်ကိုင်လိုက်ရသည်။

"မယ်မင်း"

"ဘာလဲ"

"ဘာဖြစ်လို့ ဖုန်းချပစ်တာလဲ. . . မင်းငိုနေရတယ် မဟုတ်လား"

"ဟုတ်တော့ ဘာဖြစ်လဲ"

"ခေါင်းတွေကိုက်နေမယ်. . . သွားချင်တဲ့နေရာကိုသွား. . . နှစ်နာရီ သုံးနာရီလောက်ဆို ရတယ်မဟုတ်လား. . . ထမင်းစားချိန် ရောက်အောင်ပြန်ပေါ့"

"မသွားတော့ဘူးလို့ ပြောပြီးပြီပဲ. . . ဒါပဲလား"

"ဘယ်လိုဖြစ်နေတာလဲကွာ. . . အလုပ်လုပ်ရတာ စိတ်မဖြောင့်

www.burmeseclassic.com

 www.burmeseclassic.com

ဘူး. . . ကိုယ့်ကို စိတ်ကောက်နေတာလား"

ခုနကတော့ နင်တစ်လုံး ငါတစ်လုံးနဲ့ ဟိန်းဟောက်သွားလိုက် ခုကျမှ. . .

"စိတ်ကောက်တာထက်ဆိုးတယ်. . . ရှင့်ကိုမုန်းတယ်သိလား နောက်တစ်ခါထပ်ဆက်ရင် ဘွားကို တိုင်ပြောပြီး တစ်နေ့ကုန် ငိုပစ်မယ်"

ဖုန်းချပစ်လိုက်သည်။

ဒီတစ်ခါ ထပ်မြည်မလာတော့ပေ။

မယ်မင်း မျက်ရည်တွေ ထပ်ကျလာတော့ ဖုန်းကိုမျက်စောင်းထိုးပစ်လိုက်၏။

✻ ✻ ✻ ✻ ✻

၁

## အခန်း (၂၅)

"ဘွားခြေသည်းတွေ ရှည်နေပြီ. . . အမင်း ညှပ်ပေးမယ်နော်"

"နေပါစေပြေးမလေးရယ်. . . ဘွား နီနီကိုပဲ ညှပ်ခိုင်းပါမယ်"

"ရပါတယ် ဘွားရဲ့. . . အမင်း အားနေတာပဲဟာ"

မယ်မင်း ဘွားခြေသည်းလေးတွေကို ညှပ်ပေးလိုက်သည်။

ထမင်းကျတော့ မစားချင်တာမို့ အခန်းထဲဝင်လှဲနေလိုက်မိ၏။

မနက်က တအားငိုပစ်လိုက်မိသဖြင့် ခေါင်းတွေက ကိုက်လာသည်။

တစ်သက်နဲ့တစ်ကိုယ် သူများ တားဆီးတဲ့နောက် အရှုံးပေးလိုက်တာ ဒါပထမဆုံး။



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်ကဖြစ် ခေါင်းတွေကကိုက်။

ဆေးသောက်ပြီး လှဲနေပေမယ့် အိပ်လို့မရပေ။

"ဘွား မယ်မင်းရော"

"အခန်းထဲဝင်သွားတယ် သားရဲ့. . . ထမင်းလည်း မစားခ[ဲ]
သေးဘူးတဲ့"

အပြင်က စကားပြောသံများကြားကာ ခြေသံက အခန်းဆ[ီ]
ချက်ချင်းရောက်လာသဖြင့် မယ်မင်း အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

မယ်မင်း မအိပ်တာကို မတည်ငြိမ်သည့် မျက်တောင်ကော့[လေး]
တွေဆီမှာ စုံစမ်းလိုက်ပြီး ဩဇာသျှင် အနားမှာထိုင်သည်။

မြန်မာမလေး စစ်စစ်ဖြစ်ရက်နဲ့ ပြင်သစ်ကပြားမလေးလို ဆ[ံ]
ရိုးခိုင်ခိုင် ပါးမို့လေးတွေ နီမြန်းလျက် ပြည့်တင်နေသည့် နှုတ်ခမ်းလေး[ကို]
သူမြတ်နိုးစွာ ငေးစိုက်ကြည့်နေမိသည်။

လှလိုက်တဲ့ မယ်မင်း။

မယ်မင်းကို စတွေ့ကတည်းက သူစိတ်ဝင်စားမိခဲ့တာ ဖြစ်သည်[။]

ချစ်တယ်ဆိုတဲ့ ခံစားချက်ဟာ လက်ထပ်ပြီးတော့မှ ပို၍သေ[ချာ]
ခဲ့တာပေမယ့် ဖွင့်မပြောဖြစ်ခဲ့ပါ။

သူမြတ်မြတ်နိုးနိုး ယုယုယယ ချစ်ပြလိုက်လျှင် မယ်မင်း ငို[ယို]





ပြောမရဆိုမရ ဖြစ်သွားမှာစိုး၍ သူမှာ လူကြီးတစ်ယောက်လို ကြံ့ခိုင်ဆည်
နှင့် ဟိန်းရဟောက်ရ။

ရင်ထဲမှာတော့ ချစ်တဲ့စိတ်တွေ အပြည့်အသိပ်နဲ့ပါ။

မင်းကိုကိုယ် စွဲစွဲလမ်းလမ်း မြတ်မြတ်နိုးနိုး ချစ်တာမယ်မင်း
ရယ်. . .

အလုပ်ထဲရောက်နေလည်း မင်းကိုစိတ်ပူချ။

မင်း အပြင်ထွက်သွားမှာလည်းစိုး။

အဲ့ဒါဘယ်လိုလုပ်ရမလဲ. . .

အနားမှာ သူ့ရဲ့ကိုယ်သင်းနံ့ ရှိနေသေးတာကြောင့် သူထွက်မ
သွားသေးဘူးဆိုတာရော ကိုယ့်ကိုစိုက်ကြည့်နေမှာပဲ ဆိုတာကိုရော သိနေ
သည်မို့ မယ်မင်း အနေခက်လှစွာ ဒေါသတွေ ဖြစ်လာသည်။ ထိုစဉ်. . .

သူမရဲ့ နဖူးပြင်မှာ နွေးခနဲ ဖြစ်သွားသည်။

ပြီးတော့ မျက်ဝန်းအိမ်လေး နှစ်ဘက်။

ပါးမို့မို့ နှင်းဆီခင်းမှာ မွှေနှောက်တိုက်စားခြင်းက နှုတ်ခမ်းလေး
နှစ်လွှာဆီရောက်တော့ မယ်မင်း မျက်နှာကို တစ်ဖက်လွှဲပစ်လိုက်သည်။

"မယ်မင်း မအိပ်ဘဲနဲ့ကွာ. . . ထမင်းမစားရသေးဘူးဆို ထ"

"မစားချင်လို့ မစားတာပါ. . . လွှတ်ပါ. . . ရှင်ဘာလို့ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

"မင်္ဂလာကြောင့်ပေါ့ . . အဲ့ဒီလို စိတ်ကောက်ပြီး အိပ်နေမှာသိလို့ ပြန်လာတာ ထကွာ . . . ထမင်းသွားစားရအောင်"

"မစားဘူး"

"ဒါဆိုနေကွာ . . ကိုယ့်လည်း အလုပ်မသွားတော့ဘူး"

"ရှင့်သဘောပဲ"

"ပြီးရော"

ဩဇာသျှင်က အိပ်ယာပေါ်လှဲချပစ်ကာ မယ်မင်းကိုယ်လုံးလေးကို ဆွဲဖက်ထားလိုက်သည်။

"အို"

မယ်မင်း ကိုယ့်ဒေါသနဲ့ကိုယ် ဒုက္ခရောက်သွားသည်။

ဆိုချင်တာက ချစ်ခြင်းအလင်္ကာ . . .

တကယ်တမ်းကျတော့ . . .

✕ ✕ ✕ ✕ ✕

အခန်း (၂၆)

"ဘာ ဘယ်သွားလို့လဲ"

"ဘွားလေးအိမ်လို့ ပြောသွားတယ် အစ်ကိုလေး . . . မေမေကြီး သိပါတယ်"

ဩဇာသျှင် မျက်မှောင်ကြီးကုတ်ထားလျှက် ဘွားလေးဆီ ချက်ချင်းဖုန်းဆက်၏။

"ဘွားလေး"

"ဟေ"

"အဲ့ဒီမှာ မယ်မင်းရှိသလား"

"မရှိဘူး . . . ဖုန်းဆက်တာ သားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ကျွန်တော် ဩဇာသျှင်ပါ"

"ဪကွယ်. . . အမင်း ခဏပဲလာပြီး ပြန်သွားတယ်လေ. . . သူငယ်ချင်းဆီ သွားဦးမယ်ဆိုလားပဲ. . . အဲ့ဒီကို သားဆက်ကြည့်မလား ဘွားလေးဆီမှာ ဖုန်းနံပါတ်ရှိတယ်"

"ဟုတ်ကဲ့ ဘွားလေး. . . ဖုန်းနံပါတ်ပေးပါ"

ဆက်ကြည့်တော့ ပပဆိုတာနှင့် တွေ့သည်။

"လာတယ် လာတယ်. . . ဒါပေမယ့် ပြန်သွားပြီ"

"ဘယ်သွားမယ် ပြောသွားလဲ"

"ပြန်တော့မယ်ဆိုပြီး ပြန်တာပဲ. . . သိပ်တော့ မကြာသေးဘူး"

ဩဇာသျှင် ရင်မောသွားသည်။

မယ်မင်း ဂျာနယ်တိုက်ကို သွားတာပဲ ဖြစ်သည်။

အဲ့ဒါကိုတော့ သူ သည်းမခံနိုင်ပေ။

"ဆရာ ဒေါ်ခေမာနွယ်ဆီက ဖုန်း"

ဘေးက ဖုန်းမြည်နေတာကို ဩဇာသျှင် လုံးဝမကိုင်တာနှင့် အတွင်းရေးမှူးက ထကိုင်ရသည်။

ခေမာနွယ်ဆိုမှ သူ လှုပ်ရှားသွား၏။

"ဟလို မနွယ်လား"





"ဟုတ်တယ်. . . . ဂျပန်က ကျလာတဲ့ ဖွန်မြူလာတစ်စုံကို ကိုဩ သွားထုတ်မယူလိုက်ဘူးဆို ဦးချမ်းသာတို့ ကုမ္ပဏီက ထုတ်ယူသွားလို့ ဈေးဖူးတင်ကြောင်း လှမ်းအကြောင်းကြားလို့. . . ကိုကြီးက မနွယ်ဆီ လှမ်းဆက်တာ"

"ဗျာ ဘယ်လို. . . ဖွန်မြူလာတွေ ကျလာပြီ ဟုတ်လား. . . ကျွန်တော်လည်း ဘာမှမသိရပါလား"

"ဆန်းဒေးတုန်းက မနွယ်ဖုန်းဆက်ပြောထားတာပဲ. . . ဟိုက ဖွန်မြူလာက ရောက်မယ့်ရက်ကို"

"ဟင်"

"ကိုဩရဲ့အမျိုးသမီးနဲ့ တွေ့တယ်လေ. . . ဦးအောင် သွားထုတ်ဖို့တောင် မနွယ်. . . သေသေချာချာ ပြောထားသေးတယ်"

သွားပြီ. . .

အတွင်းရေးမှူးနဲ့သူ အကြည့်ချင်းဆုံဖြစ်သွားသည်။

နှစ်ယောက်လုံး ဆွံ့အကုန်ကြသည်။

ဩဇာသျှင် စားပွဲမှထကာ ရှေ့ကဖိုင်တစ်ထပ်ကို အိတ်ထဲ ကောက်ထည့်လိုက်၏။

အပြိုင်အဆိုင် အလုအယက် လိုချင်နေကြသည့် အလေ့ကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတစ်ခုကို ဆုံးရှုံးလိုက်ရပြီဖြစ်ရာ ရင်ထဲမှာ ဒေါသက လှိုင်းထန်နေသည်။

မယ်မင်း အဲဒါ မင်းသက်သက်လုပ်လိုက်တာလား. . .

✕ ✕ ✕ ✕ ✕

## အခန်း (၂၇)

"မဟုတ်ဘူး. . . ကျွန်မ အဲ့သလောက် စိတ်မပုတ်ဘူး"

"ဘာမဟုတ်ရမှာလဲ. . . အဲဒီနေ့က မင်း ငါ့ကို စိတ်ဆိုးနေတာလေ. . . ဒီ့ထက်သေချာတာ ဘာမှမရှိတော့ဘူး. . .

. . . မင်းဟာ ငါထင်ထားတာထက် ပိုဆိုးတယ် အရမ်းဆိုးတယ်. . . အခဲမကျေတတ်တဲ့ ဉာဉ်ရှိတယ်"

"ရှင်ဘာတွေ စွပ်စွဲနေတာလဲ. . . သူဖုန်းဆက်တော့ ကျွန်မစာနဲ့ သေသေချာချာတောင် မှတ်ထားလိုက်သေးတယ်. . .

ဒါပေမယ့် ပြောဖို့ မေ့သွားတာ အမှန်ပဲ. . . ဒါ တမင်လုပ်နေတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး"

"မတတ်နိုင်ဘူးလေ. . . ရှင့်ကို ကျွန်မက ကျိန်တွယ်ပြီး သစ္စာဆို မပြနိုင်ဘူး"

"ဟဲ့. . . ဟဲ့ ဘာယ်လိုဖြစ်ကြတာလဲကွယ်"

ဒေါ်ကြည်စင် ရောက်လာသည်။

မယ်မင်း ပခုံးလေးကို လာဖက်၏။

"မင်းလုပ်ချင်ရာ လုပ်ခွင့်မရတိုင်း ငါ့အလုပ်ကို နှောင့်ယှက်တာ မဟုတ်လား"

"ဦးဩဇာသျှင် ရှင် ကျွန်မကို အဲဒီလောက်ထိ အထင်သေးနေသလား"

"ကြီးစရာမှမရှိတာ"

"တော်ကြစမ်း. . . ဘာဖြစ်နေကြတာလဲလို့ ဘွားမေးနေတယ်လေ"

ဩဇာသျှင်က စူးစူးရဲရဲ စိုက်ကြည့်လျက် ချာခနဲ လှည့်ထွက်သွားသည်။

မယ်မင်း ဘွားပခုံးပေါ် မျက်နှာလေး မှောက်ကျ၍ ငိုလေသည်။ ဒီကိစ္စအရေးကြီးမှန်းသိလို့ မယ်မင်း တကယ်ပဲ မှတ်ထားခဲ့တာ





ပါ။

ဒါပေမယ့် 'အ'ဆေးထည့်ထားသလို ဖြစ်သွားခဲ့တာကို ခုတော့ ဘယ်လိုမှ ရှင်းပြမရသည့် ပြဿနာဖြစ်သွားခဲ့သည်။

ဆက်ဆက်ထိမခံတတ်ပေမယ့် မယ်မင်း ဝမ်းနည်းတတ်တာ အားနည်းချက်တစ်ခုပါ။

မခံချင်ဒေါသဖြစ်လည်း မျက်ရည်ကျသည်။

ဝမ်းနည်းရင်လည်း ကျသည်။

တစိမ့်စိမ့်တွေး၍ ခံစားနေတတ်တာလည်း မွေးရာပါဗီဇဖြစ်၏။

မယ်မင်း ညစာထွက်မစားဘူးဆိုကတည်းက ဩဇာသျှင် စိတ်မကောင်းဖြစ်သွားခဲ့တာပေမယ့် စကားပြောဖို့ရာလည်း ဝန်လေးနေတာကြောင့် ကွန်ပျူတာစားပွဲမှာ ထိုင်ကာ တစ်ပုံတစ်ပင်ကြီး အကြွေးရသမျှ စာရင်းဖိုင်တွေ ဖွင့်လိုက်သည်။

စိတ်က လွင့်ပျံ့နေသည်မို့ မျက်လုံးနဲ့လက်က တစ်ထပ်တည်း မကျပေ။ စာရင်းတွေ ခဏခဏမှားနေသမျှ စိတ်ပျက်လာသည်။

ညဉ့်နက်လာတော့ မလှမ်းမကမ်းက အရိပ်တစ်ခုကြောင့် မော့ကြည့်လိုက်မိသည်။

"မယ်မင်း"

www.burmeseclassic.com

www.burmeseclassic.com


သူ့အမိအရ လှမ်းခေါ်လိုက်သည်။

မယ်မင်းက ညဝတ်ဂါဝန် ပန်းရောင်ပွပွလေးနှင့် ဆံပင်တွေကို ဘီးကုပ်နဲ့အပြောင်သိမ်းတင်ထားသဖြင့် မျက်နှာလေးက ရှင်းလင်းနေကာ ငိုထားတာကြောင့် နီမြန်းမြန်းလေး ဖြစ်နေသည်။

အခန်းရှေ့က ခပ်သုတ်သုတ် ဖြတ်လျှောက်လိုက်ပေမယ့် လှမ်းခေါ်လိုက်သည်မို့ မယ်မင်း ရပ်လိုက်ရသည်။

"ကိုယ့်ကို နည်းနည်းလောက် လာကူစမ်းပါ"

"ရှင့်အလုပ်ကြီး အကိုင်ကြီးတွေကို ကျွန်မက နားမလည်ပါဘူး ခေါင်းတွေလည်း ကိုက်နေတယ်"

"နေဦး. . . ဒါဆို ကိုယ့်ကို ကော်ဖီခါးခါး တစ်ခွက်လောက် ဖျော်ပေးခဲ့စမ်းပါ"

မယ်မင်း ထွက်သွားပြီး ချက်ချင်း ပြန်ရောက်လာသည်။

ကော်ဖီပန်းကန်ချပေးသည့် မယ်မင်းလက်ကလေးကို သူဆွဲထား၍. . .

"မယ်မင်း"

မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး မယ်မင်း မျက်နှာလေးကို ဆွဲမော့လိုက်သည်။

"ညနေက ကိုယ်စကားပြောတာ လွန်သွားတယ်ကွာ. . . အဲဒီအတွက် ကိုယ့်ကိုခွင့်လွှတ်ပါ"

မယ်မင်းက သူ့လက်တွေကို ဖယ်ချဖို့ ကြိုးစားရင်း. . .

"ရှင်နဲ့ပတ်သက်တာ ကျွန်မရင်ထဲမှာ ဘာမှမရှိဘူး. . . ဒါကြောင့် ရှင် ကျွန်မကို တောင်းပန်ဖို့မလိုပါဘူး"

ဩဇာသျှင် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။

သူယုံပါသည်။

ဒီနေ့ထိ သူ့အပေါ် မယ်မင်း ကြည်ဖြူစွာ လိုက်လျောခဲ့တာ ဘာရှိလို့လဲ. . .

သူမှာသာ မြတ်နိုးမဝနိုင်ဘဲ သည်းခံခဲ့ ခွင့်လွှတ်ခဲ့ရသည်။

နောက်ဆုံး ပွဲတော်ဖက်တာလောက်တောင်မှ မယ်မင်းထံမှ ဖြူစင်သောနှုတ်များစွာနှင့် သူ ဖွတ်ဖက် ဖွတ်နမ်း။

ချစ်ခါးပြကြီး ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

ချစ်လိုက်တာ မယ်မင်းရယ်လို့များ ပြောမိလျှင် သူမ ပါးစပ်က ဘာသာယ်လိုရင့်သီးမှုစကားတွေ ထွက်ကျလာဦးမည်မသိ။

နှလုံးသားတစ်ခုလုံးဟာ မီးသင့်ခံလိုက်ရသည့် ပန်းဖူးကလေးလို မယ်မင်းကို ကိုင်ထားသည့် သူ့လက်တွေ ပြုတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်းထဲ ပြန်ရောက်တော့ မယ်မင်း ငုတ်တုတ်လေး ထိုင်ရင်း မျက်ရည်ကျလေသည်။

တစ်ခါတစ်ခါ နူးညံ့သွားတတ်သည့် သူ့အမူအယာ အပြောအဆိုများမှာ ပျော်ဝင်မိမတတ်ဖြစ်သွားခဲ့သည့်စိတ်က နောက်ဆုံးရောက်လာတိုင်း ကာရံမဲ့သော တေးသွားတစ်ပုဒ်ကို နားဆင်လိုက်ရသလို သာယာခြင်းကင်းခဲ့သည့်ချည်းဖြစ်၏။

ပြောသွားသမျှ စကားတွေထဲမှာ ချစ်ခြင်းဆိုတာ မပါ။

မယ်မင်းကို သူဘာဖြစ်လို့ ချစ်တယ်လို့ မပြောခဲ့တာလဲ. . .

ချစ်ရဲ့လားလို့ ဘာဖြစ်လို့ မမေးခဲ့တာလဲ. . .

မယ်မင်းဆီက သူရယူချင်တာ အချစ်မဟုတ်ဘူးဆိုရင် အသွေးအသားကိုလား အမြဲအနိုင်နဲ့ ပိုင်သွားနိုင်မယ့် အဆင့်မျိုးပဲလို့ သတ်မှတ်ခဲ့တာလား. . .

သူမကရော ဘာကြောင့် သူ့ဆီက အချစ်ကို မျှော်လင့်နေမိတာလဲ. . .

မယ်မင်း ခေါင်းတွင်တွင်ခါရင်း ခေါင်းအုံးပေါ် မှောက်ငိုလိုက်သည်။ ဒီတစ်ခါကျတဲ့ မျက်ရည်စက်တွေဟာ အပူလောင်ဆုံး။

✕ ✕ ✕ ✕ ✕

အခန်း (၂၈)

"မယ်မင်းလား"

"အင်း. . . ပပလား ဟင်"

"အေး ဟုတ်တယ် နင့်ကို ဂုဏ်ပြုမလို့ပါ. . . မဂ္ဂဇင်း ဂျာနယ် အင်တာဗျူးလုံးဝ လက်မခံဘူးဆိုတဲ့ ပုဂ္ဂိုလ်က ခုတော့ အေးအေးဆေးဆေး ဆွေးနွေးပွဲတွေဘာတွေ လုပ်တော့မယ်ဆိုလို့ နင် စည်းရုံးရေးတော်တာကို ချီးကျူးတယ်ဟာ တကယ်"

"ဟင် ဘယ်သူလဲ ဦးဩဇာသျှင်လား"

"ကျွတ်. . နင့်ခေါ်ပုံကြီးကလည်း မနိပ်ပါဘူး. . . ဟိုယုံ ယောက်ျားကို ဘယ်နှယ့် ဦးဩဇာသျှင်ရယ်လို့ ဒီလောက်ခေါ်ပြီး အားတိုး

www.burmeseclassic.com

www.burmeseclassic.com



ချင်စရာကောင်းတဲ့ ယောက်ျားကိုများ ကိုကိုလို့ ခေါ်တော့ဘာဖြစ်မှာမို့လို့လဲ"

ဘယ်သူကရော ခေါ်ခိုင်းဖူးလို့လဲ။

မယ်မင်း နှုတ်ခမ်းလေး တင်းကပ်သွားသည်။

"မယ်မင်း. . . နင်တော်တယ်သိလား. . . ဦးကဖောင် အဲ့ဒီကို ငါသွားဖို့ပြောနေတာ"

"ဘယ်မှာတဲ့လဲ"

"အင်ဖွာဖရင့်မှာလေ. . . ဟဲ့ နင်မသိဘူးလား"

"မသိဘူး. . . နင်အဲ့ဒီကို သွားမှာလား"

"အေးပေါ့. . . ဦးကလွှတ်နေတာကိုး 'ရွှေကလောင်'က ဦးသွားမှာစိုးလို့တဲ့ ငါကတော့ မသွားချင်ဘူး. . . သူ့အကြောင်း ဒို့တိုက်ကပဲ တော်တော်များများ ထည့်ပြီးပြီဥစ္စာ. . . ပြီးတော့ ခုဟာက တိုးရစ်တွေနဲ့ အင်တာဗျူးမှာဆိုတော့ ကိုယ်က ဝင်ဖို့ခွင့်တောင်းရဦးမှာ"

"နင်သွားမနေနဲ့. . . အဲ့ဒီဆွေးနွေးပွဲပျက်မှာ"

"ဟင် ဘယ်လို"

"ပပ နင်မသွားနဲ့. . . ဒါပေမယ့် ငါနဲ့အဖော်လိုက်ခဲ့စမ်းပါ"

"ဟဲ့ဒီကို"



"အင်း"

"နင်က ကိုယ့်ယောက်ျားနဲ့ တူယ်အတူပါသွားလို့ရတာပဲ. . . ဘာဖြစ်လို့လဲ"

"အမေးအမြန်း မထူပါနဲ့ဟာ. . . နင့်တိုက်ခန်းကစောင့် ငါလာခေါ်မယ်. . . အတိအကျနေဘ် ဒါပဲ"

ပပရဲ့ခေါ်သံလေးကို ဥပေက္ခာပြုထားလိုက်သည်။

အိမ်မှာလုပ်စရာရှိသမျှ လုပ်ကိုင်ရင်း အချိန်ကို စောင့်နေလိုက်၏။ ကိုယ့်ကိုတော့ ဒါတွေမလုပ်ရ အပြင်မထွက်ရ။

ကိုယ်မေးခဲ့တုန်းက မေးခွန်းတစ်ခုကို ကျောက်ခဲကျ နှိုညှစ်ချရသလို ပင်ပန်းခဲ့ရတာ။ ခုကျမှ ဆွေးနွေးပွဲလုပ်နေတဲ့. . .

မရဘူး ဘယ်သူနဲ့မှ မဗျူးရဘူး သူများက မိန်းမရမှ ပြောင်းလဲသွားတာလို့ ပြောကြတဲ့အချိန်မှာ သူက ခေါင်းခါမဲ့ပြုံးနှင့် ငြင်းလိမ့်မည်။

မပြောင်းရဘူး ရှင် အရင်အတိုင်းပဲ မာနကြီးကြီးနေရမယ်. . .

ဘယ်ဂျာနယ် ဘယ်ပုဂ္ဂိုလ်နဲ့မှ မဗျူးရဘူး. . .

ဆိုင်တာမဆိုင်တာမသိ လုပ်သင့်သင့် မသင့်သင့် မယ်မင်း ကိုယ့်အတွက်အတိုင်း ဆုံးဖြတ်လိုက်သည်။

ပပနဲ့ သူမတို့ ဖရင့်ကိုရောက်သွားတော့ ကုမ္ပဏီရှေ့မှာ ကား

www.burmeseclassic.com

www.burmeseclassic.com



တွေကျပ်သိပ်နေတာတွေ့၏။

"မယ်မင်း နင် နင်ဘာလုပ်မလို့လဲ. . . နင်တို့လင်မ
အဆင်မပြေဘူးလား. . . ဒါဆိုလည်း အိမ်ကျမှ ရှင်းပါဟယ်. . . ပြဿ
သွားမရှာပါနဲ့"

ပပ ဘာပြောပြော မယ်မင်းက တစ်လုံးမှ ပြန်မပြောဘဲ ဖျော်
ကို ဝင်ခဲ့သည်။

အဆင်ပြေချင်တော့ ကုမ္ပဏီအဝင် ဝဲထောင့်မှာ ဝန်ထမ်း
သောက်ဆိုင်မျိုးလေး ရှိနေသည်။

ညာဘက် မျက်နှာချင်းဆိုင်မှာ မှန်တစ်ဝက်နှင့် ဟောလ်အ
စားလေးရှိ၏။

မယ်မင်းနဲ့ပပ စားသောက်ဆိုင်လေးထဲမှ ဝင်ထိုင်လိုက်က
က ဧည့်သည်တွေကြားထဲမှာ ဩဇာသျှင်ကို တွေ့လိုက်ရသည်။

သူလည်း မယ်မင်းကို လှမ်းမြင်သွားကာ လှုပ်လှုပ်ရှားရှား
သွားလေသည်။

သို့သော် တစ်ယောက်နဲ့ တစ်ယောက် မခေါ်သာဘဲရှိကာ
မင်းက ခပ်တည်တည်လေး လုပ်နေလိုက်၏။

ပွဲရှိန်မြင့်လာလောက်ပြီဆိုမှ မယ်မင်း ထရပ်လိုက်သည်။





မိတ်ကပ်ရောင် ကိုယ်ကျပ်ဝတ်စုံပေါ်မှာ ရှပ်လက်ရှည်ပါးပါးလွှ
လေး ထပ်ဖြေးထားသည့် မယ်မင်း ပုံစံလေးက နုလွင်နေသည်။

လည်ပင်းမှ ရင်ညွှန့်ထိ ရှည်သောပုလဲ ပုတီးတစ်ကုံးကိုဆွဲလျက်
မှာ ပုလဲနားကပ် ပန်ထားသည်။

ဒီနေ့အစီအစဉ်အရ တမင်ပြင်ဆင်လာခဲ့တာဖြစ်သည်။

"ပပ နင်တစ်ယောက်တည်း ပြန်လိုက်တော့နော်"

"ဟင်"

ပပ ဘာမှထပ်မမေးလာခင် မယ်မင်း ခြေလှမ်းတွေက စေ့ပိတ်
ားသည့် မှန်တံခါးဆီသို့ ဦးတည်လာလေသည်။

"မယ်မင်း"

ဩဇာသျှင် လှမ်းကြည့်လိုက်မှာ အားလုံးလှည့်ကြည့်ကြသည်။

"ကိုကို"

မယ်မင်း ဩဇာသျှင် ထိုင်နေသည့် ဘေးကိုလျှောက်သွားမှ အနီး
းမှာရှိနေသည့် လူက နေရာထဖယ်ပေးရင်း လက်ကမ်းနှုတ်ဆက်၏။

မယ်မင်း မျက်နှာနွမ်းနွမ်းလေးနှင့် ပြန်နှုတ်ဆက်ပြီး. . .

"ကိုကို. ... အမင်း အရမ်းမူးနေလို့ ပြန်ပို့ပေးပါ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဩဇာသျှင် မျက်နှာဖျက်သွားသည်။ ဧည့်သည်တွေက သူတို့နှ
ယောက်ကို တစ်လှည့်စီ ကြည့်နေကြသည်။

"ဒီမှာခဏထိုင်နေလိုက်ပါ အမင်းရယ်. . . ဒီမှာ ကိုယ်တို့. . .

"မနေနိုင်ဘူး ကိုကို. . . အမင်း အရမ်းမူးနေပြီ. . . ခုလိုက်
ပါ"

"မယ်မင်း"

"မစ္စမယ်မင်း နေမကောင်းဘူး ထင်ပါတယ်. . . လိုက်ပို့လိုက်
မစ္စတာဩ"

"ဟုတ်ပါတယ် ကျန်းမာရေးက အရေးကြီးပါတယ်"

စားပွဲမှာရှိနေကြသည့် လူငါးယောက်က ဗီဒီယိုကင်မရာကို ရှေ
တဲ့သူကရှေ့ စာရွက်စာတမ်းတွေ သိမ်းတဲ့သူကသိမ်း။

ဩဇာသျှင် မျက်နှာမည်းမှောင်သွားသည်။ မျက်နှာကို လ
ကိုင်ပဝါနှင့် ပွတ်သုတ်ပစ်လိုက်ပြီး. . .

"အားလုံးကို တောင်းပန်ပါတယ်"

"ရပါတယ် မစ္စတာဩ"

သူစကား ရှည်ရှည်ဝေးဝေး ပြောဆိုတောင်းပန်ဖို့ပင် အင်အာ
မဲ့သွားရသည်။



မယ်မင်းလက်ကိုဆွဲ၍ ကားပေါ်တက်ပြီတဲ့အထိ တောက်
လျှောက် ဘာစကားမှမဆိုဖြစ်ဘဲ မျိုသိပ်ခဲ့ရသည့် ဒေါသက အိမ်ကျမှ
အင်နှင့်အားနှင့် ထွက်ကျလာသည်။

"မင်း ကိုယ်နဲ့မလိုက်ခဲ့ဘဲ နောက်ကျမှ သက်သက်လိုက်လာပြီး
တမင် နှောင့်ယှက်တာ မဟုတ်လား မယ်မင်း ဟင်"

မယ်မင်းက ဆလင်းဘတ်အိတ်ကို အိပ်ယာပေါ် ပစ်တင်၍
ခေါင်းဖြီးနေလိုက်သည်။

"မယ်မင်း"

"ဘာလဲ"

"မင်း မင်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်လာပြီး ကိုယ့်ဖာသာ ပြန်လို့
ရရဲ့သားနဲ့ အာသဘောနဲ့ ခုလိုလုပ်လိုက်တာလဲ"

"ရှင့်ကို အပါခေါ် လာချင်လို့ပေါ့. . . ရှင့်ရဲ့အင်တာဗျူးဖွင့်ပွဲကို
ဖျက်တာလေ"

"ဘာ ဘာပြောတယ်"

ဩဇာသျှင် အသံဟိန်းထွက်သွားသည်။

"မင်း သတ္တိကောင်းလှချေလား. . . အဲ့ဒီလောက်ထိ ဝန်ခံရဲ
လောက်အောင် မင်းက ငါ့ကို လူမထင်ခဲ့တာပေါ့. . . ပြောစမ်း"

**သစ္စာမှန်စာပေ**

www.burmeseclassic.com

မယ်မင်းကို သူဘက်ဆွဲလှည့်၍ ဆောင့်ခါပစ်လိုက်သည်။

"ဟုတ်တယ်. . . ဝန်ခံတယ် ကျွန်မရှင့်ဆီက မရခဲ့တဲ့ အခွင့်အရေးကို ရှင်ဘယ်သူ့ကိုမှ ပေးခွင့်မရှိဘူး. . . ကျွန်မအပေါ် ဘာမှ မပြောင်းလဲခဲ့တဲ့ ရှင့်ကို ဘယ်တော့မှ ဘာအတွက်မှ ပြောင်းလဲခွင့်မပေးနိုင်ဘူး"

"ဘာလဲ. . . မင်းဘာတွေ ပြောနေတာလဲ. . . မင်းငါ့ဆီက ဘာအခွင့်အရေးလိုချင်သလဲပြော ဘာကိုပြောင်းလဲစေချင်တာလဲ **ပြောစမ်း** မယ်မင်း မင်းပြောလိုက်စမ်း"

တအားဆောင့်ခါနေသဖြင့် မယ်မင်း လက်မောင်းတွေ နာကျင်ကာ ခေါင်းတွေမူးနောက်လာ၏။

"ရှင် ကျွန်မကို **လွှတ်**နော်"

"မင်း အဲ့ဒီလို စိတ်**ကူး**တွေနဲ့ လာခေါ်တာမှန်းသိရင် ငါမင်းကို လူ့လယ်ခေါင်မှာ အခွင့်အရေးပေးပြီး ထလိုက်လာခဲ့မိမှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ရှင်**အခု ပါလာတာ**ပဲ မဟုတ်လား. . . ကျွန်မ ရှင့်ထက်တော်တယ်ဆိုတာကို **နားလည်လိုက်**"

"ဟုတ်တယ်. . . တော်တယ် မင်းရဲ့ကိုကိုလို့ ခေါ်လိုက်တဲ့အသံနောက်မှာ ငါယစ်မူးသွားခဲ့မိတာ. . . အဲ့ဒီခေါ်သံအောက်မှာ စက္ကန့်ပေါင်း





ေးစွာ ကျခဲ့သွားခဲ့တာ. . . မင်းမှာ မာယာမရှိဘူးလို့ထင်ပြီး ကိုးကွယ်ခဲ့တာ ငါ့အမှားပဲ"

မယ်မင်း အံကြိတ်လိုက်သည်။

"အဲဒီတော့ ရှင်ဘာဖြစ်ချင်သလဲ. . . ကျွန်မက လုပ်ချင်ရာ ုပ်တတ်ပေမယ့် ရှင်ဆိုင်ရဲတဲ့ သတ္တိလည်းရှိတယ်. . . ရှင်ဖြစ်ချင်တာကို ပြောလိုက်"

"မင်းဘာပြောတာလဲ. . . ဘာကို ရည်ရွယ်ပြောတာလဲ. . . ယ်မင်း"

လက်မောင်းနှစ်ဘက်သည် အဆမတန်နာကျင်လာလျက် မယ်င်းမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

အောက်နှုတ်ခမ်းလေးကို ဖိကိုက်၍ သူ့မျက်နှာကို မော့ကြည့်င်း. . .

"ရှင့်ကို သိပ်မုန်းတယ်"

ဩဇာသျှင် တက်ခေါက်ပစ်သည်။

"သိတယ်. . . မင်း ငါ့ကို အမုန်းတွေပဲ ပေးခဲ့တာ ငါသိတယ် ိတ်ချ ဒီနေ့ကစပြီး မင်းနဲ့တန်တာကိုပဲ ငါပေးမယ်. . . အဲ့ဒါမှတ်ထား"

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်တွန်းပစ်လိုက်သဖြင့် မယ်မင်း ကြမ်းပေါ်သို့ ပစ်ခတ်လဲ ကျသွားသည်။

"မင်း ထင်သလို ငါက ခပ်ညံ့ညံ့ ဂျာနယ်သမားတွေနဲ့ အချိန် ကုန်ခံပြီး တွေ့ဆုံပေးနေတာ မဟုတ်ဘူး. . . အပိုအလုပ် ငါဘယ်တော့မှ မလုပ်ဘူးဆိုတာ မင်း မှတ်ထား. . . အခု မင်းကြောင့် ငါ့စီးပွားရေး လူ ရေးအားလုံး ပျက်ပြားကုန်ပြီ. . . သွားပြီ မင်းဟာ အလကားမိန်းမပဲ"

တံခါးကို အသံမြည်အောင် တအားဆောင့်ပိတ်သွား၏။

အိမ်မှာ ဘွားမရှိပါ။

ပဲခူးကို ညအိပ်ခရီးထွက်သွားသည်။

နှစ်ယောက်တည်း ဆူညံပွတ်လောရိုက်နေသမျှ နီနီတစ် ယောက်ချောင်ထဲ ကုပ်နေလေသည်။

"တောက်"

တစ်ယောက်တည်း အရက်ပုလင်းတွေ ဆွဲထုတ်နေရင်း တတ် ခေါက်မိသည်။

"ရှင့်ကို သိပ်မုန်းတယ်" တဲ့

ကိုကိုလို့ လှည့်ဖြားခေါ်ငင်တဲ့ အသံနောက် သာယာခဲ့မိတာ သူဟာ ခပ်ပေါပေါကောင်လား. . .





ရင်ထဲမှာ တဆစ်ဆစ်နာနေသည်။

မယ်မင်း သူ့အပေါ် ဘာတွေမကျေနပ်နေတာလဲ ဘာလို့မုန်း တာလဲ. . .

သူဘာတွေ လုပ်ခဲ့တာကြောင့် မုန်းနေတာလဲ. . .

အရက်တွေ တစ်ခွက်ပြီး တစ်ခွက်မျိုချရင်း ရင်ထဲမှာ မီးလောင် နေသည်။

မယ်မင်း အခန်းရှေ့ကနေ ကျောပိုးအိတ်လေးနဲ့ ထွက်သွားတာ ကို မြင်လိုက်ပေမယ့် ဒီအတိုင်း ကြည့်နေလိုက်မိ၏။

ရင်ထဲမှာ ဗလောင်ဆူ ပွပြင်းနေတာ အရက်ကြောင့်လား. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ညဆယ့်နှစ်နာရီထိုးတဲ့အထိ မယ်မင်း ငိုနေတော့ ဘွားလေး မနေနိုင်တော့ပေ။

"ပြောတော့ဖြင့် တစ်ခါတည်းအပြတ်ပဲ အပြီးပဲ. . . မုန်းတယ် နာတယ်နဲ့ ခုတော့ ငိုလိုက်ရတာ ညည်းမျက်ရည်တွေနဲ့ ကျွပ်အိမ်မျော တော့မယ် ထင်တယ်"

ဘွားလေးက အနားမှာလာထိုင်ကာ. . .

"အဲ့ဒါအချစ်ပေါ့ အမင်းရယ်. . . ဘာဖြစ်လို့ မာနတွေ ထားနေ ရတာလဲ. . . ပြီးတော့ ခုဖြစ်တဲ့ကိစ္စတွေ ပပ လာကတည်းက ဘွားလေးကို အားလုံးပြောပြသွားတယ်. . . မောင်ဩဇာသျှင် မလွန်ဘူး. . . သူသည်းခံ တယ်ဆိုတာက ဘယ်သူလဲ ကိုယ့်ကိုကိုလည်း သိရက်သားနဲ့"

"သူ သူ အမင်းကို မချစ်ဘူး ဘွားလေးရဲ့. . . အမင်းကို သူ





မချစ်ဘဲနဲ့. . ."

"ညည်းကရော ချစ်လို့လား"

မယ်မင်း မဖြေနိုင်ပါ။ ဒါကို သူမ မစဉ်းစားချင်ဆုံးဖြစ်သည်။

ချစ်ခြင်းဆိုတာကို သူမထံမှ စတင်ပွင့်အံဖို့ ဘယ်တော့မှ စိတ်ကူးမည် မဟုတ်ပေ။

ဂုဏ်ရှိန်ကြီးမားလွန်းသည့် ဩဇာသျှင်ရဲ့အရိပ်ကို သူမ အရှုံးမ ပေးချင်။

ကိုယ့်ဆီက အချစ်ကို တောင်းခံဖို့တောင် သူက ဝန်လေးနေခဲ့ သေးတာပဲ။

"ဘွားလေး ဖုန်းဆက်လိုက်မယ်လေ. . . သူချက်ချင်းရောက် လာမှာပါ"

"ဟင့်အင်း မဆက်နဲ့ ဘွားလေး. . . အမင်း သူ့ဆီဘယ်တော့မှ မပြန်ဘူး"

"သူရောက်လာရင်ရော"

"ရောက်လာမှာ မဟုတ်ပါဘူး. . . သူ့မာနကို အမင်းသိတယ် သူ့လိုလူမှာ အမင်းထက် သာတာတွေ အများကြီး"

မယ်မင်း ဘာဖြစ်နေသည်ကို ဒေါ်ဆွေဇင် သဘောပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဩော်. . . အချစ်ဆိုမှ အချစ် စိတ်ကူးယဉ်ကြတဲ့အရွယ်ပေပဲ။

ညာ၏ရှည်လျားခြင်းကို ငရဲကျခံလိုက်ရသလို ဖြတ်ကျော်ခဲ့ပြီးသည့် မနက်များမှာလည်း မယ်မင်းရဲ့ပါးပေါ်မှာ မျက်ရည်မစဲ။

"ငါ သူ့ကိုတွေ့တယ်. . . မျက်နှာမကောင်းရှာပါဘူးဟာ. . . မီးပွိုင့်မှာ သူ့ကားရပ်ထားနေတုန်း ကူရှင်မှာ နောက်လှန်မှီပြီး ငေးနေတာပဲ နင့်ကို လာမခေါ်တာကတော့ သူက မှားတာလည်း မဟုတ်ဘူး. . .

. . . ပြီးတော့ သူ့အရှိန်အဝါနဲ့ညီ လုပ်ကြီးလုပ်နေရတာဆိုတော့ ခက်နေတာလည်း ဖြစ်မှာပေါ့. . . ပြန်သွားလိုက်ပါ အမင်းရယ်. . . နင့်မှာလည်း ဒီလောက် ခံစားနေရတဲ့ဟာ အချစ်ဆိုတာ ဝေးသွားမှ ခံစားမိလာတာမျိုးဟ. . . နင် သူ့ကိုချစ်နေတယ် မဟုတ်လား. . . လင်မယားဆိုတာ တစ်ယောက်ကို တစ်ယောက် မာနမထားရဘူး"

"ဟင့်အင်း. . . မပြောနဲ့ မချစ်ဘူး. . . ငါသူ့ကိုမချစ်ဘူး"

"နင်မနေရာတကာ ပွင့်လင်းပြီး ခုကျမှ ဘာဖြစ်လို့ ဟန်ဆောင်နေရတာလဲ. . . အဲ့ဒါကိုယ့်ကိုယ်ကို နှိပ်စက်တာပဲ"

"ငါသူ့ဆီ ဘယ်တော့မှမပြန်ဘူး. . . မနက်ဖြန် မန္တလေးတက်သွားမယ်. . . သံယောဇဉ်ဆိုတာရှိခဲ့လို့ လွမ်းဒီရင် တစ်လခေပါ့. . . မား





ကြီးတဲ့ ယောကျ်ားတစ်ယောက်ရှေ့မှာ "ဘယ်တော့မှ အညံ့မခံဘူး"

ပပ ဘွားလေးကို လှမ်းကြည့်သည်။ ဘွားလေးလည်း မျက်နှာမကောင်းပေ။

အပျက်အပျက်နှင့် မယ်မင်းက ရင်ကွဲနာကျသေသွားတာဆောင် အလျှော့ပေးမည့်ပုံ မပေါ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဘယ်နေရာကြည့်ကြည့် မယ်မင်းရဲ့ အရိပ်ကလေးတွေပဲ ...
သည်။

ဘွားကို စကားတွေ တကွတ်တွတ် ပြောနေတာ ဘွားရဲ့ ...
ဝစ္စလေးတွေ လုပ်ကိုင်ပေးရင်း ရယ်မောသွားလာနေတာ။

မျက်လုံးဘယ်ကိုပဲ ရွေ့ပစ်ပစ် မယ်မင်းကိုပဲ မြင်နေမိသ...

သူအပြင်က ပြန်လာတိုင်း ဘွားရဲ့အနားမှာ ရှိနေတတ်...
ကောင်မလေး။

ဘွားဆီက ဖုန်းလာသည်။

မယ်မင်းကို တန်းမေး၏။ သူသင့်တော်သလို ပြန်ဖြေခဲ့...





သဘက်ခါဆို ဘွားပြန်ရောက်တော့မည်။

ကျောင်းရေစက်၍ လှူပြီးသည်နှင့် ပြန်လာမှာဖြစ်သည်။

အဲဒီအခါ လေးငါးရက်လောက်ထိ မယ်မင်း ထွက်သွားတဲ့အဖြစ်ကို မပြောရကောင်းလားပႋ အဖြစ်တင်တော့မည်။

မယ်မင်း ဆင်းသွားသည့် မနက်က ဖုန်းဆက်တော့ ဘွားလေးဆီမှာ သူမ ရောက်နေမှန်း သိခဲ့ရသည်။

ဒါပေမယ့် သူပြန်လာမှု မပြောခဲ့ပါ။

ငါမမှားခဲ့ဘူးဆိုသော မာနက နှလုံးသားရဲ့ ရှုရှိုက်ခြင်းကို ခွင့်မပြု။

ဒါပေမယ့် သူအလူးအလဲ ခံစားနေရသည်။

အိပ်ယာပေါ် လှဲမှကာ မယ်မင်းရဲ့ ခေါင်းအုံးကို ဆွဲယူ၍ မြတ်နိုးစွာ နမ်းရှိုက်မိသည်။

"လွမ်းလိုက်တာ မယ်မင်းရယ် . . . ကိုယ်က ပြန်ချော့တဲ့အခါ မင်းကိုယ့်ကို အရက်စက်ဆုံး စကားတွေနဲ့ တုံ့ပြန်တော့မှာ"

သူ ဒါကိုပဲ အထပ်ထပ်တွေးဖြစ်နေသည်။

"ရှင့်ကို သိပ်မုန်းတယ်"

"ရှင်ဘာဖြစ်ချင်သလဲ ပြောလိုက်"

www.burmeseclassic.com

www.burmeseclassic.com



မယ်မင်းရဲ့အသံတွေ သူ့နားထဲမှာ လျှံနေသည်။

ကိုယ်ဖြစ်ချင်တာက မင်းကိုယ့်ကို ပြန်ချစ်လာစေချင်တာပါ။

ဒါပေမယ့် မေးဖို့မှမလိုတာ မယ်မင်းရယ်. . .

မင်းရဲ့အဖြေက မင်းရဲ့စကား မင်းရဲ့အမူအယာတွေထဲမှာ ရှိနေ

တာပဲ။

အိပ်ပျက်ညပေါင်းများစွာ အိပ်ယာထက်မှာ လူးလိမ့်ရင်း စီးဆ

ရက်ထသောက်လိုက် စာရင်းစားပွဲမှာ ထိုင်လိုက်။

ဘာလုပ်လို့မှလည်း ဖင်မမြဲဘဲရှိကာ လာသမျှဖုန်းတွေကိုလည်း

မကိုင်ဖြစ်တာကများလာသည်။

ရွှတ်ဖက် ရွှတ်နမ်းနဲ့ပဲ ညဆို ထွေးပွေ့အိပ်နေကျ မယ်မင်းရဲ့

ကိုယ်လုံးနွေးနွေးလေးနဲ့ ကိုယ်သင်းနံ့လေးကို သူတမ်းတမ်းတတ ဖြစ်နေ

မိ၏။

ချစ်တယ် မယ်မင်းရယ်. . .

ကိုယ့်အချစ်တွေ ကိုယ့်မျက်လုံးတွေမှာရှိတာ မင်းမသိဘူးလား

ဟင်. . .

မင်းလို ကိုယ်ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး။

အလိုမလိုက်ခဲ့ဖူးဘူး။



မင်းကိုယ့်ကို ဘာတွေမုန်းနေတာလဲ. . .

ဘာဖြစ်လို့ မချစ်နိုင်တာလဲ. . .

မေးခွန်းများစွာအတွက် တစ်စုံတစ်ရာ အဖြေမှုမရှိပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဟလို ဩဇာသျှင်ပါ"

"ဟိတ်ကောင်. . . အိပ်ပုတ်ကြီးလှချေလားကွ. . တစ်ညလုံး ငုတ်တုတ်ထိုင်ငိုနေပြီး နေထွက်မှ အိပ်ပျော်သွားတာလား"

"ငြိမ်းချမ်းလား"

"ဟုတ်တယ်လေ. . . မင်းဘိုးတော်စောင့်နေတာ. . ဩကြီး"

"ပြော"

"ပြန်ပေါင်းဖို့ စိတ်မကူးသေးဘူးလား"

ဩဇာသျှင် ငိုင်ကျသွားသည်။

"ဟိတ်ကောင်. . . ငါက နှလုံးအထူးကု မဟုတ်ဘူးနော်. . .





တော်ကြာ မင်းနှလုံးရောဂါဖြစ်ရင် ကိုယ့်သူငယ်ချင်းပေမယ့် ငါပြုစုနိုင်မှာ မဟုတ်ဘူး"

"ငြိမ်းချမ်း ကပ်ရိမနေနဲ့ကွာ. . . ငါမျက်နှာမသစ်ရသေးဘူး"

"အေးပါ. . . ငါက စောစောစီးစီး အာမိပ္ပာယ်မရှိ ဆက်ပါ့မလား မင်းမဒီလေး အကြောင်းပြောမလို့"

"မယ်မင်းလား. . . ဘာဖြစ်လို့လဲ"

"တစ်ခုပဲ မေးလေကွာ. . . မိန်းမကို ပစ်ထားတုန်းက ပစ်ထားပြီးတော့ ညက မယ်မင်း ဆေးခန်းလာပြတယ်ကွ"

"ဟင်"

"သူတော်တော်လေး အားနည်းနေတယ်. . . ပြီးတော့. . . ဟို ဟဲ. . ."

ငြိမ်းချမ်းအောင်က တော်တော်စကားမဆက်သဖြင့်. . .

"ဟိတ်ကောင်. . . သွားကြီးဖြဲနေသလား. . . ဖုန်းထဲမှိုလို့နော် ငါဆွဲထိုးမိတော့မယ်"

"ဟား ဟား ဟား. . . မင်း မယ်မင်းကို ပြန်ခေါ်ဖို့ စိတ်မကူး သေးဘူးလားဆိုတာ အရင်ပြော"

"ငါ စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားမနေနဲ့ အချင်းမျှားလွန်ပြီး ကိုယ့်ရဲ့အပိုဆုလေးပါဆုံးသွားဦးမယ်"

"ဘာ"

ငြိမ်းချမ်းအောင်က တဟားဟား ရယ်နေသည်။

"မယ်မင်းမှာ ကိုယ်ဝန်ရှိနေတယ်ကွ"

"ဟာ"

သူ့လက်တွေ ဖုန်းကိုတင်းခနဲ ဆုပ်ကိုင်လိုက်မိသည်။

"ဒါဆို ခရီးထွက်ဖို့ မကောင်းသေးပါဘူး မယ်မင်းရယ်လို့ သူ့ဘေးက ကောင်မလေးက ပြောတာကြားတယ်. . . ကိုယ်ဝန်ရှိတာကို သူ့ဖာသူတောင် ငါ့ဆေးခန်းမှာလာစစ်မှ သိတာဖြစ်မယ်. . . မယ်မင်းက တစ်နေရာရာထွက်ဖို့ ချိန်နေတယ် ထင်တယ်နော်. . . သူ့မှာ မင်းရင်သွေးလေးရှိတယ်. . . လုံးဝလွှတ်မပေးလိုက်နဲ့. . . ဒါပဲ ချပြီ"

သူ့ရင်တွေ တဖျတ်ဖျတ် လှုပ်ရှားလာသည်။

မယ်မင်းကိုတောင် သူ့ထာဝရ စွန့်လွှတ်ဖို့ ဘယ်တုန်းကမှ မတွေးခဲ့ရဲတာ ကိုယ့်ရင်သွေးလေးကိုပါ ထပ်ဆုံးရှုံးခံဖို့ကို ဘယ်လိုသတ္တိနဲ့မှ မွေးယူရမှာလဲ။

လက်တွေ့က နံပါတ်တစ်ခုကို ချက်ချင်းနှိပ်ခေါ်လိုက်မိသည်။





"ဟလို. . . ဘွားလေးလား. . . ကျွန်တော် ဩဇာသျှင်ပါ"

"သား မင်းနေနိုင်လိုက်တာကွယ်. . . ယောက်ျားနဲ့မိန်းမ မာနပြိုင်မနေသင့်ပါဘူး"

"မာနပြိုင်တာ မဟုတ်ပါဘူး ဘွားလေးရယ်. . . မယ်မင်း ကျွန်တော့်ကို ခါးခါးသီးသီး ငြင်းလွှတ်မှာသိလို့ လာမခေါ်ခဲ့တာပါ. . . အခု မယ်မင်းရှိလား ဟင်"

"မရှိတော့ဘူး"

"ဗျာ"

"သူ လေဆိပ်ကို ဆင်းသွားပြီ. . . ဘွားလေးတောင် မသိဘူး သူ့ကို အားမှာစိုးလို့နေမှာပေါ့. . . မန္တလေးကို ပြန်ပြီလို့ စာတစ်စောင်ပဲ ရေးထားခဲ့တယ်. . . ခုပဲ စာဖတ်ပြီး ဘွားလေး မန္တလေးကို ဖုန်းလှမ်းဆက်ဖို့ စဉ်းစားတုန်း"

"ဘွားလေး. . . မယ်မင်းမှာ ကိုယ်ဝန်ရှိနေတာ ဘွားလေးသိလား"

"ဘုရားရေ"

ထင်လိုက်တဲ့အတိုင်းပင်။

မယ်မင်း ဒါကိုပြောလျှင် ဘွားလေး အတင်းပြန်ခိုင်းမှာစိုး၍

www.burmeseclassic.com

www.burmeseclassic.com



ညက ပြန်မပြောခဲ့တာဖြစ်ပေမည်။

ဒါတွေအားလုံး ပပဆိုတဲ့ ကောင်မလေးပဲ သိနိုင်မှာဖြစ်၏။

ဩဇာသျှင် နှုတ်ဆက်ဖို့ပင် သတိမရတော့ဘဲ ဖုန်းချကာ အခန်းထဲ မြေးဝပ်ခဲ့သည်။

အဝတ်အစားလဲ ကားသော့ဖြုတ်၍ နာရီငုံ့ကြည့်ရင်း မောင်းထွက်လာခဲ့သည်။

မင်း လုပ်ရက်တယ် မယ်မင်းရယ် . . .

# အခန်း (၃၂)

"နင်ကလည်း လူတွေကြည့်ကုန်ပြီဟ . . . မျက်ရည်တွေ သတ်ဦး"

"ဟင့်အင်း . . . ငါငိုချင်တာပဲ သိတယ်"

"ကိုယ့်ဟာကို ဆုံးဖြတ်ခဲ့တာပဲ . . . ကြံဖန်ဖြေပေါ့ . . . ကိုယ့်မှာလည်း အားနည်းနေရတဲ့အထဲ ဟိုရောက်ရင်လည်း ကိုယ်ဝန်နဲ့ ထွက်လာရမလားဆိုပြီး နင့်မိဘတွေက ဆူဦးမှာပဲ . . .

. . . တကယ် ခေါင်းမာတယ် မယ်မင်းရယ်"

ပပလည်း ကရုဏာဒေါသတွေ ဆူပွလာ၍ ချော့မော့နေရင်းဆူမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မချစ်တာလည်း မဟုတ်ဘဲနဲ့"

"သူတောင်နေနိုင်သေးတာ ငါက ဘာလို့မနေနိုင်ရမှာလဲ အဟင့်"

"ဟင်း ပါးစပ်က နေနိုင်နေ လူက ယဲ့ယဲ့ပဲရှိတော့တယ်"

ထိုစဉ် လေယာဉ်ထွက်ခွာဖို့ ကြေညာသံ ထွက်ပေါ်လာသည်။

"ဟိုမှာလူတွေ ထကုန်ကြပြီ ကားပေါ်သွားရအောင် ကဲ..ထ"

မယ်မင်း ခြေသလုံးတစ်ဝက်ခန့် အနက်ရောင်စကတ်အကျပ်လေးနှင့် အနက်ကွက်ပါသော ရှပ်လက်ရှည်ပွပွကို ဖြစ်သလို လက်ခေါက်တင်၍ ဝတ်ထားသည်။

ငိုထားသည့် မျက်နှာက နီရဲမို့အစ်နေ၏။

ပပလက်ကို ဖေးကိုင်၍ ကားဆီလျှောက်လာခဲ့ရသည့် ခြေလှမ်းတိုင်းက ခဲဆွဲထားသလို လေးလံလွန်းလှသည်။

ရှင့်"မာနကြီးစမ်းပါ ဦးဩဇာသျှင်။

ရှင်က နေနိုင်တဲ့သူပဲ။

ဝေးသွားမှ သူ့ရဲ့အလိုလိုက်ထတ်တဲ့ အချို့နေရာလေးတွေကို ပြန်သတိရ တမ်းတမိကာ ချစ်တဲ့စိတ်က နှိပ်စက်ခဲ့လေသည်။

ခုကျတော့ သူရောက်မလာခဲ့ပါလား၊ . . .



ဒါတွေဟာ တကယ်တော့ ကျွန်မကျဆုံးဖို့ ရှင်ဖြားယောင်းခဲ့တာတွေပါ။

နှလုံးသားက တဆစ်ဆစ် နာကျင်ခြင်းဆိုတာကို ကိုယ်တိုင်ခံစားဖူးမှ သိကြမှာပါ။

ဘယ်လိုဝေဒနာဆိုးကြီးလဲ. . .

"မယ်မင်း တက်လေ"

ကားရဲ့ခြေနင်းခုံကို ငုံ့စိုက်ကြည့်ဆဲ မျက်ရည်တစ်စက်က လွင့်ခနဲခုန်ဆင်းသွားသည်။

"မယ်မင်း မယ်မင်း နေဦး"

"ဟင်"

မယ်မင်း ကိုယ်လေး တွန့်ခနဲ ဖြစ်သွားသည်။

ဒုတိယ ဆတ်ခနဲ လှည့်ကြည့်မိလိုက်သည်။

"ဟင်"

"ဟယ် မယ်မင်း. . . ဟိုမှာ ဩဇာသျှင်လိုက်လာတယ်. . . သွား သွားလိုက်ပါဟယ်. . .

. . . မာနကြီးမနေပါနဲ့တော့ မယ်မင်းရယ် သွားပါ"

မယ်မင်း နှုတ်ခမ်းလေးတွေ တဆတ်ဆတ် လှုပ်ခုန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဩဇာသျှင်က ဆံပင်တွေ နောက်မှာလွင့်တက် ကော့ပျံနေသည် အထိ ပြေးလိုက်လာတာမြင်လျှင်. . .

"ကိုကို"

"မယ်မင်း"

မယ်မင်း ဟန်ဆောင်ဖို့ကို သတိရပါ့မလား. . .

ဝမ်းသာမျက်ရည်တို့ဟာ သူ့ရင်ခွင်ထဲမှာ ဒလဟော ဆင်းကျ လာကြသည်။

ဒီရင်ခွင်ကို သူမ တာဝရခွဲသွားဖို့ ဘယ်လိုအားထုတ်ရမလဲ။

နှစ်ယောက်စလုံးမှာ ပတ်ဝန်းကျင် ပျောက်ကွယ်သွားကြသည်။

"မယ်မင်း"

"ကိုကို"

ဩဇာသျှင် မယ်မင်းရဲ့ မျက်နှာလေးကို စိုက်ကြည့်ရင်း ရင်ခွင် ထဲမှာ ထွေးပွေ့ထားလိုက်သည်။

"ကြံစည်ရက်တယ် မယ်မင်းရယ်. . . မင်းကိုယ့်ရဲ့အလွမ်းတွေ အချစ်တွေ ကိုယ့်ဆက်ဇာ လိုက်လျောမှုတွေ အားလုံးကို ဘာဖြစ်လို့ အသိ အမှတ်မပြုခဲ့တာလဲ"

"မဟုတ်ဘူး ကိုကို. . . အမင်း အမင်းလည်း"



"ကိုယ့်ကို လွမ်းတယ်ပေါ့"

"လွမ်းတာပေါ့ ကိုကိုရယ်"

မယ်မင်း ငိုပြန်သည်။ ပပက အနားမှာ ခဏလေး လာရပ်ကြည့် ၍ လှည့်ထွက်သွားသည်။

ကားပေါ်ရောက်လာတော့ ဩဇာသျှင် ကားမောင်းဖို့ကို သတိမ ရသေး။

"မယ်မင်း ကိုယ့်ကို လွမ်းတယ်ဆိုတာ ဘာဖြစ်လို့လဲသိလား ဟင်"

"အင်း"

မယ်မင်းက သူ့လက်မောင်းကိုဖက်၍ ပါးကလေးနဲ့ ကပ်ထား သည်။

သူ မယ်မင်းရဲ့ခါးလေးမှ သိုင်းဖက်ထားလိုက်ပြီး. . .

"ကိုယ့်ကိုချစ်တယ်နော်"

"ချစ်လို့မုန်းတာပေါ့ ကိုကိုရယ်. . . ကိုကို့ရဲ့အချစ်ကို အမင်း လိုချင်မိတဲ့ လောဘဟာ ကိုကို့ကို သိပ်ချစ်လို့ပေါ့"

"ဘာ မယ်မင်း. . . ကိုယ့်ရဲ့အချစ်ကို လိုချင်ခဲ့တယ် ဟုတ်လား"

"အင်း ကိုကို့မာနတွေကို မင်းမုန်းတာ"

သန္တာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် ကိုယ့်မာနမရှိပါဘူး မယ်မင်းရယ်. . . ကိုယ်က လည်း မင်းခေါ်င်းခါလိုက်မှာကို မခံစားရဲတာပါ. . .

. . . နောက်ဆို ကိုယ်တို့ ပွင့်လင်းမှုဖြစ်မယ်. . . မိန်းမကိုရော ကဇလေးကိုရော ကိုယ်လုံးဝဆုံးရှုံးမခံ နိုင်ဘူး. . .

. . . မင်းနဲ့ကိုယ် ဘယ်လိုမှကို ဝေးမနေရဲတော့ဘူး တကယ်"

"ဟင် အမင်းမှာ ကိုယ်ဝန်ရှိနေတာ ကိုကိုသိတယ်"

"သိတာပေါ့. . . ကိုယ့်နှလုံးသားထဲမှာ ပုဏ္ဏားလေးရှိတယ်. . . သူကလေ မင်းမိန်းမဗိုက်ထဲမှာ မအေလိုပဲ ခပ်စွာစွာ ဖြူဖြူလှလှ မျက် တောင်ကော့ကော့လေးနဲ့ သိပ်ချစ်စရာကောင်းတဲ့ သမီးလေးရှိတယ်တဲ့. . . ချက်ချင်းလိုက်ခေါ်တဲ့သိလား"

"ဟင် ဒါဆို ကိုကိုက ဇာလေးကြောင့် လိုက်ခေါ်တာပေါ့"

"ဟုတ်ပေမယ့်. . . ဒါက အဓိက မဟုတ်ပါဘူး. . . ကိုယ့်အနား မှာ မင်းရှိနေရင် သားလေးပဲဖြစ်ဖြစ် သမီးလေးပဲဖြစ်ဖြစ် တစ်ချိန်ချိန် တော့ ရှိလာမှာပဲ. . . မိန်းမယူထားတာ ကလေးလိုချင်လို့မှ မဟုတ်ဘဲကွ မိန်းမကိုချစ်လို့ ယူတာပဲ. . .

. . . ဒါပေမယ့် ကိုယ့်ရဲ့ရင်သွေးကို ကိုယ်ချစ်တဲ့ မိန်းမက မွေးဖွားပေးမှာကို မက်မောတာပေါ့. . . ကဲ ဇေ့ျနပ်လား"



"ဟင့်အင်း အမင်းကိုပဲ ချစ်တာလို့ပြော"

မယ်မင်းက နှုတ်ခမ်းလေးစူတော့ နဖူးပြေပြေလေးကို တင်းချက် နမ်းကာ. . .

"ဒီမှာ အသည်းယားအောင် သိပ်မချွဲနဲ့ကွာ. . . အိမ်ရောက် အဲ့ဒီလို မချွဲရင် ထိပ်ကိုနာနာထုမစ်မယ်"

ကားလေးက ညင်သာစွာ စတင်ရွေ့လျားသည်။

မယ်မင်း ဩဇာသျှင် လက်မောင်းကို မြတ်နိုးစွာ ဖ ဆဲ. . .

မှန်ထဲမှာ တစ်ယောက်ကို တစ်ယောက် မကြာ မကြာ ကြည့် ကြရင်း အကြည့်ချင်းဆုံတော့ ရင်ထဲမှာ ရှိန်းမြသွားသေးသိလား

အချစ်နဲ့အစပျိုးခဲ့ပြီလား. . .

ပြီးပါပြီ
သျှင်မ

www.burmeseclassic.com